www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၃၂/၂၀၀၃ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၃၄/၂၀၀၃ (၁)

●

ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဧပြီလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၀၀ ကျပ်

●

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဦးသန်းဇင်(ကျော့ပုံနှိပ်တိုက်)
၂၃၇၊ ခေမာသီလလမ်း။
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြဲ-၀၆၃၆၂)၊ မိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**တက္ကသိုလ်နေလင်းအောင်**

---

# သွေးသောက်ဓားရှာပုံတော်

[ပထမပိုင်း]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## ဂါကလဲ့စား

ကျင့်ကျိုးမြို့....

ကျင့်ကျိုးမြို့သည် ကြီးကျယ်ခမ်းနားသောမြို့ကြီးတစ်မြို့ ဖြစ်၏။

စွတ်ဖူဘုံကျောင်းနှင့် ရှေးဟောင်းအနုပညာအဆောက်အအုံများရှိနေခြင်းကြောင့် ကမ္ဘာလှည့်ခရီးသည်များပင် လာရောက်လည်ပတ်ကြ၏။

ထို့အပြင်....

ကျင့်ကျိုးမြို့ကိုအုပ်ချုပ်နေသော မြို့စားကြီးကျင်းယိုဓိုးသည် သိုင်းလောက၏ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်ပေသည်။

မြို့စားကြီးကျင်းယိုဓိုးသည် စိတ်သဘောထားပြည့်ဝပြီးမြို့သူမြို့သားများအပေါ် ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်သူဖြစ်သည်။

ထို့ကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



ကျွင့်ကျိုးမြို့သူမြို့သားများသည် မြို့စားကြီးကျွင်းယို့စီးအား ချစ်ခင်လေးစားကြပါသည်။

သို့သော်...

နှင်းမြူများ သိပ်သည်းစွာကျလျက်ရှိသော ညတစ်ညတွင် ကျွင်းစံအိမ်၏အရှင်သခင်ဖြစ်သော မြို့စားကြီးကျွင်းယို့စီးထံသို့ မမျှော်လင့်သော ကံကြမ္မာဆိုးတစ်ခု ကျရောက်လာသည်။

ထိုကြမ္မာဆိုးကား တခြားမဟုတ်ပါ။

ယခုနှစ်များအတွင်း မြို့စားကြီးကျွင်းယို့စီးသည် နယ်ချဲ့မန်ချူးများနှင့် ဆက်သွယ်နေသည်ဟူသော ကောလာဟလသည် မည်သို့မြို့တော်ဝန်တွင် ရှောင်မာချီ၏နားသို့ ပေါက်ကြားခဲ့သည် မသိပေ။ ထို့ကြောင့် မြို့စားကြီး ကျွင်းယို့စီးမှာ မြို့တော်ဝန် ရှောင်မာချီ၏ ဖမ်းဆီးခြင်းကို ခံလိုက်ရတော့သည်။

❀ ❀ ❀

လဆန်းဆယ့်သုံးရက်...

လသည် သန်းခေါင်ကျော်အချိန်မှ ထွက်ပေါ်လာသည်။

သို့သော်...

မြူနှင်းများ သိပ်သည်းစွာ ကျဆင်းနေသောကြောင့် လဝန်း၏အလင်းရောင်သည် ကမ္ဘာမြေပြင်သို့ ထိုးဖောက်ဖြာကျနိုင်စွမ်း မရှိပါ။



မြူနှင်းများကြားမှ လဝန်းအား တွေ့မြင်နေရသည်မှာ လှို့ဝှက်ဆန်းကြယ်သော ညတစ်ညနှင့် တူလှပေသည်။

ကြယ်ကလေးများ၏ မှေးမှိန်သော အလင်းရောင်သည် အမှောင်ထုကို အံတုနေလေ၏။

သို့သော်...

ဝန်းကျင်တစ်ခုလုံးသည် လမိုက်ညနှင့် မခြားအမှောင်ထုက ကြီးစိုးမင်းမူနေလေသည်။

အေးစိမ့်သောလေများ တဟူးဟူးတိုက်ခတ်နေသည်။

သစ်ရွက်များ၏ တဖျပ်ဖျပ်လှုပ်ရှားသံများ ကြားမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံများသည် အသည်းငယ်သူများအတွက် ထိတ်လန့်တုန်လှုပ်စရာ ဖြစ်စေတော့သည်။

လေတိုးသံ၊ သစ်ရွက်လှုပ်သံ၊ ခွေးအူသံများကြားမှ အုန်းမောင်းခေါက်သံနှစ်ချက်သည် လွင့်ပျံ့လာလေတော့သည်။

"တုန်... တုန်..."

ကျွင့်ကျိုး အကျဉ်းထောင်...

ယင်းအကျဉ်းထောင်သည် လေးဘက်လေးတန်ကို မြင့်မားသော မီးခိုးရောင်အုတ်နံရံဖြင့် ကာရံထားသည်။

မြင့်မား၍ အုပ်ကြုပ်မိုးထားသော မျှော်စင်တစ်ခုသည် ကာရံထားသော အုတ်နံရံထက် ပို၍ မြင့်သည်။

ထို့ကြောင့်...

ထိုမျှော်စင်သည် အရပ်လေးမျက်နှာကို ကြည့်ရှုစစ်ဆေးရန်

www.burmeseclassic.com

www.burmeseclassic.com



အထူးကောင်းမွန်သော နေရာတစ်ခုပင် ဖြစ်သည်။ အကျဉ်းထောင်၏ စနစ်ကျမှုမှာ နည်းယူသင့်လှသည်။ မျှော်စင်သည် အကျဉ်းသားများ လှုပ်ရှားမှုကို စောင့်ကြည့်သောနေရာ ဖြစ်သည်။ အလွန်ခိုင်ခံ့သော အကျဉ်းထောင်တစ်ခု ဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဖွယ်ရာ မရှိပါ။

အုတ်နံရံအတွင်းဘက်၌ အုတ်ကြွပ်မိုးထားသော အချုပ်ခန်း ပေါင်း မြောက်မြားစွာရှိလေသည်။

သို့သော်...

ထိုအချုပ်ခန်းများသည် သိုးပုပ်နေသော အမှိုက်ပုံတစ်ခုနှယ် ဆိုးရွားသော အနံ့အသက်များဖြင့် စုပ်လှောင်နေသည်။

ရုပ်ဖန်ရုံခါကြီးမားသော မြေကြွက်ကြီးများသည် လူကိုမကြောက် ရုံမျှမက လူရှေ့သူရှေ့၌ပင် ပို့မှသည်မှ ပြေးလွှားနေကြသည်။

အချုပ်ခန်းတစ်ခု၏ ထောင့်တစ်ထောင့်တွင် စိုစွတ်သော ကောက်ရိုးများ ဖြန့်ခင်းထား၏။

ကောက်ရိုးပေါ်တွင် လူတစ်ယောက် လဲလျောင်းနေသည်။

သို့သော်...

ကျကျနန လဲလျောင်းနေခြင်း မဟုတ်ပါ။

သူသည် ကျကျနနလဲလျောင်းလိုသော ဆန္ဒရှိသော်လည်း လဲလျောင်း၍ မရပါ။ အဘယ်ကြောင့်ဆိုသော် ဆယ်ပိဿာခန့်လေး သော မျဉ်ပြားတစ်ချပ်ဖြင့် သူ၏ ဦးခေါင်းနှင့် လက်နှစ်ဖက်ကို ထိပ်တုံး ခတ်ထားခြင်းကြောင့်ပေတည်း။

သူ၏အသက်မှာ လေးဆယ်ခန့်ရှိပြီး ရုပ်ရည်သန့်ပြန့်သည်။



သူ၏ခန္ဓာကိုယ်ပေါ်၌ အကျဉ်းသားများဝတ်လေ့ရှိသော အဖြူရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားသည်။ အဖြူရောင်ဆိုသော်လည်း ဖြူစင်သန့်ရှင်းသော အဖြူရောင်မဟုတ်ပါ။ ခပ်ညစ်ညစ်အဖြူ ရောင်ဖြစ်ပါသည်။

ထိုသူကား အဘယ်သူနည်း။ သူကား အခြားသူမဟုတ်ပါ။

သူသည် မကြာခင်အတောအတွင်းတွင် သေမိန့်ချထားခံရ သော ကျင့်ကျိုးမြို့စားကြီး ကျင်းယို့စီးပင် ဖြစ်ပါသတည်း။

သူ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းခြင်း၊ နာကျင်ခြင်း၊ ဝေခွဲမရခြင်း စသော ဟန်မူရာများ ပေါ်လွင်နေသည်။

"ငါ... ငါဟာ ဘယ်သူ့ကိုမှလဲ မကောင်းမကြံစည်ခဲ့ဘူး... ဘယ်မတရားမှုမှလဲ မလုပ်ခဲ့ဘူး... မကောင်းတဲ့ကံကြမ္မာဟာ ဘယ်လို လုပ်ပြီး ငါ့ဆီရောက်လာပါလိမ့်..."

သူသည် တစ်ကိုယ်တည်း ရေရွတ်နေမိလေ၏။

ထိုအချိန်မှာပင်...

အကျဉ်းတံခါးဖွင့်သံနှင့်အတူ ခြေသံများကိုကြားလိုက်ရသည်။

ကျင်းယို့စီးသည် ယခုကဲ့သို့အချိန်မျိုးတွင် မည်သူ့ကိုမှ မတွေ့ လိုပါ။

ထို့ကြောင့်...

ငြိမ်သက်စွာ လဲလျောင်းနေလျက် မျက်လုံးကိုစုံမှိတ်ထား လိုက်လေတော့သည်။

ခြေသံသည် ကျင်းယို့စီး၏ရှေ့တွင် ရပ်တန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပင်...

လူတစ်ယောက်၏အေးတိအေးစက်အသံထွက်ပေါ်လာသည်။

"ကျင်းယို့စီး... ကျုပ်တို့နှစ်ယောက် ပြန်ဆုံကြပြီနော်... "

ယင်းအသံကိုကြားလိုက်သည်နှင့် တစ်ပြိုင်နက် ကျင်းယို့စီး ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွားသည်။

သူသည် မျက်လုံးကို ဆတ်ခနဲဖွင့်ကြည့်လိုက်သည်။

ထိုအခါ...

အသက်လေးဆယ်ခန့်ရှိသော လူတစ်ယောက်သည် သူ့အား ငုံ့ကြည့်လျက် ခါးထောက်ရပ်နေသည်ကို တွေ့မြင်လိုက်ရလေတော့ သည်။

ကျင်းယို့စီးသည် ထိုလူအား ပြူးကျယ်သော မျက်လုံးအစုံဖြင့် ကြည့်ကာ...

"မင်း... မင်း... "

ထိုလူက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"ဪ... ခင်ဗျားက ကျုပ်ကို မှတ်မိသေးတာကိုး... "

ကျင်းယို့စီးက သူ့အား ပြူးကျယ်သောမျက်လုံးအစုံဖြင့် စိုက် ကြည့်လျက်...

"ယွန်ဖေးဟုန်... မင်း ဒီကိုဘယ်လိုရောက်လာတာလဲ... "

ယွန်ဖေးဟုန်ဆိုသော လူက ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား... ကံတရားက ကျုပ်အတွက် လ[illegible] ပေးခဲ့လို့ ဒီနေ့ ဒီနေရာကို ရောက်လာတာပေါ့... အခုဆိုရင် ကျင့်[illegible]



မြို့က အကျဉ်းထောင်တွင်မကဘူး... နေရာအတော်များများက အကျဉ်း ထောင်တွေကို ယွန်ဖေးဟုန်ဆိုတဲ့ ကျုပ်က အတားအဆီးမရှိ သွားလာ နိုင်တဲ့လူဖြစ်နေပြီ... အထူးအခွင့်အရေးရတဲ့လူပေါ့ဗျာ... ကျုပ်မျက်နှာ ကို သေသေချာချာကြည့်ဖို့ကောင်းနေပြီ... "

ကျင်းယို့စီးက ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။

ယွန်ဖေးဟုန်က မဲ့ပြုံးပြုံးလိုက်သည်။

"ဘယ်လိုလဲ... တစ်ချိန်က ခင်ဗျားရဲ့ထောင်ချောက်ထဲမှာ ရှေ့ မလှန်းနိမ့်ပြီး သိုင်းလောကထဲက အသက်လုပြေးလွှားခဲ့ရတဲ့လူတစ် ယောက်ဟာ... အခုလို ခင်ဗျားကို ယမမင်းဆီကို ပို့ဆောင်ပေးမယ့် တမာန်တော်တစ်ယောက်ဖြစ်လိမ့်မယ်လို့ မထင်ခဲ့ဘူးမဟုတ်လား.. "

ကျင်းယို့စီး၏မျက်နှာတွင် ကြေကွဲဝမ်းနည်းမှုများ ပေါ်လွင် လာသည်။

"သူငယ်ချင်း... ကျုပ် တကယ်မှားခဲ့... "

သူ၏စကားမဆုံးမီ ယွန်ဖေးဟုန်က အော်ငေါက်လိုက်သည်။

"တိတ်စမ်း... ခင်ဗျားမှာ ကျုပ်ကိုသူငယ်ချင်းလို့ခေါ်နိုင်တဲ့ အခွင့်အရေးမရှိဘူး... ခင်ဗျားရဲ့ယုတ်မာမှုကြောင့် ကျုပ်ရဲ့ဘဝတစ် လျှောက်လုံး ဘယ်လောက်ဂုဏ်သိက္ခာကျခဲ့ရသလဲဆိုတာ ခင်ဗျား သိ ရဲ့လား... သူညဖြစ်ခဲ့တဲ့လူတစ်ယောက်ဟာ ဘယ်လောက်အဖြစ်ဆိုး သလဲ ဆိုတာ ခင်ဗျား မခံစားမိပါဘူး... "

ကျင်းယို့စီးက ခေါင်းငုံ့သွားသည်။

"ဟုတ်ပါတယ်... ကျုပ် တကယ်မှားခဲ့ပါတယ်... ကျုပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့အောင့်မေကို ပိုင်ဆိုင်လိုစိတ်ပြင်းပြခဲ့လို့ ခင်ဗျားကို မကောင်းကြံခဲ့မိတာပါ... ”

ယွန်ဖေးဟုန်၏ မျက်နှာတစ်ခုလုံး ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် အေးစက်တင်းမာနေသည်။

“ခင်ဗျား နောင်တရတာ နောက်ကျသွားပြီ... ဆရာနဲ့ ယွဲ့အောင့်မေက ခင်ဗျားရဲ့စကားကို တမလွန်ကကြားနိုင်မှာ မဟုတ်တော့ဘူး... တကယ်တော့ သူတို့ကြားချင်မှာလည်း မဟုတ်ဘူး... ”

ကျင်းယို့စီး၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းမှုများ ပေါ်လွင်နေသည်။ ယွန်ဖေးဟုန်၏မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်မှုများ မုန်းတီးမှုများ ပေါ်ထွက်နေလေ၏။

“တစ်ခုတော့ရှိတယ်... ခင်ဗျားရဲ့စကားတွေကို ဆရာနဲ့ယွဲ့အောင့်မေ ကြားဖို့အတွက်... ကျုပ် အခြေအနေကောင်းတစ်ခု ဖန်တီးပေးလိုက်မယ်... ခင်ဗျား တမလွန်ရောက်မှပဲ ခင်ဗျားရဲ့ယုတ်မာမှုတွေကို သူတို့နဲ့တွေ့ပြီး ရှင်းပြလိုက်ပါ... ”

ကျင်းယို့စီး၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

“သြော်... ခင်ဗျားက ကျုပ်ကို ဒီလိုအခြေအနေရောက်အောင် ဖန်တီးချောက်တွန်းခဲ့တာကို... ”

ယွန်ဖေးဟုန်က ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်... တစ်ချိန်က ခင်ဗျားဟာ ကျုပ်ကို မတရားစွပ်စွဲချောက်တွန်းခဲ့တယ်... ဒီနေ့ ကျုပ်က ခင်ဗျားကို မတရားစွပ်စွဲချောက်တွန်းတယ်... ဒါဟာ တရားမျှတတဲ့ တုံ့ပြန်မှုပဲမဟုတ်လား...



ဟား... ဟား... ဟား... ”

ကျင်းယို့စီးက သက်ပြင်းချလိုက်သည်။

“ကောင်းပါပြီ... မင်း ကျုပ်ကိုကြိုက်သလို စီရင်ပါ... ဒါပေမယ့်... ”

သူ၏စကားကို တစ်ပိုင်းတစ်စရပ်တန့်လိုက်သည်။

ယွန်ဖေးဟုန်က သူ့အား စိုက်ကြည့်လိုက်ပြီး...

“ဘာလဲ... ဒါပေမယ့် ခင်ဗျားရဲ့သမီးလေးကို ချမ်းသာပေးဖို့ ပြောမလို့လား... ”

ကျင်းယို့စီးက ခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်ပါတယ်... သမီးလေးဟာ အပြစ်မဲ့တဲ့ကလေးတစ်ယောက်ပါ... ”

ယွန်ဖေးဟုန်က လှိုက်လှိုက်စွာ ပြုံးလိုက်သည်။

“သူဟာ အပြစ်မဲ့တာမှန်တယ်... ဒါပေမယ့် သူ့ကို ခင်ဗျား ဘိတ်တဆိတ်ထည့်ပေးလိုက်တဲ့ ဆရာရဲ့သွေးသောက်စားဖါသွားတယ်လေ... အဆိုးဆုံးက သူဟာ မင်းရဲ့သမီးဖြစ်နေတာပဲ... ဒါကြောင့် ကျုပ်လက်ထဲက မလွတ်စေရဘူး... ”

ကျင်းယို့စီး၏မျက်နှာတစ်ခုလုံး နီရဲသွားသည်။

“မင်း... မင်း လူယုတ်မာ... ”

သူသည် ယွန်ဖေးဟုန်အား တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။ သို့သော်...

ဆယ်ပီသာခန့်လေးသော ဖျဉ်ပြားတစ်ချပ်ဖြင့် သူ၏ဦးခေါင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် လက်နှစ်ဖက်ကို ထိပ်တုံးခတ်ထား၍ လှုပ်ရှား၍မရပါ။ သူ၏အားထုတ်မှုမှာ အချည်းအနှီးဖြစ်သွားပါသည်။

ယွန်ဖေးဟုန်က မျက်ခုံးပင့်ကာ ကြည့်လိုက်၏။ သူ့အပြောအဆိုများလည်း တဖြည်းဖြည်းပြောင်းလာသည်။

"မင်း ဘာကြောင့်ဒေါသကြီးနေတာလဲ... ဒီနည်းဟာ မင်းတို့သားအဖနှစ်ယောက်ပြန်လည်ဆုံဆည်းဖို့အတွက် ကျုပ်က ကူညီခဲ့တာပဲ မဟုတ်လား... မင်းက ဘာဖြစ်လို့ဒီနည်းကို မကြိုက်ရတာလဲ... ဟား... ဟား... ဟား..."

ထို့နောက်...

သူသည် တဟားဟားရယ်မောလျက် အကျဉ်းခန်းထဲမှ လှ... ထွက်သွားလေတော့သည်။

ကျင်းယို့စီးသည် သူ၏နောက်ကျောအား စိုက်ကြည့်လျ... ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ခါကာ မျက်ရည်များတသွင်သွ... ကျဆင်းလာလေ၏။

"သမီး... သမီးလေး... မိုးနတ်မင်းရဲ့စောင့်ရှောက်မှုကြော... သမီးလေးကို သူတို့ရှာမတွေ့ပါစေနဲ့..."

သူသည် အကြိမ်ကြိမ်ဆုတောင်းနေမိလေတော့သည်။

❀ ❀ ❀

နောက်တစ်နေ့နံနက်...

ကျင့်ကျိုးမြို့စား ကျင်းစံအိမ်သခင်ကြီး ကျင်းယို့စီးသည် ...



ချုပ်များနှင့် တိတ်တဆိတ်ဆက်သွယ်သည့်ပြစ်မှုကြောင့် လူသတ်ကုန်းသို့ခေါ်ဆောင်သွားကာ သေဒဏ်ချမှတ်လိုက်သည်ဟူသော သတင်းသည် တောမီးပမာ ပျံ့နှံ့သွား၏။

ထို့အပြင်...

ကျင်းယို့စီး၏သမီး ကျင်းအော့လျှံအား တွေ့ရှိဖမ်းဆီးပေးနိုင်သူအား ဆုတော်ငွေ ငါးထောင်ပေးအပ်မည်ဟူသော သတင်းကိုကြားလိုက်ရ၏။

ကျင့်ကျိုးမြို့သူမြို့သားများမှာ ထိုသတင်းကြောင့် ဝမ်းနည်းကြေကွဲကြသည်။ ကျင်းယို့စီးသည် သူတို့အပေါ် လွန်စွာကောင်းခဲ့သူ မဟုတ်ပါလား။

သို့သော်...

သူတို့သည် တစ်စုံတစ်ရာမျှ ဝေဖန်ပြောဆိုခြင်း မပြုဝံ့ကြပါ။ ဝေဖန်လျှင် သူတို့၌အန္တရာယ်ကျရောက်နိုင်သည်ကို သူတို့သိရှိကြသဖြင့် ...ည်သူမျှ ပါးစပ်မဟဝံ့ကြပါ။ သူတို့ပါးစပ်များ မဟဝံ့သော်လည်း ရင်ထဲက ကျိတ်၍ဆုတောင်းနေသည့်အချက်ကတော့ ရှိသည်။ ထိုအချက်...ား ကျင်းစံအိမ်၏လူယုံတော်ကြီး ယူဖုံထင်းနှင့် မြို့စားကြီး၏သမီး ...င်းအော့လျှံတို့ ဘေးမသီရန်မခဘဲ ထွက်ပြေးလွတ်မြောက်စေရန်ကို ... တိတ်တဆိတ် ဆုတောင်းနေကြလေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)
## ပြေးသူနှင့်လိုက်သူ

ညနေ…

နေဝန်းနီသည် အနောက်ဘက်သို့ ငုပ်လျှိုးကွယ်ပျောက်တော့မည်ဖြစ်သည်။

တောင်းကင်ပေါ်တွင် အုပ်စုဖွဲ့ကာ အိမ်တန်းဝင်ရန် ပျံသွားသော ငှက်များကို တွေ့ရလေသည်။

တောအုပ်တစ်ခုထဲတွင် သစ်ဝင်များကြား၌ လူနှစ်ယောက်သည် အတူယှဉ်တွဲပြီး ပြေးလွှားနေကြလေ၏။

ထိုလူနှစ်ယောက်သည် ခရီးဝေးမှပြေးလာခဲ့ရသောကြောင့် မောပန်းနွမ်းနယ်နေကြသည်။

သူတို့သည် မကြာခဏ အနားယူနေကြရသည်။

မကြာမီ…



တောင်ကုန်းတစ်ခုကိုဖြတ်ကျော်ပြီးသောအခါ ကျောက်လိုဏ်ဂူတစ်ခုကို တွေ့လိုက်ရလေတော့၏။

ထိုလူနှစ်ယောက်ထဲမှ အသက်လေးဆယ်ကျော်ခန့်ရှိ၊ သူသည် ထိုလိုဏ်ဂူအား လှမ်းမြင်လိုက်သည်နှင့် ခြေလှမ်းကိုရပ်တန့်လိုက်သည်။ သူသည် လိုဏ်ဂူကို အကဲခတ်ကြည့်ရှုလိုက်သည်။

ထို့နောက်…

သူ၏နောက်မှ လိုက်ပါလာသော အသက်ဆယ်နှစ်ခန့်ရှိသော မိန်းကလေးတစ်ယောက်အား လှည့်ကြည့်ကာ…

"တို့တွေ ဒီကျောက်လိုဏ်ဂူထဲမှာ တစ်ညနားကြမယ်… "

နောက်မှလိုက်လာသော မိန်းကလေးသည် ခေါင်းညိတ်လိုက်ပြီး…

"ဟုတ်ကဲ့ ဘဘထင်း… "

ထို့နောက်…

သူတို့နှစ်ယောက်သည် ကျောက်လိုဏ်ဂူရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့ကြသည်။

ကျောက်လိုဏ်ဂူထဲတွင် မှောင်မည်း၍ နေသည်။

ဘဘထင်းဆိုသူသည် ကျောက်လိုဏ်ဂူရှေ့တွင် အတန်ကြာရပ်၍ အကဲခတ်နေပြီးမှ လိုဏ်ဂူထဲသို့ တစ်လှမ်းချင်းဝင်သွားလေတော့သည်။

မိန်းကလေးသည် သူ၏နောက်မှထက်ကြပ်မကွာ လိုက်ပါသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အသက်လေးဆယ်ကျော်ခန့်ရှိသော လူသည် ယူဖုံထင်းဖြစ်လေသည်။

အသက်ဆယ်နှစ်ခန့်ရှိသော မိန်းကလေးသည် ကျင်းအော့လျှံဖြစ်လေသည်။

သူမ၏ဖခင်သည် ကျင့်ကျိုးမြို့စား ကျင်းယို့စီး ဖြစ်လေ၏။

ယူဖုံထင်းသည် မြို့စားကြီးကျင်းယို့စီး၏ လူယုံတော်တစ်ယောက်ဖြစ်၏။

သူတို့သည် ယွန်ဖေးဟုန်လက်မှ လွတ်အောင် ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

သူတို့တွင် အဝတ်အစားအနည်းငယ်မှအပ မည်သည့်ပစ္စည်းမှပါမလာခဲ့ပေ။

ရန်သူများလိုက်လာသောကြောင့် ကျင်းစံအိမ်မှသေပြေးရှင်ပြေးထွက်ပြေးကြရသည်။ သူတို့ဘဝကား ပြေးနိုင်မှလွတ်မည့်ဘဝ ဖြစ်သည်။ ယွန်ဖေးဟုန်၏လူများသည် အမဲလိုက်မုဆိုးများကဲ့သို့ ထက်ကြပ်မကွာလိုက်ပါခဲ့သည် မဟုတ်ပါလား။

ကျင်းအော့လျှံ၏ဖခင် မြို့စားကြီးကျင်းယို့စီးသည် သူ့အဖမ်းအဆီးမခံရမီအချိန်က သူမအား သွေးသောက်ဓားကို ပေးခဲ့သည်။

သွေးသောက်ဓားသည် သိုင်းလောကသားတိုင်းလိုချင်တပ်မက်ကြသော ဓားတစ်လက်ဖြစ်၏။

မြို့စားကြီးကျင်းယို့စီး၏ဆရာ ယွဲ့လုရှန်းက ပေးခဲ့သော ဓားတစ်လက်ဖြစ်ပါသည်။ ဓားကောင်းတစ်လက်ဖြစ်သည်ကတော့ ယုံမှားသံသယရှိရန် မလိုပေ။

သိုင်းဆရာကြီးယွဲ့လုရှန်းသည် ထိပ်သီးသိုင်းသမားတစ်ယောက်ဖြစ်ပြီး သူ၏သွေးသောက်ဓားသည်လည်း ထင်ရှားကျော်ကြားလှပေသည်။

သို့သော်...

လူယုံတော်ယူဖုံထင်းနှင့် ကျင်းအော့လျှံတို့သည် အသက်ဘေးမှ ကိုယ်လွတ်ရုန်းပြေးခဲ့ရသောကြောင့် သွေးသောက်ဓားကို ကျင်းစံအိမ်၏မြေတိုက်ခန်းထဲတွင် ဝှက်ထားခဲ့ရသည်။

အဘယ်ကြောင့်ဝှက်ထားခဲ့ရသနည်း။ ထိုဓားသည် အန္တရာယ်ကြီးတစ်ခုဖြစ်သည်။ ထိုဓားကို လိုချင်သူအလွန်များသဖြင့် သူတို့အားသတ်ဖြတ်မည့် ယွန်ဖေးဟုန်ကိုသာမက အခြားရန်သူများကိုလည်း ဖိတ်ခေါ်သလိုဖြစ်နေမည်ကို စိုးရိမ်ရသည်။ ထို့ကြောင့် ဓားကို သူတို့ကိုယ်နှင့်မကွာ မယူဆောင်ရဲကြပါ။ ဝှက်ထားခဲ့ကြရပါသည်။

သူတို့သည် ကျောက်လိုဏ်ဂူထဲရောက်သည်နှင့် လုံခြုံသိုက်နေရာကိုရှာဖွေကာ အနားယူလိုက်ကြသည်။

ကျင်းအော့လျှံသည် ပင်ပန်းလွန်းသဖြင့် နှစ်နှစ်မြိုက်မြိုက်ပျော်သွားလေသည်။ သူမကား မိန်းကလေးတစ်ဦးသာဖြစ်သည် မဟုတ်ပါလော။

ယူဖုံထင်းသည် ကျင်းအော့လျှံအား အတန်ကြာစောင့်ကြည့်နေပြီးမှ စိတ်မောလူမောဖြင့် အိပ်ပျော်သွားလေတော့သည်။

ယူဖုံထင်းသည် မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ



www.burmeseclassic.com

www.burmeseclassic.com



ပေ။

ရုတ်တရက်…

နားထဲသို့ မြင်းခွာသံများဆူညံစွာ တိုးဝင်လာမှ ဖျတ်ခနဲ လန့်နိုးလာလေသည်။

ယူဖုံထင်းသည် ဝန်းကျင်အား မျက်လုံးဖွင့်ကာ အကဲခတ်ကြည့်လိုက်၏။

ထိုအခါ…

လိုဏ်ဂူအပြင်ဘက်မှ မှောင်မည်းနေသော်လည်း ယူဖုံထင်း၏အလေ့အကျင့်ရှိသောမျက်လုံးများက သူတို့ရှိရာ လိုဏ်ဂူဆီသို့ ဦးတည်လာနေသော လူငါးယောက်ကို တွေ့လိုက်ရတော့သည်။

ယူဖုံထင်းသည် ရင်ထိတ်သွား၏။

ဤကဲ့သို့သော အချိန်မျိုးတွင် ရောက်ရှိလာသူများမှာ မည်ပြေသို့စည်းနှင့်မှ လူကောင်းများမဖြစ်နိုင်ပါချေ။

သည် မြို့စားကြီးကျင်းယိုစီးအား သတ်ဖြတ်လိုက်သူက ကျူပင်ခုတ်မကွာတ်မကျန် ကျင်းအောလျှံအား ရှင်းပစ်ရန် လူသတ်သမားများ စေပိုက်ခြင်း ဖြစ်မေလိမ့်မည်။

အခါ သူသည် ကျင်းအောလျှံအတွက် အသက်စွန့်တိုက်ခိုက်ရမည်ဖြစ်သည်။

ယင်းကြောင့်…

လဲလျောင်းနေရာမှ ဆတ်ခနဲ ထလိုက်သည်။

ဓာစ်ဆက်ကညီးမှာပင်…



နံဘေးတွင် အသင့်ထားရှိသော ဓားကိုဆွဲယူကာ လိုဏ်ဂူထဲမှ ပြေးထွက်ကာ…

"ဘယ်သူတွေလဲ… "

သူ၏အသံသည် တိတ်ဆိတ်သောညဥ့်ယံတွင် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

မမျှော်လင့်ဘဲ ယူဖုံထင်း၏အသံကြားရသဖြင့် လူငါးယောက်သည် တုံ့ခနဲ ရပ်သွားကြလေ၏။

အနက်ရောင်အင်္ကျီနှင့် အနက်ရောင်မျက်နှာဖုံးစွပ်ထားသော လူငါးယောက်ထဲမှ တစ်ယောက်က ကျယ်လောင်စွာ အော်ပြောလိုက်သည်။

"သူ့ကိုမလွတ်စေနဲ့… တိုက်ကြ… "

စကားသံထွက်ပေါ်လာပြီး မရှေးမနှောင်းတွင် လူငါးယောက်သည် ဓားကိုယ်စီဆွဲကား မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြသည်။

ယူဖုံထင်းမှာ ရန်သူဖြစ်နေကြောင်း သေသေချာချာသိလိုက်ရသဖြင့် အံကြိတ်ကာ ကျောက်လိုဏ်ဂူဝမှ ဆီးကြိုတိုက်ခိုက်လိုက်လေတော့သည်။

ညအမှောင်တွင် ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

အနက်ရောင်မျက်နှာဖုံးစွပ်နှင့် လူငါးယောက်သည် ယူဖုံထင်းအား ဝန်းရံတိုက်ခိုက်ကြသည်။

ယူဖုံထင်းမှာ ခေသူတစ်ယောက်မဟုတ်ပါချေ။ သိုင်းပညာအတော်အတန်တတ်မြောက်သည်။

ဗျာ

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးကျွင်းယို့စီ၏ လှူယုံတော်ဖြစ်သောကြောင့် သိုင်းလောကတွင် နှစ်ပေါင်းများစွာ ကျင်လည်ကျက်စားခဲ့သည်။

သို့သော်...

အနက်ရောင်မျက်နှာဖုံးစွပ်နှင့် လူငါးယောက်မှာ စနစ်တကျ လေ့ကျင့်ထားသော ကြေးစားလူသတ်သမားများဖြစ်ဟန်တူသည်။

သူတို့၏တိုက်ကွက်များသည် ရက်စက်ကြမ်းကြုတ်လှပြီး အသက်ကို ပဓာနမထားဘဲ သူသေကိုယ်သေတိုက်ခိုက်ကြ၏။

ထို့ကြောင့်...

ယှူဖုံထင်းမှာ ထိုလူများကို ရှေ့ရှည်မယှဉ်နိုင်တော့ပေ။

အနက်ရောင်မျက်နှာဖုံးစွပ်နှင့်လူငါးယောက်၏ဓားချက်မှ လွတ်အောင် မနည်းပင်ရှောင်တိမ်းနေရသည်။ တိုက်ခိုက်သည်ဆိုခြင်းထက် အသေအလဲ ခုခံနေရသည်ဟု ဆိုခြင်းက ပို၍မှန်ကန်ပေမည်။

ထိုစဉ်...

အနက်ရောင်မျက်နှာဖုံးစွပ်နှင့် လူတစ်ယောက်က...

"ဟိုကောင်မလေးကို ရှာကြစမ်း..."

သူ၏စကားဆုံးသည်နှင့် လူနှစ်ယောက်သည် တိုက်ပွဲမှ ခုန်ထွက်ကာ ကျောက်လိုဏ်ဂူထဲသို့ ပြေးဝင်သွားရန် ဟန်ပြင်လိုက်ကြသည်။

ယှူဖုံထင်းသည် ကျွင်းအော့လျှံအတွက် စိတ်ပူသွားသည်။

"ဟိတ်... ရပ်လိုက်ကြစမ်း..."

ကျယ်လောင်စွာ ဟိန်းဟောက်ကာ ခုန်အုပ်ဟန့်တားလိုက်



သည်။ သူသည် ပထမတိုက်ခိုက်နေသူ သုံးယောက်ကို ဥပေက္ခာပြုကာ နောက်နှစ်ယောက်ထံသို့ ခုန်ဝင်သွားခြင်းမှာ သိုင်းသမားတို့မပြုလုပ်သင့်သော အမှားကို သိလျက် ကျူးလွန်လိုက်ခြင်းဖြစ်၏။

ပထမတိုက်ခိုက်နေသူသုံးယောက်က ယှူဖုံထင်းခုန်ထွက်သွားသည်ကို တွေ့ရလျှင်...

"ယား..."

ညာသံပေးလိုက်ပြီး ရှေ့တိုးကာ ဓားကိုယ်စီဖြင့် ယှူဖုံထင်းကို ထိုးသွင်းလိုက်ကြ၏။

ယှူဖုံထင်းက ငါးရှဉ့်တစ်ကောင်သဖွယ် ခန္ဓာကိုယ်တွန့်လိုက်ကာ အချိန်မီရှောင်နိုင်ခဲ့သဖြင့် အသက်ချမ်းသာရာရသွား၏။

ထို့အပြင်...

ဓားကိုဝှေ့ယမ်းခြင်းဖြင့် ကျောက်လိုဏ်ဂူထဲဝင်ရန် ကြိုးစားနေသူနှစ်ယောက်ကို ဟန့်တားနိုင်ခဲ့လေသည်။

သို့သော်...

သူ၏နောက်ကျောတွင် သုံးလက်မခန့် ဓားဒဏ်ရာတစ်ချက်ရရှိခဲ့၏။

ထိုစဉ်...

အနက်ရောင်မျက်နှာဖုံးစွပ်လေးယောက်က ယှူဖုံထင်းအား လေးဖက်လေးတန်ပိတ်ဆို့တိုက်ခိုက်ပြီး တစ်ယောက်က အပြင်ခုန်ထွက်ကာ လိုဏ်ဂူထဲသို့ ပြေးဝင်လေတော့၏။

ကျွင်းအော့လျှံသည် ဆူညံသောတိုက်ခိုက်သံများကြောင့် နိုး

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

သူမထံသို့ လူတစ်ယောက်ပြေးလာသည်ကိုမြင်လျှင် ကြောက်ရွံ့ထိတ်လန့်သွား၏။ သူမ၏ကံကြမ္မာကား အဘယ်သို့နည်း။

အနက်ရောင်မျက်နှာဖုံးစွပ်နှင့် လူတစ်ယောက်လွတ်သွားသည်ကို တွေ့ရသော်လည်း ယူဖုံထင်းသည် မဟန့်တားနိုင်တော့ပါ။

သူ ခုန်ထွက်ဟန့်တားရန် ကြိုးစားစဉ် အနက်ရောင်မျက်နှာဖုံးစွပ်လေးယောက်က ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ကြလေတော့သည်။

ထိုလူများအား တစ်ယောက်ချင်းယှဉ်ပြိုင်ရလျှင် ယူဖုံထင်းမှုမည်မဟုတ်ချေ။

ယခု…

အများနှင့်တစ်ယောက်ယှဉ်ပြိုင်နေရ၍ ချက်ချင်းနောက်ပြန်ဆုတ်လိုက်ရ၏။

ထိုစဉ်…

လိုဏ်ဂူအနီးသို့ရောက်သွားသော အနက်ရောင်မျက်နှာဖုံးစွပ်လူက…

"ဟား… ဟား… ဟား… သနားစရာပဲ… မင်းကိုသတ်ရမှာ စိတ်မကောင်းပါဘူးကွာ…"

သူသည် ပြောရင်း လက်ထဲမှဓားကိုမြှောက်ကာ လိုဏ်ဂူထဲဝင်ရန် ခြေလှမ်းပြင်လိုက်သည်။

ကျောင်းအော့လျှံသည် ကြောက်ရွံ့လွန်းသဖြင့် တဆတ်ဆတ်



တုန်ယင်နေသည်။

ထိုစဉ်…

ဝင်းလက်သော အရောင်တစ်ချက်ထွက်ပေါ်လာပြီး…

"အား…"

ကျောင်းအော့လျှံ အော်ဟစ်လိုက်သောအသံမဟုတ်ချေ။

အနက်ရောင်မျက်နှာဖုံးစွပ်နှင့်လူသည် စူးရှစွာအော်ဟစ်လိုက်ပြီး အပေါ်သို့မြှောက်ထားသော ဓားလွတ်ကျသွား၏။

ထိုလူ၏လက်မောင်းတွင် ဓားမြှောင်တစ်ချောင်းစိုက်ဝင်နေသည်ကို တွေ့ရလေသည်။

ထိုလူသည် နောက်သို့ခြေလှမ်းဆုတ်ရင်း ဓားမြှောင်ပစ်လွှင့်လာရာဘက်သို့ လှည့်ကြည့်လိုက်သည်။

ထိုအခါ…

လူရိပ်တစ်ခုသည် လျှပ်တစ်ပြက်ရောက်ရှိလာပြီး ယူဖုံထင်းအား ဝန်းရံထားသူများအား လျှပ်တစ်ပြက်ထိုးနှက်တိုက်ခိုက်လိုက်သည်ကို တွေ့ရတော့သည်။

အနက်ရောင်မျက်နှာဖုံးစွပ်နှင့်လူသည် ငေးမောကြည့်နေစဉ်မှာပင်…

"ဝုန်း… ဝုန်း…"

"ဝုန်း… ဝုန်း…"

သူ၏အဖော်လေးယောက်သည် အဝေးသို့လွင့်စင်သွားသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်မျက်နှာဖုံးစွပ်နှင့်လူကဲ့သို့ ယှူဖုံထင်းလည်း အံ့ဩသွားသည်။

ရုတ်တရက် ရောက်လာသော လူရိပ်ကို သေသေချာချာကြည့်လိုက်သောအခါ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသူဖြစ်ကြောင်း တွေ့လိုက်ရသည်။

ထိုလူ၏မျက်နှာကိုတွေ့ရသည်နှင့် ယှူဖုံထင်းသည် ဝမ်းသာအားရဖြစ်သွားကာ…

"ဟင်… အစ်ကိုကြီး… "

အဖြူရောင်ဝတ်ဆင်ထားသူက လက်ကာပြလိုက်ပြီး…

"ညီလေး ဘာမှစိတ်မပူနဲ့တော့… ကျုပ် ရှင်းပစ်လိုက်မယ်…"

ပြောပြီးလျှင် ကျန်ရှိနေသော အနက်ရောင်မျက်နှာဖုံးစွပ်နှင့်လူထံသို့ လျှောက်သွားကာ…

"မင်းအဖော်တွေ သွားကုန်ကြပြီ… မင်း မသွားသေးဘူးလား"

အနက်ရောင်မျက်နှာဖုံးစွပ်နှင့် လူကလှမ်းကြည့်လိုက်သောအခါ အနက်ရောင်မျက်နှာဖုံးစွပ်ထားသူလေးယောက်သည် မြင်းကိုယ်စီဖြင့် ထွက်ပြေးသွားကြသည်ကို တွေ့လိုက်ရလေသည်။

အနက်ရောင်မျက်နှာဖုံးစွပ်နှင့်လူသည် ထိတ်လန့်သွားသည်။

အဖြူဝတ်ဆင်ထားသူကို ကြည့်လိုက်ပြီး…

"သတ္တိရှိရင် ခင်ဗျားနာမည်ကို ပြောပါ… "

အဖြူရောင်ဝတ်ဆင်ထားသူက ရယ်မောကာ…

"ကျုပ်နာမည် မပြောရဲစရာအကြောင်း မရှိပါဘူး… မင်းသိချင်ရင် သေသေချာချာမှတ်ထား… ကျုပ်နာမည် ယန်ဟာင်ဖေးလို့ ခေါ်တယ်… "

"ယန်ဟာင်ဖေး… ခင်ဗျားတစ်နေ့ နောင်တရစေရမယ်… "

သူသည် ပြောပြောဆိုဆို မြင်းပေါ်သို့ခုန်တက်ကာ ပြေးထွက်သွားလေတော့သည်။

ယန်ဟာင်ဖေး…

ယန်ဟာင်ဖေးသည် ယှူဖုံထင်း၏ အစ်ကိုဝမ်းကွဲတစ်ယောက်ဖြစ်သည်။

ယှူဖုံထင်းသည် ယန်ဟာင်ဖေး၏လက်ကိုဆုပ်ကိုင်ကာ…

"အစ်ကိုကြီး အချိန်မီရောက်လာပေလို့ပေါ့… နို့မို့ဆို ကျုပ်တို့တော့ အခက်ပဲ… အခက်ဆိုတာထက် နှစ်ယောက်စလုံးသေရမယ့်ကိန်း စိုက်သွားတော့မယ်… ကံကောင်းလို့လက်မတင်ကလေး အစ်ကိုကြီး ရောက်လာတာပဲ… "

ယန်ဟာင်ဖေးက မေးလိုက်သည်။

"ငါ့ညီက ဘယ်လိုလုပ်ပြီး ရန်သူနဲ့တွေ့ရတာလဲ… "

ယှူဖုံထင်းမှာ ယန်ဟာင်ဖေးအား ဖြစ်ကြောင်းရယ်ကုန်စင် ပြောပြလိုက်လေတော့သည်။

ယှူဖုံထင်း၏စကားကြားရသောအခါ ယန်ဟာင်ဖေးမှာ ကျင်းအောင့်လျှံအပေါ် ကရုဏာသက်သွားမိတော့၏။

"ကဲ… ညီလေး… မင်း ဒဏ်ရာက သွေးထွက်လွန်မယ်… ဆေးထည့်လိုက်ကြရအောင်… "

www.burmeseclassic.com



ယန်ဟာင်ဖေးသည် သူ့အိတ်အတွင်းမှ ဆေးဘူးကလေးကို ထုတ်ကာ ယူဖုံထင်း၏ဒဏ်ရာကို ဆေးသုတ်လိမ်းပေးလေ၏။ ထို့နောက် အဝတ်ပိုလက်စကိုဆုတ်ဖြဲကာ ပတ်တီးစည်းပေးလိုက်သည်။

"ကဲ… သမီးလေးကိုခေါ်ပါဦးကွာ… "

ထိုအခါ ယူဖုံထင်းက ကျွင်းအော့လျှံအား လှမ်းခေါ်လိုက်ရသည်။ ကျွင်းအော့လျှံ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ထွက်လာသည်။

ယန်ဟာင်ဖေးက ကျွင်းအော့လျှံအား သေသေချာချာအကဲခတ်ကြည့်ပြီးလျှင် နှစ်သိမ့်သောအပြုံးမျိုးဖြင့်…

"သမီး… ဘာမှမကြောက်နဲ့… ဘဘ ရန်သူတွေကို မောင်းထုတ်လိုက်ပါပြီ… "

ကျွင်းအော့လျှံက ခေါင်းညိတ်ပြလိုက်ပြီး…

"ဘဘကို ကျေးဇူးတင်ပါတယ်ရှင်… သမီး… သမီး… သိပ်ကြောက်တာပဲရှင်… "

မိန်းကလေးမှာ ငယ်ရွယ်သော်လည်း အလွန်လိမ္မာရေးခြားရှိနေသဖြင့် ယန်ဟာင်ဖေး သဘောကျသွားလေသည်။

"ဟား…ဟား…ငါ့သမီးက သိပ်လိမ္မာတာကိုး…အရိုးခံအတိုင်းလည်း ပြောတတ်တယ်… "

ယူဖုံထင်းသည် ဆေးထည့်ပြီး အနားသို့ရောက်လာကာ…

"ဟုတ်တယ် အစ်ကိုကြီး… ကလေးက အပြစ်ကင်းစင်ပါတယ်… သိုင်းလောကအကြောင်း ဘာမှမသိသေးပါဘူး… "

ယန်ဟာင်ဖေး၏မျက်နှာတည်ကြည်လေးနက်လာသည်။



ယူဖုံထင်းကို အဓိပ္ပာယ်ရှိစွာကြည့်ကာ…

"ငါ့ညီ… ကို ဒီမှာကြာကြာနေလို့မဖြစ်ဘူး… ညတွင်းချင်း ခရီးဆက်ရင် ကောင်းမယ်… ဘာဖြစ်လို့လဲဆိုတော့ ဟိုကောင်တွေ ဒီနေရာကို သိသွားကြပြီလေ… "

"ဟုတ်ကဲ့ အစ်ကိုကြီး… ခရီးဆက်ကြတာပေါ့… "

ယူဖုံထင်းသည် လိုဏ်ဂူထဲမှပစ္စည်းများကို သိမ်းဆည်းလိုက်သည်။

ထို့နောက်…

သူတို့သုံးယောက်သည် ညတွင်းချင်းပင် လိုဏ်ဂူထဲမှ ထွက်ခွာလာခဲ့ကြလေတော့သည်။

သူတို့သည် တစ်ညလုံး ခရီးဆက်ခဲ့ကြ၏။

အရှေ့အရပ်မှ ရောင်နီထွက်ပေါ်စပြုနေပြီဖြစ်သည်။

သူတို့သုံးယောက်သည် မနားမနေ လျှောက်လာခဲ့ကြရာ ကျောက်လိုဏ်ဂူနှင့် တစ်မိုင်ကျော်ခန့်ဝေးသောနေရာသို့ ရောက်ရှိလာခဲ့ကြသည်။

ယူဖုံထင်းက သက်ပြင်းတစ်ချက်လေးလေးပင်ပင်ချရင်း…

"အစ်ကိုကြီး… "

သူ၏အသံမှာ အနည်းငယ်နွမ်းလျနေ၏။

တစ်စုံတစ်ခု တိုင်ပင်လိုဟန်ရှိကြောင်း သဘောပေါက်မိသော ယန်ဟာင်ဖေးက…

"ပြောပါ ညီလေး… ဘာပြောချင်လဲ… "

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်... ဟာန်မားနယ်က အိမ်ကိုပြန်လို့ဖြစ်ပါ့မလား..."

ဟာန်မားနယ်တွင် ယူဖုံထင်း၏အိမ်ရှိလေသည်။

ယန်ဟင်ဖေးက အနည်းငယ်စဉ်းစားပြီးမှ...

"ရန်သူတွေကတော့ ငါ့ညီကျင်းအော့လျှံကို ကယ်တင်သွားတာ သိသွားရောပေါ့... ဒါပေမယ့် ဟာန်မားနယ်အထိ ချက်ချင်းလိုက်ပြီး ဒုက္ခပေးနိုင်လိမ့်မယ် မထင်ဘူး..."

ယူဖုံထင်းသည် ဝမ်းသာသွား၏။

"ဒီလိုဆိုရင် ဟာန်မားနယ်ကိုပဲ ပြန်သွားမယ်... ဟိုမှာ ကျင်းအော့လျှံကို လူလားမြောက်အောင် မွေးမယ်... သိုင်းပညာသင်ပေးမယ်လို့ စိတ်ကူးထားတယ်"

ယန်ဟင်ဖေးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"အေး... ငါ့ညီဆီက ဒီစကားကြားရလို့ အစ်ကိုကြီးစိတ်ထဲထင်မြင်ချက်လေးတစ်ခု ပြောပြချင်သေးတယ်..."

"ပြောပါ အစ်ကိုကြီး... ပြောပါ... ကောင်းတဲ့အကြံဉာဏ်ဆိုရင် လိုက်နာရမှာပေါ့..."

"ကျင်းအော့လျှံရဲ့အရိုးအဆစ်တွေကိုကြည့်ရတာ ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်နိုင်တာ တွေ့ရတယ်... ဒါပေမယ့် ကလေးမလေးက ကြောက်တတ်တယ်... အဲဒီ တစ်ခုက ခက်နေတယ်..."

ယူဖုံထင်းက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်ပါတယ်... ကျုပ်လည်း အကဲခတ်မိတယ်... ကြောက်တဲ့စိတ်ကိုတော့ ဖျောက်လို့ရမယ် ထင်ပါတယ်..."



ယန်ဟင်ဖေးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး...

"ငါ့ညီ ဘယ်ဆိုးလို့တုန်း... လူကဲခတ်တော်သားပဲ... ကဲ... ဒီကလေးကို ဟာန်မားနယ်သာခေါ်သွားဝါ... ကျုပ် မကြာခဏအရောက်လာခဲ့ပါ့မယ်... ကလေးကို စောင့်ရှောက်ရမှာပေါ့ကွာ..."

ယန်ဟင်ဖေးမှာ အမှတ်မထင်ရောက်တတ်ပြီး အမှတ်မထင်ထွက်သွားတတ်ကြောင်း ယူဖုံထင်း သိသည်။

သူသည် စကားပိုမပြောတတ်သူဖြစ်၍ ယခုလည်း နှုတ်ဆက်လမ်းခွဲထွက်သွားတော့မည်ကို ယူဖုံထင်း သိသည်။

"အစ်ကိုကြီး သွားတော့မလို့လား..."

ယန်ဟင်ဖေးက ခေါင်းညိတ်ပြလိုက်ပြီး ရယ်သည်။

"ဟား... ဟား... ဟား... ကျုပ်က သစ်ရွက်ကြွေလိုပဲ... လေတိုက်ရာလွင့်နေတာပဲ... ရည်မှန်းချက်တော့ မရှိဘူး... မင်းတို့နဲ့ မလိုက်ချင်တာတော့ အမှန်ပဲ... ငါ ကူညီဖို့စိတ်မပါဘူးလို့ ပြောတာမဟုတ်ဘူးနော်... အခု... ငါ မင်းတို့နဲ့ မင်းရဲ့ဇာတိကို မလိုက်ချင်သေးဘူး... ကဲ... ငါ့ကို ခွင့်ပြုပေတော့..."

အတန်ကြာ လျှောက်လာကြသောအခါ လမ်းဆုံလမ်းခွတစ်နေရာသို့ ရောက်လာလေသည်။

ထိုလမ်းဆုံလမ်းခွနေရာရောက်သည်နှင့် ယန်ဟင်ဖေးသည် ယူဖုံထင်းတို့နှင့် ဆန့်ကျင်ဘက်အရပ်သို့ ထွက်ခွာသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်မားနယ်... ။

ခရီးက မနီးလှပါ။ ထိုမနီးလှသောခရီးကို ဘေးရန်ကင်းရှင်းရန် အတွက် သူတို့သွားကြရပါသည်။

ယူဖုံထင်းမှာ ကျင်းအောလျှံအား ဟန်မားနယ်သို့ခေါ်ဆောင် လာခဲ့သည်။

ဟန်မားနယ်တွင် ယူဖုံထင်း၏အိမ်ရှိပါသည်။

ဟန်မားနယ်ရှိ ယူဖုံထင်း၏အိမ်သို့ရောက်လာသည့်အထိ နောင့်ယှက်မည့်သူမရှိပေ။ အမဲလိုက်သမားများ လိုက်မလာခဲ့ကြပါ။

ယူဖုံထင်းမှာ ကျင်းအောလျှံအတွက် လောလောဆယ်ဆယ် ဘေးအန္တရာယ်ကင်းပြီဟု ထင်မြင်နေမိလေတော့သည်။

❋ ❋ ❋

## အခန်း (၃)
## ခါးခြေမြားသိသော

အချိန်များက တရွေ့ရွေ့ကုန်ဆုံးသွားသည်။

အချိန်ရာသီသည် ပုံမှန်အတိုင်း ရွေ့လျားလည်ပတ်နေသော် လည်း လူတွေက အချိန်ကုန်လွယ်သည်။ ကုန်ခဲ့သည်ဟုဆိုကြ၏။

ယူဖုံထင်းသည် အချိန်ကုန်မြန်လွန်းသည်ဟု ထင်မိ၏။

လွန်ခဲ့သည့် ငါးနှစ်က ကျင်းအောလျှံသည် ဟန်မားနယ်သို့ စတင်ရောက်လာခဲ့ပုံကို အမှတ်ရနေသည်။

ကျင်းအောလျှံမှာ ငယ်သေးသဖြင့် သူ၏အိမ်သို့ရောက်ပြီး ကြာမီ အိမ်ပြန်ပို့ပေးရန် တခါတခါငိုကြွေးကာ တောင်းဆိုခဲ့သည် မဟုတ်ပါလား။

ငါးနှစ်ဟူသော အချိန်ကာလသည် ကျင်းအောလျှံ၏ဘဝကို ပြောင်းလဲစေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအော့လျှံသည် ယူဖုံထင်း သင်ပေးသမျှ သိုင်းပညာကို အားကြိုးမာန်တက် လေ့ကျင့်နေပြီမဟုတ်ပါလား။

ငါးနှစ်အတွင်း ကျောင်းအော့လျှံသည် လူလားမြောက်လာပြီး သိုင်းပညာအနည်းအကျဉ်း တတ်မြောက်လာလေတော့သည်။

ဟာန်မားနယ်သို့ ယန်ဟင်ဖေး ရောက်ရှိလာသည်။ သူသည် ကတိစကားကို မမေ့သူဖြစ်သည်။

သူသည် ယူဖုံထင်းအား သတိရပြီး ကျောင်းအော့လျှံ၏အခြေအနေကို သိလိုသဖြင့် ရောက်လာခဲ့ခြင်းဖြစ်သည်။

သို့သော်... သူက ယူဖုံထင်းထံသို့ တိုက်ရိုက်မသွားခဲ့ချေ။

ယူဖုံထင်းတို့ အခြေအနေကို အကဲခတ်သိနိုင်ရန် တည်းခိုခန်းတစ်ခုတွင် ငှားရမ်းနေထိုင်ကာ တိတ်တဆိတ် သတင်းစုံစမ်းခဲ့လေသည်။

ယူဖုံထင်းတို့ အန္တရာယ်ကင်းစွာ နေထိုင်နိုင်သည့်အကြောင်း ကျောင်းအော့လျှံသိုင်းပညာကိုကောင်းကောင်းလေ့ကျင့်နေသည့်အကြောင်း သိရမှ ယူဖုံထင်းနှင့် သွားတွေ့ရန် ဆုံးဖြတ်လိုက်သည်။

သူသည် ယူဖုံထင်းထံသို့သွားမည့်နေ့တွင် ထူးခြားသော သတင်းတစ်ခုကြားလိုက်ရလေတော့သည်။

ထိုသတင်းကို စားသောက်ဆိုင်တစ်ဆိုင်မှ သူရရှိခဲ့ခြင်းဖြစ်သည်။

ယန်ဟင်ဖေးတည်းခိုနေသော တည်းခိုခန်း၏အောက်ဘက်တွင် စားသောက်ဆိုင်ရှိသည်။



ယန်ဟင်ဖေးက ညနေစာစားသောက်ပြီးလျှင် ယူဖုံထင်းထံသို့သွားရန် ဆုံးဖြတ်ထား၏။

အပေါ်ဘက်တည်းခိုခန်းမှ ဆင်းလာပြီးလျှင် စားသောက်ဆိုင်ဝင်ကာ စားသောက်ဖွယ်ရာများ မှာကြားစားသောက်နေလိုက်သည်။

ထိုစဉ်...

သူနှင့်မလှမ်းမကမ်းရှိ စားပွဲတစ်လုံး၌ အရက်သောက်နေသူ သုံးယောက်ကို သတိပြုမိသွားသည်။

ထိုလူသုံးယောက်ကို တွေ့ရလျှင် ယန်ဟင်ဖေးက အံ့သြသွားကာ သူ့မျက်နှာကို ကွယ်ဝှက်လိုက်လေ၏။

"ဟင်... ယွန်ဖေးဟုန်ရဲ့တပည့်တွေပါလား... "

ယွန်ဖေးဟုန်မှာ အနောက်တောင်ပိုင်းမှ ဓားပြကြီးတစ်ယောက်ဖြစ်၏။

တရုတ်ပြည်သို့ မန်ချူးများကျူးကျော်ဝင်ရောက်လာချိန်တွင် ယွန်ဖေးဟုန်က မန်ချူးတို့ကို အကူအညီပေးခဲ့သည့်အတွက် ယခုအချိန်တွင် အရေးပါအရာရောက်သူတစ်ယောက်ဖြစ်နေချေပြီ။

ယွန်ဖေးဟုန်သည် မြို့တော်ဝန်၏ကိုယ်ရံတော်တပ်များ၏ ခေါင်းဆောင်ဖြစ်နေသည်ဟုပင် သူကြားခဲ့ရသည်။

ယခု...

တစ်ဖက်စားပွဲမှ အရက်သောက်နေသူ သုံးယောက်မှာ ယွန်ဖေးဟုန်၏တပည့် ဟိုက်စံ၊ တိမုနှင့် ယင်းရှန်တို့ဖြစ်ကြသည်။

www.burmeseclassic.com



ဟိုက်စံတို့သုံးယောက်မှာ ယန်ဟင်ဖေးအား သတိမပြုမိကြချေ။

အရက်တစ်ခွက်ပြီးတစ်ခွက်သောက်ရင်း စကားစမြည်ပြောဆိုနေကြလေသည်။

ဟိုက်စံက လက်ထဲမှအရက်ခွက်ကို တရှိန်ထိုးမော့ချလိုက်သည်။

ထို့နောက် ခွက်ကိုစားပွဲပေါ်ပြန်ချရင်း...

"ကဲ... သူငယ်ချင်းတို့... အချိန်ရတုန်း အားရပါးရသောက်ထားကြ... ညမိုးချုပ်မှသောက်ချင်လို့မဖြစ်ဘူးနော်... သိပ်မူးလို့လည်း မဖြစ်သေးဘူး... ကျုပ်တို့ ဒီညလုပ်စရာရှိသေးတယ် မဟုတ်လား..."

တိမှုက ရယ်မောကာ...

"ဟိုက်စံရာ... မင်း ဒီလောက်စိတ်ပူမနေစမ်းပါနဲ့... ကျုပ်တို့တာဝန်က ယူဖုံထင်းကို စောင့်ကြည့်ရုံပဲမဟုတ်လား..."

သူတို့၏စကားထဲတွင် ယူဖုံထင်း၏အမည်ပါလာသဖြင့် ယန်ဟင်ဖေး နားစွင့်လိုက်သွားသည်။ ဤသူများသည် ဤကိစ္စများအတွက်ပင် လာကြသူများ ဖြစ်နေလေသည်တကား။

သူသည် အာရုံစူးစိုက်ကာ ဆက်၍နားစွင့်နေလိုက်၏။

ထိုစဉ်...

ယင်းရှန်၏အသံထွက်ပေါ်လာပြန်သည်။

"ဟုတ်တယ်... ဘာမှပူစရာမလိုဘူး... ယူဖုံထင်း ထွက်ပြေးနိုင်တာမှမဟုတ်ဘဲ... ကျုပ်တို့ သူ့ကိုစောင့်ကြည့်ဖို့ပဲ တာဝန်ရှိတာ...



သူတို့ကို ရှင်းပစ်ဖို့တော့..."

သူ၏စကားမဆုံးမီ ဟိုက်စံက အချိန်မီဟန့်တားလိုက်လေ၏။

"ဟေ့... စကားကိုအရမ်းမပြောနဲ့... တော်ကြာ ယူဖုံထင်းရဲ့ မိတ်ဆွေတစ်ယောက်ယောက် ဒီဆိုင်ထဲမှာရှိရင် ခက်မယ်..."

ယင်းသို့ပြောပြီးလျှင် စားသောက်ဆိုင်ထဲရှိ လူများအားတစ်ချက်ဝေ့ကြည့်ကာ အကဲခတ်လိုက်သည်။

တိမှုနှင့် ယင်းရှန်တို့ကလည်း အကဲခတ်ကြည့်လိုက်ကြ၏။

ထိုအချိန်တွင် စားသောက်ဆိုင်ထဲသို့ ခရီးသွားတစ်စု ဝင်လာသဖြင့် လူများရှုပ်ထွေးသွားသည်။

ဆိုင်ထဲမှ စားသောက်ပြီးသွားသူအချို့လည်း ထွက်သွားကြကုန်၏။

ယန်ဟင်ဖေးမှာ ထူးခြားသောသတင်းကြားလိုက်ရပြီဖြစ်ရာ ဆက်၍မနေလိုတော့ဘဲ ထိုင်ရာမှထလိုက်သည်။ သူ့မျက်နှာကိုလည်း တက်နိုင်သမျှ ကွယ်ဝှက်ထားသည်။

ထို့နောက်...

စားသောက်ကျသင့်ငွေ ပေးချေကာ ဆိုင်ထဲမှထွက်သွား၏။

လူအများဖြင့် ရောထွေးနေသောကြောင့် သူ့အား ဟိုက်စံတို့သုံးယောက် သတိမပြုမိကြချေ။ သူတို့လာရောက်သည့် သတင်းကိုအားပေါက်ကြားသွားခဲ့ချေပြီ။

အကယ်၍...

www.burmeseclassic.com

www.burmeseclassic.com



ယန်ဟင်ဖေးသည် သူတို့၏စကားများကိုကြားသိသွားသည် ဟုသာသိလျှင် ဟိုက်စံတို့သုံးယောက်သည် အရက်ကို ယခုကဲ့သို့အေးအေးဆေးဆေးသောက်နေနိုင်လိမ့်မည်မဟုတ်ပေ။ အပူတကာ့ အပူဆုံး အရက်များ ဖြစ်သွားပေလိမ့်မည်။

❋ ❋ ❋

ည...

လဆန်းဆယ်ရက်ရှိပြီဖြစ်၍ လပြည့်တော့မည်။

ကောင်းကင်ပေါ်တွင် လဝန်းတွက်ပေါ်နေ၏။

လရောင်ဖြင့် သစ်ပင်များအကြားမှ အိမ်ကလေးတစ်လုံးကို တွေ့မြင်နိုင်၏။

ဤနေရာမှာ လူသူအရောက်အပေါက်နည်းပါးလှသော မြို့အပြင်တစ်နေရာဖြစ်သည်။

အိမ်ကလေးမှာ ယူဖုံထင်း၏အိမ်ဖြစ်လေ၏။

ညဉ့်နက်ပြီဖြစ်၍ ယူဖုံထင်း၏အိမ်မှာ မီးရောင်မတွေ့ရတော့ပါ။

ယူဖုံထင်းနှင့် ကျင်းအော့လျံတို့ အိပ်မောကျနေပြီဆိုသည်မှာ သေချာလှ၏။

အလေ့ကျပေါက်နေသော တောပန်းရနံ့များ လေနှင့်အတူ ဝန်းကျင်တစ်ခုလုံးအား မွှေးပျံ့သွားစေလေသည်။

ထိုစဉ်... ည၏သာယာမှုကို ဖျက်ဆီးရန် လူသုံးယောက်



ရောက်လာကြချေပြီ။

တောလမ်းကလေးအတိုင်း ဟိုက်စံတို့ တိတ်တဆိတ်ချဉ်းကပ်လာလေသည်။

သူတို့သည် ယူဖုံထင်း၏အိမ်ကလေးကိုဆီး၍မြင်တွေ့နိုင်သော တောင်ပူစာလေးတစ်ခုသို့ရောက်သည်တွင် ခြေလှမ်းများရပ်လိုက်ကြလေ၏။

ဟိုက်စံက အသံတိုးတိုးဖြင့်...

“အချိန်ကောင်းပဲ... သူတို့အိပ်နေကြပြီ... ”

တိမုက ဝင်ပြောလိုက်သည်။

“ဟုတ်တယ်... ကျုပ်တို့ အချက်ပြလိုက်ရင်ကောင်းမယ်... ”

ယင်းရှန်က ဟန့်တားလိုက်သည်။

“အရမ်းမလုပ်နဲ့... နေကြဦး... သူတို့တကယ်အိပ်နေမှ သုတ်သင်ရှင်းလင်းရေးအဖွဲ့ကို အချက်ပြပြီးခေါ်ရမယ်လို့ ဆရာမှာလိုက်တယ်မဟုတ်လား... ”

သူတို့သည် ယူဖုံထင်း၏အိမ်ကလေးဘက်သို့ အကဲခတ်ကြည့်လိုက်ကြပြန်သည်။

သူတို့က ယူဖုံထင်း၏အိမ်သို့အကဲခတ်နေသလို သူတို့ကိုလည်း ယန်ဟင်ဖေးက အကဲခတ်နေပါသည်။

ယန်ဟင်ဖေးသည် ခပ်လှမ်းလှမ်းရှိ သစ်ပင်တစ်ပင်နောက်ကွယ်မှ ဟိုက်စံတို့သုံးယောက်အား မျက်ခြည်မပြတ်ကြည့်နေ၏။

ဟိုက်စံတို့သည် ယူဖုံထင်း၏အိမ်ဆီသို့မသွားဘဲ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်နေကြသဖြင့် ရှေ့တော်ပြေးတာဝန်ကျသူများဖြစ်ရမည်ဟု ယန်ဟင်ဖေး နိုပ်မိလိုက်သည်။

ဟိုက်စံတို့က ရှေ့တော်ပြေးတာဝန်ယူလျှင် ယူဖုံထင်းအား သုတ်သင်ရန် မည်သူတာဝန်ယူမည်နည်း။

သုတ်သင်ရေးတာဝန်ယူသူသည် မည်သည့်အချိန်ရောက်ရှိလာပါမည်နည်း။

ဟိုက်စံတို့ အချက်ပြမှ ရောက်ရှိလာမည်မဟုတ်ပါလား။

ယန်ဟင်ဖေးသည် စိတ်ကူးဖြင့် တွက်ချက်နေသည်။

ဟိုက်စံတို့ သုတ်သင်ရေးအဖွဲ့ကို အချက်ပြခေါ်ယူခြင်းမရှိမီ ဟန့်တားရမည်ဖြစ်ကြောင်း သဘောပေါက်လာ၏။

ထို့ကြောင့်...

ကိုယ်ဖော့ပညာအသုံးပြုကာ ဟိုက်စံတို့အနီးသို့ လျှင်မြန်စွာ ချဉ်းကပ်သွားသည်။

သို့သော်...

သူအနည်းငယ် နောက်ကျသွားချေပြီ။

ဟိုက်စံက စိတ်မရှည်နိုင်သည့်အလား...

"ဟေ့... အချက်ပြလိုက်တော့ကွာ... ဒီကိစ္စမြန်မြန်ပြီးရင် ကျုပ်တို့ မြန်မြန်အနားယူရတာပေါ့..."

တိမုက ခေါင်းညိတ်ကာ အချက်ပြမီးပန်းပစ်ဖောက်လိုက်၏။

"ရှူး..."

မြည်သံနှင့်အတူ ကောင်းကင်ပေါ်သို့ အနီရောင်မီးကျည်တစ်ခုထိုးတက်လာသည်။



ထိုအချိန်တွင် ယန်ဟင်ဖေးအနီးသို့ရောက်လာပြီး...

"ဟိုက်စံ..."

ရုတ်တရက်ခေါ်သံကြောင့် လှည့်ကြည့်လိုက်လျှင် လူရိပ်တစ်ခုလေပွေပမာ တရကြမ်းတိုးဝင်လာသည်ကိုတွေ့ရ၏။

ဟိုက်စံ၊ တိမုနှင့် ယင်းရှန်တို့ ကြောင်အမ်းအမ်းဖြစ်သွားပြီး ငေးမောကြည့်နေစဉ် ယန်ဟင်ဖေးက သူတို့သုံးယောက်အား သွေးကြောပိတ်ပစ်နိုင်ခဲ့လေတော့သည်။

❀ ❀ ❀

အနီရောင်မီးကျည်တစ်ခု ကောင်းကင်ပေါ်သို့ တိုးတက်သွား၏။

ရုတ်တရက်...

ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်သွားသည်။

ယန်ဟင်ဖေးသည် သူဝင်လာခြင်းအနည်းငယ်နောက်ကျသွားခြင်းအတွက် စိတ်မကောင်းဖြစ်သွားမိသည်။

ဟိုက်စံတို့မှာ သုတ်သင်ရှင်းလင်းရေးတာဝန်ယူထားသူများအား အချက်ပြကာ ခေါ်ယူလိုက်ပြီမဟုတ်ပါလား။

ထိုလူများ မကြာမီအချိန်အတွင်းရောက်ရှိလာကြပေလိမ့်မည်။

ယန်ဟင်ဖေးက ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီး ယင်းရှန့်သွမ်းမှီထားသော အပေါ်ဝတ်ရုံကိုချွတ်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တို့နောက်...

ယူဖုံထင်း၏အိမ်ကလေးဆီသို့ ပြေးသွားလေသည်။

အိမ်ကလေးမှာ လရောင်အောက်တွင် တိတ်ဆိတ်ငြိမ်သက်နေ၏။

ယန်ဟင်ဖေးမှာ အိမ်ကလေးအနီးသို့ရောက်ရှိသွားသည်နှင့် လက်သီးဆုပ်ဖြင့် တံခါးကိုထုလိုက်၏။

"ဒုန်း... ဒုန်း... ဒုန်း..."

တံခါးခေါက်သံကျယ်လောင်စွာ ထွက်ပေါ်လာပါသည်။

နဂိုကပင် အအိပ်ဆတ်သော ယူဖုံထင်းသည် ရုတ်ခြည်း လန့်နိုးလာ၏။

အပြင်ဘက်မှ တံခါးခေါက်သံကိုကြားရလျှင် ရင်ထိတ်သွားသည်။

သူသည် လွန်ခဲ့သောငါးနှစ်ခန့်က ကျင်းအောလျှံကို ခေါ်ဆောင်ကာ ရန်သူ့လက်တွင်းမှ ထွက်ပြေးခဲ့ရသည်ကို မည်သည့်အခါမှ မေ့လို့မည်မဟုတ်ပါ။

ယခုလည်း ညအချိန်မတော် တံခါးလာခေါက်နေချေပြီ။

ယူဖုံထင်းက အိပ်ရာဘေးတွင် အသင့်ထောင်ထားသော ဓားကို ကောက်ယူကာ အပြင်ဘက်ပြေးထွက်လာ၏။

တို့နောက်...

အိမ်တံခါးရှေ့တွင် ရပ်ကာတိုက်ခိုက်ရန် အသင့်ပြင်ထားပြီး—

"ဘယ်သူလဲ..."



ယူဖုံထင်း၏အသံကြားရသောအခါ ယန်ဟင်ဖေး ဝမ်းသာသွားလေသည်။

"ကျုပ်... ယန်ဟင်ဖေးပါ..."

"ဟင်... အစ်ကိုကြီးပါလား..."

စကားသံနှင့်အတူ အိမ်တံခါးပွင့်သွားသည်။

ယူဖုံထင်းက အပေါ်ဝတ်ရုံရှည်ကြီးဝတ်ကာ လရောင်အောက်တွင် ရပ်နေသော ယန်ဟင်ဖေးကို မြင်လျှင်ဝမ်းသာသွားသည်။

"အစ်ကိုကြီး အိမ်ထဲဝင်နဲ့ပါ... ကျုပ် မီးထွန်းလိုက်ဦးမယ်..."

ယန်ဟင်ဖေးက အိမ်ထဲသို့လှမ်းဝင်ကာ တံခါးပြန်ပိတ်ထားလိုက်သည်။

တို့နောက်...

မီးထွန်းရန် ဟန်ပြင်နေသော ယူဖုံထင်းကို ဟန့်တားလိုက်လေသည်။

"ညီလေး... မီးမထွန်းနဲ့... အပြင်ဘက်မှာရန်သူတွေရှိနေတယ်..."

"ဗျာ..."

ယူဖုံထင်းသည် တအံ့တသြဖြစ်သွားလေသည်။

"မအံ့သြနဲ့ညီလေး... မင်းကို ရှင်းပြဖို့အချိန်မရှိဘူး... ကျင်းအောလျှံကိုခေါ်ပြီး အနောက်ဘက်က အသာလစ်ပြေးပေတော့... ကျုပ် သူတို့ကို အချိန်ဆွဲထားမယ်..."

ယူဖုံထင်းသည် ယန်ဟင်ဖေး၏စကားများကို နားထောင်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့သော်...

ယန့်ဟာင်ဖေး၏မျက်နှာပေါ်မှ စိုးထိတ်သောအရိပ်အယောင်ကို တွေ့ရလျှင် ရန်သူများမကြာမီ ရောက်လာတော့မည်ဖြစ်ကြောင်း နားလည်လိုက်၏။

ငါးနှစ်တာမျှ ငြိမ်းချမ်းသာယာခဲ့သော ဘဝမှာ ယနေ့ညမှစကာ ပျက်စီးသွားပြီမဟုတ်ပါလား။

ယန့်ဟာင်ဖေးက ဆက်ပြောလိုက်သည်။

"ညီလေး... အချိန်ရှိတုန်း မြန်မြန်ပြေး..."

ယွမ့်ဖုံထင်းက တအံ့တသြဖြင့်...

"အစ်ကိုကြီး မလိုက်ဘူးလား..."

"ကျုပ် သူတို့ကို အချိန်ဆွဲထားပြီး လစ်ထွက်ခဲ့မယ်... ကျုပ်တို့ စီကုန်းမြို့မှာ ပြန်ဆုံကြတာပေါ့..."

ယွမ့်ဖုံထင်းက အိပ်မောကျနေသော ကျင်းအော့လျှံအား နှိုးလိုက်သည်။

ကျင်းအော့လျှံသည် ယန့်ဟာင်ဖေးအားတွေ့လျှင် တစ်ချိန်က သူမ၏အသက်ကို ကယ်တင်ခဲ့ဖူးသူဖြစ်ကြောင်း မှတ်မိသည်။ ငါးနှစ်တာကာလဆိုသည်မှာ ဘာမျှကြာသောအချိန် မဟုတ်ပေ။

ထို့ကြောင့်...

ဂါရဝပြု အရိုအသေပေးကာ ကျေးဇူးတင်စကားဆိုလိုက်လေ၏။



"ဘဘ... သမီး အသက်ကိုကယ်ထင်ခဲ့တာကို သမီး ကျေးဇူးတင်ပါတယ်..."

ယန့်ဟာင်ဖေးက လက်ကာပြရင်း...

"တို့တွေ ပြန်ဆုံကြဦးမှာပဲ... အခုတော့ စီကုန်းမြို့ဘက်ကို ခကာရှောင်နေကြဦး..."

ကျင်းအော့လျှံက အံ့သြသွားကာ...

"ဘာဖြစ်လို့လဲ... ရန်သူတွေ ဒီနေရာကိုသိသွားကြလို့လား..."

"ဟုတ်တယ်... သူတို့မကြာခင် ရောက်လာကြတော့မယ်..."

ကျင်းအော့လျှံက အံကိုတင်းတင်းကြိတ်လိုက်ပြီး...

"အတော်ပဲ... ကျွန်မ သိုင်းပညာသင်ထားတာ ရန်သူကိုရင်ဆိုင်ဖို့ မဟုတ်လား... တစ်ပွဲတစ်လမ်း စမ်းကြည့်ရတာပေါ့..."

ယန့်ဟာင်ဖေးက ခေါင်းခါယမ်းလိုက်လေသည်။

"မဖြစ်သေးဘူး... အခုလာမယ့်လူတွေက မင်းအဖေကိုသတ်ခဲ့တရားခံမှ မဟုတ်ဘဲ... လက်အောက်ငယ်သားတွေနဲ့ ရင်ဆိုင်ဖို့ မလိုဘူး... အဓိကကျတဲ့ တရားခံကိုပဲ လက်စားချေရမှာ... မင်း သတ္တိရှိတာကို ဘဘ ဝမ်းသာတယ်..."

ကျင်းအော့လျှံသည် ဆက်၍မပြောဘဲ ခေါင်းညိတ်သဘောတူလိုက်၏။

ယန့်ဟာင်ဖေးက ယွမ့်ဖုံထင်းကိုကြည့်ကာ...

"ကဲ... ညီလေး... ယူစရာရှိတဲ့ပစ္စည်းတွေယူပြီး မြန်မြန်သွားပေတော့... ဟိုကောင်တွေ ရောက်လာတော့မယ်..."

www.burmeseclassic.com

www.burmeseclassic.com



ယူဖုံထင်းနှင့် ကျင်းအော့လျှံတို့က လိုအပ်သည့်ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်လိုက်ကြ၏။

ထို့နောက်...

ယန်ဟင်ဖေးအား နှုတ်ဆက်ကာ အနောက်ဘက်တံခါးပေါက်မှ တိတ်တဆိတ် ထွက်သွားကြလေတော့သည်။

❀ ❀ ❀

## အခန်း (၄)

## သိုဝှက်ရသော ကာရုဏာ

ထိုအခါမှ ယန်ဟင်ဖေးက အိမ်အပြင်ဘက်သို့ ပြန်ထွက်ကာ မြေကွက်လပ်ပေါ်တွင် ရပ်နေလိုက်သည်။

မျက်နှာကို ယူဖုံထင်း၏အိမ်ဘက်သို့ လှည့်ထားလိုက်၏။

မကြာပါချေ။

အနောက်ဘက်မှ ပြေးလွှားလာသောခြေသံများကို ကြားလိုက်ရလေ၏။

ယန်ဟင်ဖေး မသိမသာလှည့်ကြည့်လိုက်သောအခါ လူလေးယောက်ပြေးလွှားလာနေသည်ကို တွေ့ရ၏။

လရောင်ဖြင့် ယင်းရှန်၏ဝတ်ရုံရှည်ဝတ်ထားသည်ကို ထင်ရှားစွာတွေ့ရသောအခါ ယန်ဟင်ဖေးအား ရန်သူဟု မထင်ကြတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေ ဘယ်လိုရှိသလဲဗျာ... "

မိမိတို့လူဟုပင် ထင်ကာ လှမ်း၍ မေးလာသည်။

ယန်ဟင်ဖေးက မဖြေပေ။ အိမ်ကိုလက်ညှိုးထိုးပြသည်။ ထိုအခါ ထိုလူလေးယောက်တို့သည် အိမ်ကိုစူးစူးစိုက်စိုက် အာရုံထားကြပြီး ရှေ့သို့လှမ်းတက်လာကြသည်။ ယန်ဟင်ဖေးအနီးသို့ ဟိုးကပ်လာကြသည်။

"ကဲ... မင်းတို့ ဒီဓားကိုပဲကြည့်ကြ... "

"ဗိုး... ဝှစ်... ဝှစ်... "

ယန်ဟင်ဖေးသည် အနီးသို့ရောက်ရှိလာသော လူလေးယောက်ကို လျှပ်တစ်ပြက်တိုက်ခိုက်လိုက်လေတော့သည်။

"အိုး... "

လူလေးယောက်ထိတ်လန့်သွားသည်။

ယန်ဟင်ဖေးမှာ သူတို့လူမဟုတ်မှန်းသိလိုက်သော်လည်း နောက်ကျသွားချေပြီ။

"အား... "

"အွန်း... "

"အမယ်လေး... "

နာကျင်စွာအော်ဟစ်လိုက်ကြပြီးလျှင် လူသုံးယောက်မြေပေါ်သို့ လဲကျသွားကြလေ၏။

ကျန်တစ်ယောက်မှာမူ အချိန်မီနောက်သို့ ခုန်ဆုတ်နိုင်ခဲ့သဖြင့် အသက်ချမ်းသာရာ ရသွား၏။



သူ၏အဖော်သုံးယောက် မြေပေါ်လဲကျသွားသည်ကိုတွေ့ရသောအခါ အခြေအနေမဟန်မှန်းသိ၍ ယန်ဟင်ဖေးနှင့်တိုက်ခိုက်ခြင်းမပြုဘဲ ရုတ်တရက် နောက်လှည့်ကာ ထွက်ပြေးသွားလေတော့သည်။

"မပြေးနဲ့... "

ယန်ဟင်ဖေးက အော်ငေါက်ကာ နောက်မှပြေးလိုက်သွား၏။

ထိုလူက သစ်ပင်များအကြားသို့ ဝင်ပြေးသဖြင့် ရုတ်တရက် လိုက်မမီချေ။

ထိုစဉ်မှာပင်...

သူတို့နှင့် မျက်နှာချင်းဆိုင်မှ လူနှစ်ယောက်ထွက်ပေါ်လာသည်ကို တွေ့မြင်ရလေသည်။ ထွက်ပြေးသွားသူသည် ထိုလူနှစ်ယောက်ကို တွေ့သောအခါ ဝမ်းသာသွားသည်။

ယန်ဟင်ဖေး ရုတ်တရက်ခြေလှမ်းများ ရပ်လိုက်သည်။

ထွက်ပြေးသွားသူက နောက်ဘက်သို့လက်ညှိုးထိုးကာ အော်ဟစ်လိုက်သည်။

"ရန်... ရန်သူ... "

သူ၏စကားကြားရလျှင် ထိုလူနှစ်ယောက်မှာ ယန်ဟင်ဖေးနှင့် ရင်ဆိုင်လိုက်ကြလေ၏။

ယန်ဟင်ဖေးမှာ ထိုလူနှစ်ယောက်အနက်မှ တစ်ယောက်ကို သိရှိထား၏။

ထိုလူမှာ မြို့တော်ဝန်ကိုယ်ရံတော်ခေါင်းဆောင် ယွန်ဖေးဟုန် ဖြစ်ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်ဖေးဟုန်က ယန်ဟင်ဖေးကိုကြည့်ကာ…

"ဒီမှာ ယူဖုံထင်း… မင်း အေးအေးဆေးဆေးအဖမ်းခံရင် ကျုပ် သက်သက်ညှာညှာစဉ်းစားပေးမယ်… ခုခံရင်တော့ ကျုပ်အဆိုး မဆိုနဲ့… "

ထိုစဉ်…

ထွက်ပြေးလာသူက ကြားဖြတ်ပြောလိုက်လေသည်။

"ကိုယ်ရံတော်ခေါင်းဆောင်ကြီး… ဒီလူဟာ ယူဖုံထင်း မဟုတ်ဘူး… သူ ကျွန်တော်တို့ လူသုံးယောက်ကိုသတ်ပစ်လိုက်ပါတယ်… "

ထိုစကားကြားရလျှင် ယွန်ဖေးဟုန် အံ့သြသွားလေသည်။ ယန်ဟင်ဖေးအား သေသေချာချာအကဲခတ်ကြည့်ကာ…

"မင်း ဘယ်သူလဲ… "

ယန်ဟင်ဖေးက ရယ်မောလိုက်သည်။

"ဟား… ဟား… ဟား… ယူဖုံထင်းကိုသတ်ဖို့ ကိုယ်ရံတော်ခေါင်းဆောင်ကြီးကိုယ်တိုင် လိုက်လာရတယ်ဆိုတော့… ရယ်စရာကောင်းပါတယ်လေ… ဒီမှာ ယွန်ဖေးဟုန်… ကျုပ် ဘယ်သူလဲဆိုတာ မမှတ်မိတော့ဘူးလား… ဓားပြဘဝကနေ နယ်ချဲ့မန်ချူးလက်ပါးစေဖြစ်သွားလို့ အဝင်မြင့်နေပြီထင်တယ်… ကျုပ်ကိုတောင် မမှတ်မိတော့ဘူးနဲ့တူတယ်… "

ယွန်ဖေးဟုန်မှာ ဒေါသချောင်းချောင်းထွက်သွားသည်။

"မင်း… မင်း… "

ပြောရင်း သူသည် ယန်ဟင်ဖေးကို တဖြည်းဖြည်းမှတ်မိလာ



သည်။

မသဲမကွဲလရောင်ဖြင့် ယန်ဟင်ဖေး၏မျက်နှာကို ကောင်းစွာ တွေ့လိုက်ရပြီမဟုတ်ပါလား။

"လက်စသတ်တော့… သူ့ရဲကောင်းကြီးယန်ဟင်ဖေးကိုး… ဒါကြောင့်လည်း ခင်ဗျား အတင့်ရဲတာပဲ… ခင်ဗျား ယူဖုံထင်းဘက်က ဝင်ကူရင် ဒုက္ခများမယ်ထင်တယ်… ကျုပ်တို့နဲ့အတူတူ လက်တွဲပါ… ခင်ဗျားအကျိုးရှိစေရမယ်ဆိုတာ ကျုပ် တာဝန်ယူတယ်… "

ယွန်ဖေးဟုန်၏စကားလုံးများသည် သံရည်ပူများ နားတွင်းသို့ တိုးဝင်လာသကဲ့သို့ အစ်ရခက်လှသည်ဟု ယန်ဟင်ဖေး ခံစားမိလေသည်။ သစ္စာဖောက်လောက်ကောင်၏ အသံသည် ငှက်ဆိုးထိုးသံနှင့် တူလှ၏။

ထို့အပြင် သူ့အား စော်ကားသည်ဟုတွေးမိကာ…

"ကျုပ်က မင်းတို့လို မန်ချူးနောက်လိုက်ခွေးတွေနဲ့ မိတ်ဆွေဖွဲ့မယ်ထင်ထားရင်… မင်း ရူးနေလို့ပဲ… "

ယွန်ဖေးဟုန်က မဲ့ပြုံးပြုံးကာ…

"ခင်ဗျားက ကျုပ်ကို အာခံချင်သလား… ခင်ဗျား စမ်းကြည့်ပေါ့ဗျာ… "

"ကျုပ်ကိုသတ်လို့ရမယ်ထင်ရင် စမ်းကြည့်ပေါ့… "

ပြောပြီး သူကပင် စတင်တိုက်ခိုက်လိုက်သည်။

ယွန်ဖေးဟုန်လည်း ပြန်လည်တိုက်ခိုက်ခုခံလိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်ဖေးဟုန်မှာ တောပုန်းဓားပြတစ်ယောက်ဖြစ်ရာ ယန်ဟင်ဖေးထက် ပို၍တိုက်ပွဲအတွေ့အကြုံရင့်ကျက်သည်။ တိုက်ခိုက်မှုအတွေ့အကြုံများသည်။

ထို့အပြင်...

ကောက်ကျစ်စဉ်းလဲသောနည်းမျိုးစုံကို အသုံးပြုကာ သူ၏ရန်သူကို အနိုင်ယူတတ်သည်။ ဤကား သူ့အကျင့်စရိုက်ပင်။

ထို့ကြောင့်...

ယန်ဟင်ဖေးမှာ သတိကြီးစွာထားကာ ယှဉ်ပြိုင်တိုက်ခိုက်နေရသည်။

ယန်ဟင်ဖေးနှင့် ယွန်ဖေးဟုန်တို့ လက်ရည်မျှနေကြသောကြောင့် တစ်ယောက်နှင့်တစ်ယောက် မည်သူမှ အနိုင်မရကြချေ။

သိုင်းကွက်တစ်ရာကျော်တိုက်ခိုက်ပြီး အဖြေမပေါ်သဖြင့် ယွန်ဖေးဟုန်နှင့်အတူပါလာသူက မနေနိုင်တော့ပါ။

"ကဲ... ကျုပ် ဝင်ပြီ..."

စကားဆုံးသည်နှင့် ရှေ့သို့ခုန်ဝင်ကာ ယန်ဟင်ဖေးအား တိုက်ခိုက်လိုက်လေတော့သည်။

ထိုလူဝင်တိုက်ခိုက်သည်နှင့် ယွန်ဖေးဟုန်မှာ အပေါ်စီးရသွား၏။

ယန်ဟင်ဖေးလည်း မခံနိုင်တော့ဘဲ နောက်ဆုတ်သွားရသည်။

ယန်ဟင်ဖေးအား အနိုင်ရရှိ၍အခြေအနေတွေ့ရသောအခါ ယွန်ဖေးဟုန်က တဟားဟားအော်ဟစ်ရယ်မောလေတော့၏။



"မိတ်ဆွေဝမ်ချို့ဟာ အားကိုးရပါပေတယ်ဗျာ..."

ယွန်ဖေးဟုန်အား ဝင်၍ကူညီသူမှာ ဝမ်ချို့ဖြစ်ကြောင်း ယန်ဟင်ဖေးက သိလိုက်ရ၏။

ဝမ်ချို့က လုံးဝစကားပြန်မပြောဘဲ ယန်ဟင်ဖေးကိုသာ ဖိကာ တိုက်ခိုက်နေသည်။

ယန်ဟင်ဖေးမှာ ဝမ်ချို့၏တိုက်ကွက်များကို မခံနိုင်တော့ချေ။

တဖြည်းဖြည်းနောက်ဆုတ်နေရာမှ ကြာလျှင် အသက်အန္တရာယ်ထိခိုက်နိုင်ကြောင်း သဘောပေါက်လိုက်သဖြင့်...

"ကျုပ်တို့ နောက်တွေ့ကြသေးတာပေါ့..."

ပြောပြီးလျှင် နောက်ကျွမ်းပစ်ကာ ခုန်ထွက်သွားသည်။

မြေပေါ်သို့ ခြေပြန်ချမိသည်နှင့် သစ်ပင်များအကြားသို့ ပြေးဝင်သွားလေသည်။

"ရပ်လိုက်..."

ယွန်ဖေးဟုန်နှင့်ဝမ်ချို့တို့က ကျယ်လောင်စွာအော်ဟစ်ကာ နောက်မှ ပြေးလိုက်သွားသော်လည်း ယန်ဟင်ဖေးအား မမီတော့ချေ။

ယန်ဟင်ဖေး ထွက်ပြေးသွားသည်မှာ သစ်ပင်အကြိုအကြားအတွင်းသို့ ဖြစ်လေသည်တကား။

ယန်ဟင်ဖေးမှာ သစ်ပင်များအကြား ပတ်ပြေးသွားပြီး မြင်ကွင်းမှပျောက်ကွယ်သွားလေတော့သည်။

ယန်ဟင်ဖေး ထွက်ပြေးလွတ်မြောက်သွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ချိုနှင့် ယွန်ဖေးဟုန်တို့က လိုက်၍မမီတော့မှန်းသိသဖြင့် ခြေလှမ်းရပ်လိုက်ကြသည်။

ဝမ်ချိုက ယွန်ဖေးဟုန်ကိုကြည့်ကာ...

"ဒီလူ မဆိုးဘူး... ယူဖုံထင်းမှာ ဒီလိုမိတ်ဆွေမျိုးရှိနေတာ ကောင်းတယ်လို့ဆိုရမယ်... "

ယွန်ဖေးဟုန်သည် မကျေမနပ်ဖြစ်သွား၏။

"သူက ယူဖုံထင်းရဲ့မိတ်ဆွေ မဟုတ်ပါဘူး... ဝမ်းကွဲအစ်ကို တစ်ယောက်ပါ... ကျုပ် ယူဖုံထင်းကို လိုချင်နေမှန်းသိရင် သွေးရင်းသားရင်းကလွဲလို့ ဘယ်မိတ်ဆွေမှ ယူဖုံထင်းကို ကူညီရဲဘူးလို့ ကျုပ်ထင်တယ်... "

ဝမ်ချိုက ပြုံးလိုက်လေသည်။

"ကျုပ်တို့ ယူဖုံထင်းရဲ့အိမ်ကိုသွားကြည့်ရင် မကောင်းဘူးလား... "

"ကောင်းတယ်... သွားကြတာပေါ့... "

သူတို့နှစ်ယောက်မှာ ယူဖုံထင်း၏အိမ်ကလေးဆီသို့ ဦးတည် ပြေးသွားကြလေ၏။ သူတို့၏နောက်မှ ယွန်ဖေးဟုန်၏တပည့်လည်း ပြေးလိုက်သွားသည်။

ယူဖုံထင်း၏တစ်အိမ်လုံး ဖရိုဖရဲဖြစ်နေသည်။

ဝမ်ချိုနှင့် ယွန်ဖေးဟုန်တို့ မြေလှန်မွှေနှောက်ရှာဖွေလိုက်သော်လည်း ယူဖုံထင်းကို မတွေ့ရချေ။

ယွန်ဖေးဟုန်က ကြိတ်မနိုင် ခဲမရဖြစ်သွားသည်။



"ဟို... ယန်ဟောင်ဖေးဆိုတဲ့လူ ဝင်မရှုပ်ရင် ယူဖုံထင်း ထွက်ပြေးနိုင်မှာ မဟုတ်ဘူး... ကျုပ် သေသေချာချာစီစဉ်ထားတာဗျ... "

ဝမ်ချိုက သက်ပြင်းချကာ...

"ပြီးခဲ့တာတွေကို ပြောနေဖို့မလိုတော့ဘူး... အခု ယူဖုံထင်း ဘယ်ကိုပြေးသလဲ... ဒါကို စဉ်းစားရမယ်... ကြံပြင်ခုတ် ကြံငုတ်မကျန် အောင်းပစ်ရမယ်... မီးကြွင်းမီးစဟာ ပြဿဒ်ကြီးတစ်ခုလုံးကို လောင်နိုင်တယ်... "

ယွန်ဖေးဟုန်က ပြုံးလိုက်ပြီး...

"ခင်ဗျား ပြောတာမှန်လိုက်လေဗျာ... "

ဝမ်ချိုက ဆက်ပြောလိုက်ပြန်သည်။

"သူတို့နှစ်ယောက်အချိန်းအဆက်လုပ်ထားတာဗျ... သူတို့ အားတက်တဲ့နေရာသိရင်... ဒီတစ်ခါ ထွက်ပြေးလို့လွတ်မှာ မဟုတ်တော့ဘူး... "

ဝမ်ချိုက သဘောကျစွာရယ်မောလိုက်သည်။

ယွန်ဖေးဟုန်ကလည်း အားရပါးရ ရယ်မောလိုက်ပြီး...

"ဟား... ဟား... ဟား... "

"ဟား... ဟား... ဟား... "

သူတို့နှစ်ယောက်က ရယ်မောသံမှာ ဝန်းကျင်တစ်ခုလုံးသို့ ပျံ့လွင့်သွားလေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



စီကုန်းမြို့…

စီကုန်းမြို့အပြင်ဘက်တွင် ဘုံကျောင်းငယ်တစ်ခု ရှိသည်။

ထိုဘုံကျောင်းမှ အစောင့်အဘိုးအိုမှာ ယုဖုံထင်း၏မိတ်ဆွေ တစ်ယောက်ဖြစ်သည်။

ယုဖုံထင်းနှင့် ယန်ဟင်ဖေးတို့ စီးကုန်းမြို့သို့ရောက်လျှင် ထိုဘုံကျောင်းတွင် ဝင်၍တည်းခိုနေကြမြဲဖြစ်၏။

ယခုလည်း ယုဖုံထင်း စီကုန်းမြို့သို့ရောက်လာသောအခါ ဘုံကျောင်းသို့ဦးတည်သွားလေသည်။

ယန်ဟင်ဖေးမှာလည်း ဝမ်ရှီတို့လက်မှ လွတ်ပြေးလာခဲ့ပြီး စီကုန်းမြို့သို့ရောက်လျှင် ဘုံကျောင်းသို့ပင် ဦးတည်သွားသည်။

ဘုံကျောင်းသို့ရောက်ပါက ယုဖုံထင်းနှင့် မလွဲမသွေတွေ့ရမည်ဖြစ်လေတော့သည်။

ယန်ဟင်ဖေးသည် ဘုံကျောင်းသို့ရောက်ရှိလာလေ၏။

အန္တရာယ်မှလွတ်မြောက်လာသော ယန်ဟင်ဖေးကို ယုဖုံထင်းက ဝမ်းသာအားရ ဆီးကြိုသည်။

ယန်ဟင်ဖေးက သူရင်ဆိုင်တိုက်ခိုက်ခဲ့ရပုံကို ပြောပြသည်။ ယွန်ဖေးဟုန်နှင့် တွေ့ဆုံခဲ့ရပုံကို ပြောပြသည်။

သူသည် စကားဆုံးသည်အထိ ကျောင်းအောင်လှိုင်အား မတွေ့ သဖြင့်…

"ကျောင်းအောင်လှိုင်ကော… မတွေ့မိပါလား…"



ယုဖုံထင်း၏မျက်နှာ ညှိုးငယ်သွားသည်။

စိတ်မချမ်းမြေ့သောလေသံဖြင့်…

"အစ်ကိုကြီး… သူ နေမကောင်းဖြစ်နေတယ်… "

ယန်ဟင်ဖေးသည် တအံ့တသြဖြင့်…

"အခု ဘယ်မှာလဲ… "

ယုဖုံထင်းက အတွင်းခန်းဘက်သို့လှမ်းကြည့်ကာ…

"အိပ်ရာထဲ လဲနေတယ်လေ… "

"ကျုပ် သူ့ကိုကြည့်ချင်တယ်… "

သူသည် ထိုင်ရာမှထလိုက်ပြီး…

"ကျုပ် နောက်လိုက်ခဲ့ပါ… "

ယုဖုံထင်းက ဘုံကျောင်းနောက်ဘက် အစောင့်အဘိုးအို၏ အခန်းငယ်သို့ ခေါ်ဆောင်သွားလေ၏။

ဘုံကျောင်းစောင့်အဘိုးအိုမှာ ယုဖုံထင်းတို့ရောက်လာသဖြင့် နေရာထိုင်ခင်း စီစဉ်ပေးပြီး သူကိုယ်တိုင်မူ ဘုံကျောင်းရှေ့ခန်းမကြီးထဲ၌ နေထိုင်လိုက်သည်။

ဘုံကျောင်းစောင့်အဘိုးအို၏အခန်းသို့ရောက်သောအခါ အိပ်ရာထက်တွင် ခွေခွေလေးလဲလျောင်းနေသော ကျောင်းအောင်လှိုင်ကို တွေ့လိုက်ရသည်။

သူမ၏အသားအရေမှာ ဖြူဖွေးနေပြီး တစ်ကိုယ်လုံး ချွေးချစ်တောက်ပူကာ သတိလစ်မေ့မျောနေ၏။

ကျောင်းအောင်လှိုင်၏လက်ကောက်ဝတ်မှ သွေးညှိနှုန်းကို စမ်း

www.burmeseclassic.com

www.burmeseclassic.com



သပ်ကြည့်လိုက်သောအခါ ယန်ဟင်ဖေး ရင်ထိတ်သွားရသည်။

ယူဖုံထင်းအား တစ်ချက်ကြည့်ရင်း...

"ညီလေး... တို့ သူ့ကိုအချိန်မီ ဆေးကုပေးမှဖြစ်မယ်... ဒါမှ မဟုတ်ရင် သူ့အသက် နောက်တစ်ပတ်လောက်ပဲခံတော့မယ်... "

ထိုစကားကြားရလျှင် ယူဖုံထင်းသည် မျက်နှာကွက်ခနဲ ပျက်သွားသည်။ သူသည် ကျင်းအော့လျှံကို အသက်ပေးစောင့်ရှောက်မည်ဟု သခင်ကြီးကျင်းယို့စီးအား အာမခံခဲ့သည်မဟုတ်ပါလော။ သူသည် အလွန်စိုးရိမ်သွား၏။

"ဒုက္ခပါပဲ... ဒီစီကုန်းမြို့ထဲမှာ သမားတော်လိုက်ရှာပြီးပြီ... ခရီးထွက်သွားတယ်ပြောလို့ ဆေးကုဖို့ ဒုက္ခရောက်နေတာ... ဒီအတိုင်း ဆိုရင် ဆေးကုဖို့တခြားမြို့ကိုသွားရမလိုဖြစ်နေပြီ... "

ယန်ဟင်ဖေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... တို့ တခြားမြို့ကို သွားရမှာပဲ... "

ယူဖုံထင်းက စိတ်ဝင်စားစွာဖြင့်...

"အစ်ကိုကြီး အသိ သမားတော်မရှိဘူးလား... "

"ရှိပါတယ်... ကျုပ်မိတ်ဆွေ သမားတော်ဆီကို သူ့ကိုခေါ်သွားဖို့ ကျုပ်စိတ်ကူးထားတယ်... ဒါပေမယ့်... "

ပြောလက်စစကားကို တစ်ပိုင်းတစ်စဖြင့်ရပ်ကာ ယူဖုံထင်းအား တစ်ချက်ကြည့်ကာ...

"သမားတော်ဆီကို ကျုပ်တို့အကုန်လုံးသွားလို့မဖြစ်ဘူး... ပြီးတော့ ကျုပ်တို့တတွေ စုပေါင်းပြီး သွားလာလှုပ်ရှားရင် ရန်သူခြေ



ရာခံနိုင်တယ်... "

ယူဖုံထင်းက စိတ်ဝင်စားစွာဖြင့်...

"ဒါဖြင့်... "

ယန်ဟင်ဖေးက ဆက်ပြောလိုက်သည်။

"ကျုပ်က ကျင်းအော့လျှံကို ခေါ်သွားပြီး ရောဂါပျောက်အောင် ဆေးကုပေးမယ်... သူ သက်သာပျောက်ကင်းသွားပြီဆိုရင်... ဆရာတစ်ယောက်ဆီပို့ပြီး သိုင်းပညာကို သင်ခိုင်းမယ်... "

ယူဖုံထင်းက ကြားဖြတ်ပြောလိုက်သည်။

"ဒီလိုဆို ကျုပ်က ဘယ်ကိုသွားရမှာလဲ... "

ယန်ဟင်ဖေးက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"မင်းကို သူတို့က မှတ်မိနေတယ်... ဒါကြောင့် အပြောင်းအလဲဖြစ်သွားအောင် ကျုပ်ခေါ်သွားမယ်... မင်းကတော့ တစ်နေရာရာမှာ သင့်တော်သလိုနေလိုက်ပေါ့ကွာ... ဒါက မင်းအတွက် ငါကစေတနာနဲ့ စီစဉ်ပေးတာ... "

ယူဖုံထင်းမှာ ယန်ဟင်ဖေး၏စကားကို မငြင်းပယ်နိုင်ချေ။ ယန်ဟင်ဖေး ပြောသည့် စေတနာစကားသည် အမှန်ပင်ဖြစ်သည်။

သူ၏သိုင်းပညာမှာ မဆိုစလောက်ဖြစ်နေ၍ ကျင်းအော့လျှံအား ရှေ့ရှည်တာဝန်ယူထားရန် မလွယ်ချေ။ ယွန်ဖေးဟုန်သည် မြို့စားကြီး ကျင်းယို့စီးကိုပင် ဒုက္ခပေးနိုင်သူ ဖြစ်သည်။

ယန်ဟင်ဖေး၏အကြံအတိုင်းဆိုလျှင် သူနှင့်ကျင်းအော့လျှံတို့ တစ်ကွဲတစ်ပြားစီ ဖြစ်သွားသော်လည်း သင့်မြတ်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယွန်ဖုံထင်း၏မျက်လုံးအစုံတွင် သေဆုံးသွားသော ကျင်းအော့လျှံ၏ဖခင် မြို့စားကြီးကျင်းလိုမီး၏မျက်နှာကို မြင်ယောင်လာသည်။

"အစ်ကိုကြီး ကောင်းမယ်ထင်သလို စီစဉ်ပါ... ကျုပ် မကန့်ကွက်ပါဘူး..."

ယန်ဟင်ဖေးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ကောင်းပြီ... မင်း အချိန်ရှိတုန်း ထွက်သွားလိုက်တော့... ကျင်းအော့လျှံ နိုးလာရင် ကျုပ်စီစဉ်တာကို လက်ခံချင်မှ လက်ခံလိမ့်မယ်..."

ယန်ဟင်ဖေးမှာ ကျင်းအော့လျှံအတွက် အကောင်းဆုံးနည်းလမ်းကို ရှာဖွေကြံဆခြင်းဖြစ်ကြောင်း ယွန်ဖုံထင်း နားလည်သည်။

ထို့ကြောင့် ခေါင်းညိတ်ရင်း...

"ကျုပ် သွားပါမယ်... အစ်ကိုကြီးနဲ့မကြာခဏ ပြန်တွေ့နိုင်ကြပါစေ..."

ယန်ဟင်ဖေးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ကောင်းပါပြီ... ကျုပ် မကြာခဏ လာတွေ့ပါ့မယ်..."

ယွန်ဖုံထင်သည် ကျင်းအော့လျှံအား တစ်ချက်ကြည့်လိုက်ပြီး ဘုံကျောင်းထဲမှ ထွက်သွားလေတော့သည်။

❀ ❀ ❀

## အခန်း (၅)
## နိုလှိုခွင့်ရခြင်း

ထိုအခါမှ ယန်ဟင်ဖေးသည် ကျင်းအော့လျှံကိုခေါ်ဆောင်ကာ ဘုံကျောင်းမှတ်မှ ထွက်ခွာလာခဲ့၏။

သူတို့သည် မြင်းတစ်ကောင်ငှားရမ်းကာ စီကုန်းမြို့မှ ထွက်လာကြသည်။

ယန်ဟင်ဖေးမှာ ဉာဏ်အသေတစ်ပိုက်ကို ကျွမ်းကျင်သူဖြစ်ခဲ့သည်။

ယွန်ဖုံထင်းက သမားတော်ရှာမရနိုင်သော်လည်း သူက စီကျုံမြို့၏မြောက်ဘက် ဈေးတလေးတွင် ကျင်းအော့လျှံအား ဆေးကုသရန် သမားတော်တစ်ယောက်ကို ရှာဖွေနိုင်ခဲ့သည်။

ထိုသမားတော်က ယန်ဟင်ဖေးတို့ တည်းခိုနေသော အခန်းသို့လိုက်လာပြီး ကျင်းအော့လျှံအား စမ်းသပ်ကြည့်သည်။

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



ဆေးများဖေးကာ ပြန်သွားသည်။

ကျင်းအောင့်လျှံ နောက်ထပ်သုံးရက်ကြာလျှင် လုံးဝသက်သာသွားလိမ့်မည်ဟု အာမခံပြောကြားခဲ့သည်။ ထိုသမားတော်ကြီးကို ယန်ဟင်ဖေး လုံးဝယုံကြည်ပေသည်။

ယန်ဟင်ဖေးမှာ ကျင်းအောင့်လျှံအတွက် စိတ်ချရပြီဖြစ်သောကြောင့် သက်ပြင်းချနိုင်ခဲ့လေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ကျင်းအောင့်လျှံ၏ဝေဒနာမှာ တစ်နေ့တခြား သက်သာလာ၏။

သူမ၏မျက်နှာဖြူဖပ်ဖြူရော်ဖြစ်နေရာမှ သွေးရောင်လွှမ်းလာပြီသည်။

ယန်ဟင်ဖေးက အချိန်မှန်ဆေးတိုက်ကာ ကိုယ်ဖိရင်ဖိပြုစုပေးလေသည်။

ဤမိန်းကလေးအသက် သေဆုံးသွား၍ မဖြစ်ပါ။

သူမ ကြီးပြင်းလာသည်အထိ ကျွေးမွေးပြီး သိုင်းပညာသင်ကြားပေးရဦးမည် မဟုတ်ပါလား။

ဆေးကုသပြီး လေးရက်မြောက်သောနေ့တွင် ကျင်းအောင့်လျှံ ကောင်းစွာ သတိရလာလေသည်။

သူမ သတိရလာချိန်တွင် အခန်းတွင်း၌ ယန်ဟင်ဖေးရှိ မနေပါချေ။

ကျင်းအောင့်လျှံက အိမ်ရာထက်မှ လူးလိမ့်ထရင်း...

"ဘာဘာ... ဘာဘာ..."



သူမ၏အသံမသဲမကွဲထွက်လာလျှင် မီးဖိုခန်း၌ဆန်ပြုတ်ပြုတ်နေသော ယန်ဟင်ဖေးက ချက်ချင်းပြေးလာလေသည်။

"ဘာဘာထင်း..."

ကျင်းအောင့်လျှံက ယူဖုံထင်း၏အမည်ကို တတွတ်တွတ်ခေါ်နေလေသည်။

ယန်ဟင်ဖေး ရောက်လာသည်ကို တွေ့ရလျှင်...

"ဘာဘာ... ဘာဘာထင်းကော..."

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ယူဖုံထင်းက အရေးကြီးတဲ့ကိစ္စရှိလို့ ထွက်သွားပြီ... မင်းနေကောင်းမှ ဘာဘာ လိုက်ပို့ပေးမယ်..."

ကျင်းအောင့်လျှံသည် မှိုင်ကျသွားလေသည်။

သူမသည် အတန်ကြာမှိုင်တွေနေပြီးနောက် ဝေဒနာအရှိန်မပြေ ပြန်၍ အိပ်ပျော်သွားလေတော့သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

ညသန်းခေါင်အချိန်သို့ပင် ရောက်ရှိနေပြီဖြစ်၍ လူအားလုံး အိပ်မောကျလောက်သည့်အချိန်တွင် ကျင်းအောင့်လျှံက နှစ်ခြိုက်စွာ အိပ်မောကျနေသည်။

သို့သော်...

ယန်ဟင်ဖေးမှာမူ အိပ်မပျော်နိုင်သေးချေ။

ကျင်းအောင့်လျှံ၏နံဘေးတွင် ထိုင်ရင်း ငေးမောကြည့်နေ၏။

သနားစရာကောင်းလှသော သူမ၏အဖြစ်အပျက်များကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



တွေးမိလေသည်။

မည်သို့ဆိုစေ ကျွန်းအောလျှံအား လူလားမြောက်အောင် ကျွေးမွေးသုတ်သင်တာ သိုင်းပညာသင်ပေးပြီးလျှင် တရားခံအစစ် အမှန်ကို ဖော်ထုတ်နိုင်းရပေလိမ့်မည်။

ကျွန်းအောလျှံအား သိုင်းပညာသင်ကြားပေးရန်အတွက်လည်း ယန်ဟောင်ပေး အမျိုးမျိုးစဉ်းစားမိသည်။ ကျွန်းအောလျှံ၏ရန်သူများကို တိုက်ခိုက်နိုင်ရန်အတွက် တော်ရုံတန်ရုံသိုင်းပညာမျိုး သင်ကြားပေး၍ မဖြစ်ပါ။

သူကိုယ်တိုင်သိုင်းလောကတွင် ခြေသလုံးအိမ်တိုင်သွားလာနေသူတစ်ယောက်ဖြစ်၍ တာဝန်မယူနိုင်ပါ။

ကျွန်းအောလျှံကို ဆရာကောင်းသမားကောင်းတစ်ယောက်ထံသို့ ပို့ပေးရပေလိမ့်မည်။

အတန်ကြာစဉ်းစားပြီးမှ လူတစ်ယောက်ကို သတိရလာသည်။

ယန်ဟောင်ပေးသည် ဝမ်းသာအားရဖြစ်သွားကာ…

"ဟုတ်သားပဲ… ဒီလူ့ဆီကို ပို့လိုက်ရင် စိတ်လည်းချရတယ်… ကျွန်းအောလျှံလည်း ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်လာမှာ သေချာတယ်…"

ယင်းသို့ကြိတ်၍ ရေရွတ်ရင်း တစ်စုံတစ်ခုကိုတွေးမိကာ မျက်နှာညိုးမှိုင်းသွားပြန်၏။

ထို့နောက်…



သက်ပြင်းကို လေးလေးပင်ပင်ချကာ…

"အင်း… သူက ဘယ်တော့မှတပည့်လက်မခံဘူးလို့ ပြောတယ်… မတတ်နိုင်ဘူး… ကြိုးစားကြည့်ရမှာပဲ… ကျွန်းအောလျှံရဲ့ ကံကြမ္မာလို့သာ ပြောရမှာပေါ့… "

သူက ရှည်ရှည်ဝေးဝေးဆက်မတွေးတော့ပါ။

ကျွန်းအောလျှံ၏အခန်းအပြင်တွင်ရှိသော သူ၏အိပ်ရာဆီသို့ လျှောက်သွားကာ ခြေပစ်လက်ပစ်လဲလျောင်းလိုက်သည်။

မကြာပါချေ။

သူသည် တခေါခေါဟောက်ကာ အိပ်ပျော်သွားလေတော့သည်။

❀ ❀ ❀

"တုံ… တုံ… တုံ… "

အဝေးမှ အုန်းမောင်းခေါက်သံသုံးချက် ထွက်ပေါ်လာသည်။

ယန်ဟောင်ပေးသည် အိပ်ရာမှဖြတ်ခနဲ လန့်နိုးလာ၏။

သူ၏ဘဝတစ်လျှောက်လုံး နှစ်မြိုက်စွာ အိပ်ပျော်ခဲ့ရသည် မရှိခဲ့ပေ။

အကြောင်းမှာ…

အသက်အရွယ်အမျိုးမရွေး ရင်ဆိုင်ရနိုင်သော သိုင်းသမား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်နေသည်မဟုတ်ပါလား။

ယခုလည်း တစ်စုံတစ်ခု ထူးခြားနေပြီဟူသော မသိစိတ်က နိုးဆော်ချက်ကြောင့် လန့်နိုးလာခြင်းဖြစ်လေသည်။

ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ရာ ကျင်းအော့လျှံသည် ပြတင်းပေါက်ကိုဖွင့်ကာ ထွက်ပြေးရန် ကြိုးစားနေသည်မဟုတ်ပါလား။

သူမ၏ဝေဒနာများ သက်သာလာပြီဖြစ်သော်လည်း ထွက်ပြေးရန် ခွန်အားပြည့်စုံမည် မဟုတ်ချေ။

ယန်ဟင်ဖေးက ဆတ်ခနဲ ထထိုင်လိုက်ပြီး…

"ကျင်းအော့လျှံ… "

သူမ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

"ဟို… ဟို… "

ယန်ဟင်ဖေးအား လှည့်ကြည့်ကာ အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။

"သမီး ဘယ်သွားမလို့လဲ… တော်တော်ကြာ ယူဖုံထင်းနဲ့ တွေ့သွားဦးမယ်… အချိန်တန်ရင် သမီးဟာ ယူဖုံထင်းကို တွေ့ရမှာပါ… "

ကျင်းအော့လျှံသည် တအံ့တဩဖြစ်သွားကာ…

"ရှင်… ဘဘထင်းနဲ့ လွဲသွားမယ်ဟုတ်လား… "

ယန်ဟင်ဖေးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး…

"ဟုတ်တယ်… "

ကျင်းအော့လျှံသည် မျက်မှောင်ကုတ်လိုက်ပြီး…

"ဘဘထင်း ထွက်သွားပြီဆို… "



ယန်ဟင်ဖေးက ခေါင်းညိတ်ပြလိုက်ပြန်သည်။

"ဟုတ်တယ်… ဒါပေမယ့် သမီး နေမကောင်းသေးလို့ ဘဘ လိုက်မပို့ဘဲ တစ်ရက်နှစ်ရက်လောက်နေမလို့… သမီး နေကောင်းသွားရင် သူ့ဆီကို လိုက်ပို့ပေးမှာပါ… "

ကျင်းအော့လျှံက သက်ပြင်းတစ်ချက်ချလိုက်ပြီး…

"သူက ဘယ်မှာလဲ… "

"ဒီကနေ မိုင်နှစ်ဆယ်လောက်ဝေးတဲ့နေရာမှာ ရှိတယ်… "

ကျင်းအော့လျှံသည် အတန်ကြာတွေဝေနေပြီးမှ…

"ဘဘက ကျွန်မအတွက် တာဝန်ယူမယ်ဆိုပါတော့… "

ယန်ဟင်ဖေးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး…

"ဟုတ်တယ်… သမီးကိုစောင့်ရှောက်ရတဲ့တာဝန်ကအံ့ရာယ်ကြီးတယ်… ယူဖုံထင်းဟာ သိုင်းပညာအဆင့်မမြင့်ဘူး… ဒီတော့ သူ့ကိုယ်စား ဘဘက တာဝန်ယူရတာပေါ့… "

ကျင်းအော့လျှံက ဆက်မေးလိုက်ပြန်သည်။

"ဘဘက ကျွန်မကို သိုင်းပညာသင်ပေးမှာလား… "

ယန်ဟင်ဖေးက ခေါင်းခါယမ်းလိုက်လေသည်။

"ဘဘရဲ့သိုင်းပညာဟာ သမီးအတွက် မလုံလောက်နိုင်ပါဘူးကွယ်… ဒါကြောင့် ဆရာတစ်ယောက်ဆီ ပို့ပေးဖို့ဆုံးဖြတ်ထားပါတယ်"

ယန်ဟင်ဖေး၏ သိုင်းပညာမှာ ယူဖုံထင်းထက်ပင် တော်ကြောင်း တတ်ကြောင်း ကျင်းအော့လျှံ သဘောပေါက်ထား၏။

ယန်ဟင်ဖေးက သူ သင်ပေး၍ မဖြစ်ကြောင်းပြောလျှင် သူမ

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ရမည့်ရန်သူကို ယန်ဟင်ဖေးလည်း မနိုင်ကြောင်း ရိပ်မိလိုက်၏။ သူမသည် အရွယ်ရောက်စပြုလာပြီ မဟုတ်ပါလား။ အခြေအနေကို စဉ်းစားတတ်ပေသည်။

ကျင်းအော့လျှံ၏ရင်တွင်း၌ ခံပြင်းစိတ်လေးများ ဖြစ်ပေါ်လာသည်။

ယန်ဟင်ဖေးနှင့် ယူဖုထင်းတို့သည် သူတို့၏အသက်ကိုပင် ပဓာနမထားဘဲ သူမ၏အသက်အား ကယ်တင်ခဲ့လေသည်။

သူတို့သည် သူမ၏ဖခင်အတွက် တရားခံဖော်ထုတ်နိုင်ရန် သူမအား ပြုစုပျိုးထောင်ပေးခြင်း မဟုတ်ပါလား။ သူမသည် သူမ၏ဘဝ ရှေ့ရေးအတွက် ယန်ဟင်ဖေး စီစဉ်ပေးနေသည်ကို သိရှိပေသည်။

ကျင်းအော့လျှံသည် ယန်ဟင်ဖေးရှေ့တွင် ဒူးထောက်လိုက်ပြီး…

"ဘဘ ကြိုက်သလိုစီစဉ်ပါ… ကျွန်မ နာခံဖို့ အသင့်ပါပဲရှင်…"

ယန်ဟင်ဖေးက ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

ကျင်းအော့လျှံအား ခက်ခက်ခဲခဲရှင်းပြရမည်ဟု ထင်မှတ်ထားသော်လည်း သူမ သဘောပေါက်လွယ်သဖြင့် ယန်ဟင်ဖေး စိတ်သက်သာရာရသွား၏။

ကျင်းအော့လျှံက ဆက်ပြောလေသည်။

"ဘဘ… ကျွန်မကို ဘယ်သူ့ဆီပို့ပေးမှာလဲ…"

ယန်ဟင်ဖေးက သက်ပြင်းတစ်ချက်ချလိုက်ပြီး…

"ချာယို့ဖုန်းဆိုတဲ့ လူဆီကိုပဲ…"



"ချာယို့ဖုန်း ဟုတ်လား…"

ယန်ဟင်ဖေးက ခေါင်းညိတ်ပြလိုက်ပြီး…

"ဟုတ်တယ်… အဲဒီ လူနဲ့ပတ်သက်ပြီး ဘဘ ပြောစရာရှိသေးတယ်…"

"ဘာများလဲ ဘဘ…"

သူသည် စိတ်မသက်မသာဖြင့်…

"သူဟာ သူ့တစ်သက်လုံးတပည့်လက်မခံဘူးလို့ ပြောထားတဲ့ စကားတစ်ခွန်းရှိတယ်… ဒါကြောင့် သူ့ကို ပညာသင်ပေးဖို့ပြောရင် လက်ခံမှာမဟုတ်ဘူး…"

ကျင်းအော့လျှံက အံ့သြသွားကာ…

"ဒါဖြင့် ဘယ်လိုလုပ်သိုင်းပညာ သင်မလဲ… အဲဒီဆရာကြီးက လက်မခံရင် အခက်ပေါ့…"

"သူက တပည့်လက်မခံဘူးဆိုတော့… သူ့ဆီကို ဒုက္ခသည်တစ်ယောက်အဖြစ် သွားရမယ်… သူလက်ခံပြီဆိုတာနဲ့ သူ့တပည့်ဖြစ်သာအောင် ကြိုးစားရမှာပေါ့… ဒါက သမီးအပေါ် မူတည်တယ်…"

ယန်ဟင်ဖေး၏စကားမှာ အဓိပ္ပာယ်လေးနက်လှပေသည်။

"ကျွန်မ နားလည်ပါပြီ… ချာယို့ဖုန်းဆီကိုသာ ရောက်အောင်ပေးပါ… သူ့တပည့်အဖြစ် လက်ခံလာအောင် ကျွန်မ ကြိုးစားပါ့မယ်"

ယန်ဟင်ဖေး လွန်စွာစိတ်ကျေနပ်သွားလေ၏။

သွက်လက်ချက်ချာပြီး အတွေးအခေါ်အမြော်အမြင်ရှိသော ကျင်းအော့လျှံမှာ နောင်တစ်ချိန် ထိပ်တန်းသိုင်းသမားတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာမည်ဟု သူ ယုံကြည်သည်။

ကျင်းအောင့်လျှံ၏ပခုံးကို တစ်ချက်ပုတ်လိုက်ပြီး...

"ငါ့သမီးက ဘယ်ဆိုးလို့လဲ... ငါ့ သမီးရဲ့အစွမ်းအစနဲ့ ဖြစ်အောင်လုပ်နိုင်မယ်ဆိုတာ ဘာဘ ယုံပါတယ်ကွယ်... တို့တွေ နောက်သုံးရက်ကြာတဲ့အခါ သွားကြတာပေါ့... ဒီကြားထဲမှာ သမီး နေကောင်းအောင် ကြိုးစားပါ... ချာယို့ဖုန်းနဲ့တွေ့ရင် ဘယ်နည်းဘယ်ပုံချဉ်းကပ်ရမယ်ဆိုတာ သင်ပေးမယ်... ဘာဘနဲ့သမီး ကြိုးစားရင် ဖြစ်နိုင်ပါတယ်"

ကျင်းအောင့်လျှံက ခေါင်းညိတ်လိုက်သည်။

ကျင်းအောင့်လျှံမှာ ထိပ်တန်းသိုင်းသမားဖြစ်လာပြီး ဖခင်၏ရန်သူတို့ ရှာဖွေဖော်ထုတ်ရန် ခိုင်မာစွာ ဆုံးဖြတ်ချက်ချထားလေတော့သည်။

❀ ❀ ❀

လျှံမေ့နယ်...

လျှံမေ့နယ်၏ မြို့တော်မှာ ရှားလုံမြို့ဖြစ်လေသည်။

ရှားလုံမြို့မှာ တရုတ်ပြည်တွင် ကျော်ကြားလှသော မြို့တစ်မြို့လည်း ဖြစ်သည်။

နေ့ညမရွေး စည်ကားနေတတ်သော မြို့တစ်မြို့လည်း ဖြစ်၏။

ကျင်းအောင့်လျှံသည် ရှားလုံမြို့သို့ရောက်ရှိလာသောအခါ အိမ်တစ်အိမ်သို့ ဦးတည်သွားသည်။

သူမနှင့်အတူ ယန်ဟာင်ဖေး လိုက်ပါလာခြင်း မရှိပါချေ။



သို့သော်...

ယန်ဟာင်ဖေးက သူမအား တိတ်တဆိတ် လိုက်လံစောင့်ရှောက်နေမည်ကို သူမသိထားခြင်းက သူမစိတ်ကို အေးချမ်းစေသည်။

ထို့ကြောင့်...

ရှားလုံမြို့ထဲသို့ ရဲရဲတင်းတင်းပင် ဝင်လာပြီး မြို့၏မြောက်ဘက်ရှိ အိမ်တစ်အိမ်သို့ ဦးတည်လာခဲ့ခြင်း ဖြစ်သည်။

အိမ်ရှေ့သို့ရောက်သောအခါ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

သူမအား အန္တရာယ်ပြုမည့်သူ မတွေ့ရမှ အိမ်ခြံဝင်းထဲသို့ ဝင်လာခဲ့သည်။

အိမ်ခြံဝင်းထဲသို့ရောက်သောအခါ အိမ်တံခါးပိတ်ထားသည်ကို တွေ့ရလေသည်။

ကျင်းအောင့်လျှံသည် တံခါးရှေ့တွင် ထိုင်ချလိုက်သည်။

သူမ ထိုင်နေသော်လည်း အတန်ကြာသည်အထိ ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ရပေ။

သူမသည် ဖွဲကောင်းကောင်းဖြင့် ဆက်ထိုင်နေသည်။

ထိုစဉ်...

လူတစ်ယောက်သည် ခြံဝင်းထဲသို့ဝင်လာသည်ကို တွေ့လိုက်ရ၏။

**အသက်လေးဆယ်ခန့်ရှိပြီး** သဘောကောင်းပုံရလေ၏။

**သူ၏လက်ထဲတွင်** ဆွဲခြင်းတောင်းတစ်ခုဆွဲထားပြီး ထိုခြင်း

www.burmeseclassic.com

www.burmeseclassic.com



တောင်းထဲတွင် အသီးအနှံ၊ ဝက်အူချောင်းနှင့် အမဲသားများ ပါရှိသည်။

ထိုလူသည် တဲခါးရှေ့အုတ်ခုံလေးတွင်ထိုင်နေသော ကျင်းအောင်လျှံအား တွေ့လျှင် တအံ့တဩဖြစ်သွားလေ၏။

"မင်း ဘယ်သူလဲ… ဘယ်သူနဲ့တွေ့ချင်လို့လဲ…"

"ကျွန်မ… ကျွန်မ…"

ထိုလူသည် အဝတ်အစားများ ညစ်ပတ်ပေကျံနေသော ကျင်းအောင်လျှံအား စိုက်ကြည့်လိုက်ပြီး…

"ကဲ… ဘာမှပြောမနေနဲ့… ဒီနေရာက မြန်မြန်ထွက်သွားတော့… တော်ကြာ အစ်ကိုကြီးရောက်လာရင် ကျုပ်ကို အပြစ်တင်လိမ့်မယ်…"

ကျင်းအောင်လျှံသည် မောင်းထုတ်ခြင်းခံရ၍ စိတ်ထဲ၌ အနည်းငယ်ရှက်၍ သွားသည်။

သို့သော်…

ယန်ဟင်ဖေး မှာကြားလိုက်သည့်စကားများ ကြားယောင်မိသဖြင့် စိတ်ထိန်းချုပ်ထားလိုက်ရ၏။

ထိုစဉ်…

"ဟေ့… ဝူးကျန်… ဘာတွေဖြစ်နေတာလဲ…"

စကားသံနှင့်အတူ ခြံဝင်းထဲသို့ အသက်ငါးဆယ်ကျော်ခန့်ရှိသော လူတစ်ယောက် ဝင်ရောက်လာသည်။

ကျင်းအောင်လျှံသည် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ငိုလိုက်သည်။



"ကလေးမ… မင်းက ဘယ်သူလဲ… ဘာဖြစ်လို့ ဒီမှာလာငိုနေရတာလဲ…"

သူမသည် ဝူးကျန်အား လှမ်းကြည့်လိုက်ပြီး…

"သူ… သူက မောင်းထုတ်လို့ပါ…"

ချာယို့ဖုန်းသည် အံ့ဩသွားပြီး…

"မင်းက ဒီကထွက်မသွားချင်ဘူးလား…"

ကျင်းအောင်လျှံသည် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်… ဟုတ်ကဲ့…"

ချာယို့ဖုန်းသည် မျက်မှောင်ကုတ်လိုက်ပြီး…

"ဘာဖြစ်လို့လဲ…"

"ဘဘယန်ဟင်ဖေးက ဒီကိုသွားမှ အသက်ချမ်းသာရာရမယ်လို့ မှာလိုက်ပါတယ်… ဒါကြောင့် ဒီကနေပြီး မသွားရဲတော့ပါဘူး…"

ဝူးကျန်နှင့် ချာယို့ဖုန်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။

ကျင်းအောင်လျှံက ဝမ်းပန်းတနည်းဆက်ပြောလေ၏။

"ဘဘနဲ့ ကျွန်မ အတူပြေးလာကြတာပါ… ကျွန်မရဲ့အသက်ရှင်ရာယ်ကို ဘဘက လိုက်ပြီးစောင့်ရှောက်ပေးနေတာပါ… လမ်းခရီးတွင် လူတစ်စုက ကျွန်မတို့ကို တိုက်ခိုက်ပါတယ်… ဘဘလည်းဒဏ်ရာအထန် ခံရပါတယ်… သူက ဒဏ်ရာရနေတဲ့ကြားက… ကျွန်မ ဒီအိမ်ကို ပြေးခိုင်းပါတယ်… သမီး… အဲဒီအိမ်ကိုရောက်အောင်ပြေးပေတော့… အဲဒီအိမ်ရောက်မှ သမီးအသက်အန္တရာယ်က လွတ်

www.burmeseclassic.com



မယ်တဲ့…, အိဒီအိမ်မရောက်ရင် သမီး အသတ်ခံရပြီမှတ်တော့လို့ ပြော

လိုက်ပါသေးတယ်… ”

ချာယို့ဖုန်းက သက်ပြင်းချလိုက်သည်။

ဝူးကျုန်က ချာယို့ဖုန်းကိုကြည့်ကာ…

“ယန်ဟာင်ဖေးဆိုတဲ့ လူကို အစ်ကိုကြီးသိလား… ”

ချာယို့ဖုန်းက ခေါင်းညိတ်လိုက်ပြီး…

“သိတယ်… သူဟာ လူကောင်းတစ်ယောက်ပဲ… ဓကန္တ

ယောက်ယောက်က သူ့ကို မကောင်းကြံပြီး သတ်ဖြတ်မလို့နဲ့တူတယ်

ဒီကလေးမက သူနဲ့ဘယ်လိုပတ်သက်နေရတာလဲ… ယန်ဟာင်ဖေး

ကလေးမဟုတ်တာတော့ သေချာတယ်… ”

ဝူးကျုန်က ဝင်ပြောလိုက်သည်။

“သူ့ကိုကြည့်ရတာ အသက်လုပြေးလာပုံရတယ်…သနားစ

ပါပဲ အစ်ကိုကြီးရယ်… ”

ချာယို့ဖုန်းက သက်ပြင်းချလိုက်ပြီး…

“ကလေးမ… မင်းကိုတော့ ငါ သနားတယ်… ဒါပေမယ့် ဒီမှ

တော့နေလို့မဖြစ်ဘူး… ”

“ရှင်… ကျွန်မ မနေရဘူး ဟုတ်လား… ကျွန်မမှာ သွားစ

မှ မရှိတာ… ဘဘယန်ဟာင်ဖေး လာမခေါ်ရင် ကျွန်မ ဘယ်သွားရမ

ပြောပြီး ဝမ်းနည်းကြေကွဲစွာ ငိုကြွေးလိုက်ပြန်လေသည်။

ဝူးကျုန်က ချာယို့ဖုန်းအား ကြည့်ကာ…

“သူ့ကို တစ်ယောက်တည်းပြန်လွှတ်လိုက်လို့လည်း မဖြ



သေးဘူး… ယန်ဟာင်ဖေးဆိုတဲ့လူ လာခေါ်မှာသေချာတယ်… ဒါကြောင့်

လာမခေါ်ခင် ဒီမှာခဏစောင့်ရှောက်ထားရင်ကောင်းမယ်… ”

ကျင်းအော့လျှံက ဝင်ပြောလိုက်ပြန်သည်။

“ကျွန်မ ပန်းကန်ဆေး၊ တံမြက်စည်းလှဲဟုတ်ပါတယ်…အစား

အသောက်လည်း ကောင်းကောင်းချက်ပြုတ်တတ်ပါတယ်ရှင်…

ဝူးကျုန်သည် အလွန်ဝမ်းသာသွား၏။

သူ ဟင်းချက်ညံ့လွန်းသဖြင့် ချာယို့ဖုန်းက မကြာခဏ

ကြိမ်းမောင်းလေ့ရှိသည် မဟုတ်ပါလား။ ယခုတော့ ထမင်းချက်

ယောက် မမျှော်လင့်ဘဲနှင့် ရနေချေပြီ။ ဤထမင်းချက်ကလေးကို

လွှတ်၍မဖြစ်ပေ။

ချာယို့ဖုန်းက မျက်မှောင်ကုတ်လိုက်ပြီး…

“ဖြစ်ပါ့မလား… ”

“ဖြစ်ပါတယ်ရှင်… ဘဘယန်ဟာင်ဖေးက သေသေချာချာ

ပေးထားပါတယ်ရှင်… ကျွန်မ အကုန်လုပ်တတ်ပါတယ်ရှင်… ”

ချာယို့ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး…

“ကျုပ်… မင်းကို ယန်ဟာင်ဖေး လာခေါ်တဲ့အချိန်ထိ ဝ

ထားမယ်… မင်း ဝူးကျုန်နဲ့အတူနေပါ… ”

ထိုစကားကြားလိုက်ရသောအခါ ကျင်းအော့လျှံ အလ

သာသွားသည်။

သူမသည် ယန်ဟာင်ဖေး သင်ကြားပေးလိုက်သည့်အတိုင်း

ယို့ဖုန်းထံတွင် နေထိုင်ခွင့်ရရန် ကြိုးစားမှုအောင်မြင်သွားပြီ မ

www.burmeseclassic.com

www.burmeseclassic.com



လား။

ချာယို့ဖုန်းက ဝူးကျန်ကို ကြည့်ကာ…

"ဝူးကျန်… သူ့ကိုခေါ်သွား… ရေမိုးချိုးဖို့ လုပ်ပေးပြီး အဝတ်အစားသုံးလေးစုံ ဝယ်ပေးလိုက်ပါ… "

ဝူးကျန် အလွန်စမ်းသာသွားသည်။ သူလက်ရာထက်ကောင်းသော ထမင်းဟင်းတို့ကို သူတို့စားကြရမည် မဟုတ်ပါလော။

ကျင်းအော့လျှံ၏ခေါင်းကို လက်ဖြင့်ပုတ်ကာ ပြောလိုက်သည်။

"လာ… ကျုပ်နောက်လိုက်ခဲ့… "

သူသည် တံခါးဖွင့်ကာ အိမ်ထဲသို့ဝင်သွားလေတော့သည်။

ကျင်းအော့လျှံသည် ချက်ချင်း ထိုင်ရာမှထကာ လိုက်သွားလေတော့၏။

❀ ❀ ❀

## အခန်း (၆)

## ပရိယာယ်

ကျင်းအော့လျှံသည် သွက်လက်ချက်ချာပြီး လိမ္မာရေးခြားရှိသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူမသည် ချာယို့ဖုန်းနှင့် ဝူးကျန်တို့အကြိုက် မည်သည်းမည်ပုံ လုပ်ကိုင်ဆောင်ရွက်ပေးသည်။ အလွန် အပင်ပန်းခံသည်။ သို့မှသာ သူမသည် ဤအိမ်၌ ရည်ရွယ်ချက်ပေါက်မြောက်သည်အထိ နေခွင့်ရမည် မဟုတ်ပါလား။

အိမ်ကိုလည်း ဝူးကျန်ထက် ပို၍သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်ခဲ့သည်။

အရွယ်နှင့်မလိုက်အောင် တတ်သိနားလည်မှုကြောင့် ချာယို့ဖုန်းနှင့် ဝူးကျန်တို့မှာ ကျင်းအော့လျှံကို တဖြည်းဖြည်းကရုဏာသက်လာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းအော့လျှံ၏ အသံစီစီညံနေသည်ကို နှစ်ယောက်စလုံး နှစ်သက်သဘောကျနေကြသည်။ သူတို့သည် ယန်ဟင်ဖေး ရောက်လာမည်ကိုပင် စိုးရိမ်နေကြလေ၏။

မည်သည့်အချိန်၌ သိုင်းပညာစတင်သင်ကြားရမည်နည်း။

သူမ မျှော်လင့်နေသောနေ့များ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်ရှိလာလေတော့သည်။

မိုးစင်စင်လင်းလာပြီ ဖြစ်သည်။

ကျင်းအော့လျှံသည် ဈေးသွားချက်ပြုတ်ပြီးသောအခါ ခြံဝင်းထဲ၌ တံမြက်စည်းလှဲရန် အပြင်ထွက်လာသည်။ မနက်တိုင်း အိမ်ရှေ့၌ တံမြက်စည်းလှဲကျင်းနေကျ မဟုတ်ပါလား။

သို့သော်...

သူမ တံမြက်စည်းမလှဲဖြစ်တော့ချေ။

အဘယ်ကြောင့်ဆိုသော်...

ခြံရှေ့တွင် လူတစ်ယောက်ရပ်လျက် သူမကိုကြည့်နေသည်ကို တွေ့လိုက်ရသည် မဟုတ်ပါလား။

ထိုလူမှာ ယန်ဟင်ဖေးပင် ဖြစ်သည်။

ကျင်းအော့လျှံ ထိုအိမ်သို့ရောက်ရှိပြီး တစ်လပြည့်သောနေ့တွင် ယန်ဟင်ဖေး ရောက်ရှိလာခြင်းဖြစ်သည်။

ကျင်းအော့လျှံမှာ မျက်လုံးပြူးကျယ်သွားသည်။

"ဘဘယန်ဟင်ဖေး... "

ဝမ်းသာအားရ အော်ခေါ်လိုက်ပြီး ပြေးဖက်ရှိုက်လေသည်။



ယန်ဟင်ဖေးက အလိုက်သင့် ပြန်ဖက်ထားလိုက်၏။

"ဘဘ... ဘဘ လိုက်လာတယ်နော်... "

ယန်ဟင်ဖေးက ခေါင်းညိတ်လိုက်ပြီး...

"ဒါပေါ့... သမီး သိုင်းပညာသင်ဖို့ အချိန်တန်ပြီလေ... ဒီအိမ်မှာ သန့်ရှင်းရေးလုပ်နေရုံနဲ့မပြီးဘူး... အဓိကကျတဲ့သိုင်းပညာရဖို့ ကြိုးစားရမယ်... သမီးက ဘဘ လာတာကို မသိဟန်ဆောင်နေပါ... ဘဘ ချာယို့ဖုန်းနဲ့ ဝင်တွေ့လိုက်မယ်... "

ကျင်းအော့လျှံ ခေါင်းညိတ်လိုက်လေ၏။

"ကောင်းပါပြီ ဘဘ... ဘဘ ကြိုက်သလိုစီစဉ်ပါ... သမီးကတော့ အတတ်နိုင်ဆုံး ကြိုးစားထားပါတယ်... "

သူမသည် အိမ်အတွင်းဘက်သို့ ပြန်ဝင်သွားလေသည်။

ကျင်းအော့လျှံ ပျောက်ကွယ်သွားပြီး အတန်ကြာမှ ယန်ဟင်ဖေးက ခြံအတွင်းသို့ လှမ်းဝင်သွားလေတော့သည်။

❀ ❀ ❀

ခြံအတွင်းသို့ လှမ်းဝင်လာသော လူအား တွေ့လိုက်သောအခါ ချာယို့ဖုန်းသည် အံ့ဩသွားလေသည်။

"ဟင်... ယန်ဟင်ဖေး ပါလား... "

ယန်ဟင်ဖေးက ပြုံးလိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ... "

www.burmeseclassic.com

www.burmeseclassic.com



ယန်ဟင်ဖေး ဟူသော အမည်ကိုကြားရလျှင် ဂူးကျန်သည် အံ့သြသွား၏။

ကျင်းအော့လျံအတွက် ရောက်လာခြင်းဖြစ်ကြောင်းလည်း နားလည်လိုက်လေ၏။ သူ့ အလွန်စိတ်မကောင်းဖြစ်သွားသည်။ သူမကို သတ်လွှတ်ရတော့မည် မဟုတ်ပါလား။

ယန်ဟင်ဖေးက ချာယို့ဖုန်းအားကြည့်ကာ…

"ဒီအိမ်ကိုကလေးမတစ်ယောက် ရောက်တာတယ်ထင်ပါတယ် ခင်ဗျာ… "

ချာယို့ဖုန်းသည် မျက်နှာပျက်သွား၏။

ဝူးကျန်ကတော့ ပြောစရာမရှိတော့ပေ။ အကြီးအကျယ်စိတ်ဓာတ်ကျနေသည်။

သူတို့သည် ကျင်းအော့လျံကို သံယောဇဉ်တွယ်နေကြပြီ မဟုတ်ပါလား။

ယန်ဟင်ဖေးသည် အခြေအနေကိုအကဲခတ်မိ၍ ဆက်ပြောလိုက်သည်။

"အဲဒီကလေးမ ဒီကိုသွားဖို့ ကျုပ်လွှတ်လိုက်ပါတယ်… ကျုပ် ဒုက္ခရောက်နေတုန်းမို့ မလွဲမရှောင်သာလို့ပါ… အဲဒီအချိန်မှာ ကျုပ် အသက်လုပြီး တိုက်နေရပါတယ်… သူ့ကို ဒီအိမ်ပြေးခိုင်းရပါတယ်… အခုတော့ ကျုပ်လည်း အသက်အန္တရာယ်ကလွတ်ပါပြီ… ဒီတော့… "

ချာယို့ဖုန်းသည် မျက်မှောင်ကုတ်လိုက်ပြီး…

"မင်း ခေါ်သွားလို့မဖြစ်ဘူး ထင်တယ်…မင်းက သိုင်းလောက



မှာ ခြေသလုံးအိမ်တိုင်သွားလာနေသူဆိုတော့… ကလေးမလေးရဲ့ နေခင်ရေး စိတ်လေးဖို့ကောင်းပါတယ်… သူ့ရဲ့ရှေ့ရေးကို စဉ်းစားပေးဖို့ ကောင်းတယ်… "

ယန်ဟင်ဖေးက ပြုံးလိုက်ပြီး…

"ကျုပ်လည်း စဉ်းစားပါတယ်ဗျာ… သူ့ကို သိုင်းပညာသင်ပေးမယ်… အရွယ်ရောက်လာရင် သိုင်းလောကမှာ ခြေချနိုင်အောင် ပြုစုပျိုးထောင်ပေးမှာပါ… သူဟာ ကျုပ်သမီးကလေးလိုပါပဲ… အလုန် လည်း အလိုက်သိပြီး လိမ္မာပါတယ်ဗျာ… "

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်လေသည်။

"မဖြစ်ဘူး ထင်တယ်… "

ယန်ဟင်ဖေးက ဒေါသထွက်သွားဟန်ဖြင့်…

"ကျုပ်ကို အထင်သေးတာလားဗျ… "

ချာယို့ဖုန်းက လက်ကာပြလိုက်ပြီး…

"ဒီမှာ… ယန်ဟင်ဖေး… မင်းရဲ့အကြောင်း ကျုပ်သိပါတယ်… ကလေးမလေးကို မင်း သိုင်းပညာသင်ပေးရင် သိုင်းသမားကောင်းတစ်ယောက်ဖြစ်လာမယ်ဆိုတာလည်း ယုံပါတယ်… ဒါပေမယ့် မင်းဘဝမှာ သူ့အတွက် အချိန်များများမပေးနိုင်ပါဘူး… ငါပြောတာ ဟုတ်တယ် မဟုတ်လား… "

ယန်ဟင်ဖေးက ပါးစပ်ပိတ်ထားလိုက်ရသည်။ သူသည် တွေဝေးမောနေသည်။ သူသည် အကောင်းဆုံးသရုပ်ဆောင်နေ၏။

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတစ်ခုတောင်းဆိုချင်ပါတယ်… "

ယန်ဟင်ဖေးက ခေါင်းညိတ်ပြလိုက်ပြီး…

"ပြောပါ… "

"ဒီကလေးမကို ငါ့ဆီမှာပဲ ထားပါ… "

"ဗျာ… "

သူသည် တအံ့တသြဖြစ်သွားသည်။

"ငါ့ဆီမှာထားရင် သူ့ကို သိုင်းပညာသင်ပေးမယ်… ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်လာရမယ်လို့ ငါ ရဲရဲအာမခံတယ်… "

ယန်ဟင်ဖေးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး…

"ကောင်းပြီလေ… ဒါပေမယ့် ကျုပ် ကျင်းအော့လျှံကို တွေ့ချင်ပါသေးတယ်… "

ချာယို့ဖုန်းက ခေါင်းညိတ်လိုက်ပြီး…

"ပေ့… ဝူးကျန်… ကျင်းအော့လျှံကို သွားခေါ်စမ်း… "

ဝူးကျန်သည် အခန်းတွင်းမှ အလျင်အမြန်ထွက်သွား၏။

မကြာပါချေ။

ကျင်းအော့လျှံကိုခေါ်ကာ ပြန်ရောက်လာလေသည်။

သူမသည် ယန်ဟင်ဖေးကိုတွေ့လျှင် ယခုမှတွေ့ရဟန်ဖြင့် ဝမ်းသာအားရပြေးဖက်လိုက်လေ၏။

"ဘဘ… ဘဘ ရောက်လာပြီ… သမီးကို ပစ်မထားပါနဲ့ ဘဘရယ်… "

ယန်ဟင်ဖေးက ပြုံးကာ…



"ဟုတ်တယ်… သမီးကို လာခေါ်တာပါ… ဒါပေမယ့် ဆရာကြီးက မင်းကို စောင့်ရှောက်မယ်… သိုင်းပညာသင်ပေးမယ်လို့ ပြောနေတယ်… မင်း ဘယ်လိုသဘောရလဲ… "

ပြောရင်း မည်သူမှမမြင်အောင် မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။

ကျင်းအော့လျှံမှာ အလွန်ပါးနပ်သော မိန်းကလေးတစ်ယောက်ဖြစ်သည်။

စိတ်မကောင်းဖြစ်သွားဟန်ဖြင့် မျက်နှာတစ်ခုလုံး ညှိုးနွမ်းပြီး စကားမပြောဘဲ တွေဝေနေတော့သည်။

ချာယို့ဖုန်းက ကျင်းအော့လျှံကိုကြည့်ကာ…

"ကလေးမ… မင်း ဘယ်လိုသဘောရလဲ… "

ကျင်းအော့လျှံက ချာယို့ဖုန်းနှင့် ယန်ဟင်ဖေးအား တစ်လှည့်စီကြည့်လိုက်ပြီး…

"ဘဘယန်ဟင်ဖေး… "

"ပြောပါ… တူမကြီး… "

သူမက ဆက်ပြောလိုက်သည်။

"သမီး ဒီမှာနေရတာ ပျော်ပါတယ်ရှင်… ဘဘချာယို့ဖုန်းနဲ့ ဦးလေးဝူးကျန်တို့က ကျွန်မအပေါ် အလွန်ပဲကောင်းလှပါတယ်… ဘဘ သမီးကို စိတ်မဆိုးပါနဲ့နော်… သမီး ဘဘနဲ့လိုက်ချင်ပါတယ်… ဒါပေမယ့်… "

ထိုစကားကြားရလျှင် ချာယို့ဖုန်းနှင့် ဝူးကျန်တို့ ဝမ်းသာအား

www.burmeseclassic.com

www.burmeseclassic.com



ရဖြစ်သွားကြသည်။ သူတို့နှစ်ယောက်ပြိုင်တူ သက်ပြင်းချလိုက်မိကြလေ၏။

ယန်ဟင်ဖေးက စိတ်မကောင်းဖြစ်သွားဟန်ဖြင့်—

"သမီး ဒီမှာနေရတာ ပျော်တယ်ဆိုရင်... ဘဘ စိတ်ချမ်းသာပါတယ်ကွယ်... ဘဘချာယို့ဖုန်း သင်ပေးမယ့်သိုင်းပညာကိုလည်း ကြိုးစားသင်နော် သမီး... ထိပ်တန်းသိုင်းသမားဖြစ်အောင်လုပ်နော်..."

"ဟုတ်ကဲ့ ဘဘ..."

သူက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"အေး... သမီးကို ဘဘ စိတ်ချပါတယ်... ကဲ... ဘဘ ဒီမှာ ကြာကြာနေလို့မဖြစ်သေးဘူး... ကိစ္စလေးတွေရှိသေးတယ်..."

ပြောပြီး ချာယို့ဖုန်းနှင့် ဝူးကျန်ဘက်သို့လှည့်ကာ...

"ကဲ... ကျုပ်တို့ ခွင့်ပြုပါဦးဗျာ... သမီးကိုတော့ ခင်ဗျားတို့ လက်ထဲအပ်ခဲ့ပါတယ်... ကျုပ်ကတော့..."

ချာယို့ဖုန်းနှင့် ဝူးကျန်လည်း ခေါင်းညိတ်ပြလိုက်သည်။

ယန်ဟင်ဖေးသည် ကျင်းအော့လျှံအား တစ်ချက်လှမ်းကြည့်လိုက်ပြီး ထွက်ခွာသွားလေတော့သည်။

ချာယို့ဖုန်းသည် ကျင်းအော့လျှံအား သနားညှာတာမိသဖြင့် တပည့်အဖြစ် လက်ခံလိုက်ခြင်းဖြစ်သည်။

ချာယို့ဖုန်းက ကျင်းအော့လျှံအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်သည်။

ကျင်းအော့လျှံသည် ခေါင်းငုံ့ကာ ရပ်နေသည်။



"ကျင်းအော့လျှံ..."

"ဟုတ်ကဲ့... ပြောပါ ဘဘ..."

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

"မင်းကို ကျုပ် ဒီနေ့ကစပြီး သိုင်းပညာသင်ပေးမယ်... ကျုပ်နောက်လိုက်ခဲ့ပါ..."

ကျင်းအော့လျှံသည် ဝမ်းသာသွားသည်။

ချာယို့ဖုန်း ထွက်သွားလျှင် နောက်မှထက်ကြပ်မကွာ လိုက်ပါသွားလေတော့သည်။

အိမ်၏အနောက်ဘက်တွင် မြေကွက်လပ်တစ်ခုရှိသည်။

ယင်းမြေကွက်လပ်ပေါ်တွင် ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ မျက်နှာချင်းဆိုင်ရပ်နေကြ၏။

ချာယို့ဖုန်းက ကျင်းအော့လျှံကိုစိုက်ကြည့်ကာ...

"သိုင်းပညာ စတင်သင်ကြားတဲ့လူတွေအတွက် ခြေထောက်ဟာ အလွန်အရေးကြီးတယ်... ခြေအတက်အဆုတ်ကို အရင်လေ့ကျင့်ပြီးမှသာ ရှေ့ဆက်သင်ကြားနိုင်မယ်... ကဲ... မြေပေါ်မှာ ဘဘ ရေးထားတဲ့စက်ဝိုင်းတွေကို မြင်တယ်မဟုတ်လား..."

ချာယို့ဖုန်းသည် မြေကွက်လပ်တွင် တုတ်ဖြင့် စက်ဝိုင်းများရေးဆွဲထားသည်။

စက်ဝိုင်းများကိုလည်း နံပါတ်စဉ်တပ်ထားသည်။

"ကဲ... နံပါတ်တစ် စက်ဝိုင်းထဲမှာ ညာခြေသွင်းပြီ... ဘယ်ခြေက နံပါတ်နှစ်စက်ဝိုင်းမှာရှိရမယ်..."

www.burmeseclassic.com

www.burmeseclassic.com



ကျင်းအောလျှံမှာ ချာယိုဖုန်းက စေခိုင်းသည့်အတိုင်း စက်ဝိုင်းအတွင်းရပ်လိုက်သည်။

"ဟုတ်ပြီ… ညာခြေနံပါတ်သုံးစက်ဝိုက်ကိုလှမ်းပါ… ဘယ်ခြေကတော့ နံပါတ်လေးစက်ဝိုင်း… "

ဤသို့ဖြင့် စက်ဝိုင်းများတစ်ခုပြီးတစ်ခု နင်းကာ ခြေအတက်အဆုတ်ကို လေ့ကျင့်ရ၏။

ပထမတွင် ကျင်းအောလျှံ၏လှုပ်ရှားမှုမှာ နှေးကွေးလေးလံနေသော်လည်း နောက်ပိုင်းတွင် အနည်းငယ်မြန်ဆန်လာသည်။

ချာယိုဖုန်းက နံပါတ်စဉ်ခေါ်ပေးရန်ပင် မလိုဘဲ သူမဘာသာ အစီအစဉ်တိုင်း ခြေအတက်အဆုတ်ကို လေ့ကျင့်လာနိုင်၏။

ချာယိုဖုန်းမှာ မှတ်ဉာဏ်ကောင်းလှသော ကျင်းအောလျှံအား ကြည့်ကာ ပီတိဖြစ်နေလေတော့သည်။ ကျင်းအောလျှံ၏လှုပ်ရှားမှုမှာလည်း အံ့သြဖွယ်ကောင်းလောက်အောင် လျင်မြန်လာသည်။

❀ ❀ ❀

## အခန်း (၇)

## ပျောက်သောသူကိုရှာဖွေခြင်း

သုံးနှစ်…

သုံးနှစ်ဆိုသော အချိန်ကုန်ဆုံးသွားချေပြီ။

သုံးနှစ် တင်းတင်းပြည့်မြောက်သောနေ့တွင် ချာယိုဖုန်းသည် သိုင်းပညာသင်ကြားပေးမှု အဆုံးသတ်လိုက်၏။

ထို့နောက်…

ကျင်းအောလျှံအား ခေါ်ကာ အမှာစကားပြောကြားသည်။

ချာယိုဖုန်းက ကျင်းအောလျှံကိုကြည့်ရင်း…

"ဘဘ တတ်ထားသမျှ သိုင်းပညာ မင်းကိုသင်ပေးပြီးပြီ… အရေးကြီးတာက မင်းရဲ့အတွင်းအားပဲ… အတွင်းအား စဉ်ဆက်မပြတ် တိုးတက်လာဖို့ကတော့ အမြဲတမ်းလေ့ကျင့်နေရမှာပဲ… မင်းကအတွေ့အကြုံနုသေးတော့ ရန်သူနဲ့တွေ့ရင် အတွင်းအားချင်းယှဉ်ပြိုင်မတိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



ဖို့ သတိထားရမယ်…သိုင်းပညာ ဘယ်လောက်တော်နေပါစေ…အတွင်းအားကောင်းတဲ့လူကို နိုင်ဖို့ရာ ခက်ခဲတယ်… ”

ကျင်းအော့လျှံက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး…

“ဟုတ်ကဲ့ ဆရာ… ”

ချာယို့ဖုန်းက ဆက်ပြောသည်။

“ဘဘ ကိစ္စတစ်ခုရှိလို့ ခရီးထွက်ရလိမ့်မယ်… သုံးလလောက်တော့ ကြာမယ်ထင်တယ်… သမီး ဂူးကျန်နဲ့အတူတူနေချင်ရင်လည်း နေနိုင်တယ်… ဒါမှမဟုတ် ယန်ဟာင်ဖေးကို လိုက်ရှာချင်တယ်ဆိုရင်လည်း ကျူပ်သွားခွင့်ပြုလိုက်မြီ… မင်းဟာ သိုင်းပညာပြည့်စုံပြီဖြစ်လို့ လောထဲမှာ တောင်မစုံတဲ့ငှက်လို ပျံသန်းခွင့်ပြုလိုက်ပြီ… ”

ထိုစကားကြားရသောအခါ ကျင်းအော့လျှံ စိတ်လှုပ်ရှားသွားသည်။

ယန်ဟာင်ဖေးကိုလည်း သူမ လိုက်ရှာလိုသည်။

သို့သော်…

ယန်ဟာင်ဖေး ရှိသည့်နေရာကို သူမ မသိချေ။

သိုင်းလောကတွင် တစ်ကိုယ်တည်းလှုပ်ရှားသွားလာသည်ထက် ချာယို့ဖုန်းနှင့်အတူ ဗဟုသုတရစေရန် တစ်ခေါက်လိုက်သွားသင့်သည် မဟုတ်ပါလား။

သို့မှသာ အခက်အခဲ အန္တရာယ်နှင့်လည်းကောင်း၊ လမ်းခရီးအတွက်လည်းကောင်း တစ်စုံတစ်ရာ အန္တရာယ်ဖြစ်လာလျှင် ချာယို့ဖုန်း၏အကူအညီ ဆုံးမသွန်သင်မှု ရရှိနိုင်ပေမည်။



ယခု လောလောဆယ် ချာယို့ဖုန်းက အတူလိုက်ခွင့်ပြုရန်သာ လိုအပ်နေသည် မဟုတ်ပါလား။

ကျင်းအော့လျှံက ချာယို့ဖုန်းကိုကြည့်ရင်း…

“သမီး… ဆရာ ခရီးသွားတဲ့အခါ ခြေဆုပ်လက်နယ်ပြုစုရအောင်… နောက်က တပည့်အဖြစ်လိုက်ချင်ပါတယ်… ”

ချာယို့ဖုန်းသည် ကျင်းအော့လျှံ၏စကားကြောင့် အံ့သြသွားလေသည်။

“ဟေ… သမီးက လိုက်ချင်တယ် ဟုတ်လား… ”

ကျင်းအော့လျှံက ခေါင်းညိတ်ပြလိုက်ပြီး…

“ဟုတ်ကဲ့ပါ ဆရာ… သမီး အတွေ့အကြုံ အဆန်းအပြားတွေ မတွေ့ဖူးပါဘူး… ဆရာနဲ့လိုက်မှ… ”

ချာယို့ဖုန်းသည် အတန်ကြာစဉ်းစားနေပြီးမှ…

“အေး… မင်းလည်း ဗဟုသုတရအောင် လိုက်ချင်လိုက်ခဲ့… ”

ထိုစကားကြားရလျှင် ကျင်းအော့လျှံသည် ထခုန်မိမတတ် ဝမ်းသာသွားလေတော့သည်။

နောက်တစ်နေ့ နံနက်တွင် ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ ခရီးထွက်ရန် အဆင်သင့်ဖြစ်နေကြချေပြီ။

ချာယို့ဖုန်းက ကျင်းအော့လျှံအတွက် ကြိုတင်စီစဉ်ထားသော လက်နက်ပုန်းများနှင့် ကြိုးပျော့ကျာပွတ်တစ်ချောင်း ပေးလိုက်၏။

ကျင်းအော့လျှံက ကျာပွတ်ကို ခါးတွင်ပတ်ကာ လက်နက်ပုန်းများကို သားရေအိတ်ငယ်တွင် ထည့်၍ ခါးတွင်ချိတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအောင်လျှံသည် မိန်းကလေးတစ်ဦးဖြစ်သော်လည်း နွဲ့နွဲ့နှောင်းနှောင်း မဟုတ်ချေ။ ယောကျ်ားတစ်ယောက်ကဲ့သို့ မာထောင်ထောင် မဟုတ်သော်လည်း အလွန်ခန့်ထည်သည်။ မည်သည့်အန္တရာယ်ကိုမျှ ထိမထင်သောဟန်ပန်အပြည့်ရှိသည်။

ဝူးကျန်က သူတို့အတွက် သန်မာထွားကျိုင်းသော မြင်းနှစ်ကောင်ယူလာပေး၏။

ချာယို့ဖုန်းနှင့် ကျောင်းအောင်လျှံတို့မှာ မြင်းကိုယ်စီစီးနင်းကာ ဝူးကျန်ကို နှုတ်ဆက်ပြီး ထွက်ခွာလာခဲ့တော့သည်။

ဝူးကျန်မှာ သူတို့နှစ်ယောက် မြင်းကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့လေတော့သည်။ သူ့အဖို့ ဤသို့ အထီးကျန်နေရသည်မှာ မကြာခဏဖြစ်နေ၍ အဆန်းမဟုတ်တော့ပေ။

❀ ❀ ❀

ငါးရက်...

ကျောင်းအောင်လျှံနှင့် ချာယို့ဖုန်းတို့ မြင်းကိုယ်စီဖြင့် ခရီးထွက်လာကြသည်မှာ ငါးရက်ရှိခဲ့ချေပြီ။

ငါးရက်အတွင်း အမြို့မြို့ အရွာရွာကို ဖြတ်သန်းလာခဲ့ကြရသည်။



သူတို့သည် စားသောက်ချိန်၊ အိပ်ချိန်မှသာ အနားယူပြီးလျှင် ရှေ့သို့သာ ခရီးဆက်ကြသည်။

ချာယို့ဖုန်းက မည်သည့်နေရာသို့ ဦးတည်သွားနေမှန်း ကျောင်းအောင်လျှံ မသိချေ။ ချာယို့ဖုန်းကလည်း ပြောပြမထားချေ။

သူမ လူလားမြောက်ကာ သိုင်းပညာတတ်ပြီး ပထမဆုံးအကြိမ်ခရီးထွက်လာရသဖြင့် စိတ်ပျော်ရွှင်နေ၏။ သိုင်းလောကကြီးသို့ စတင်ဝင်ရောက်လာခြင်းဖြစ်၍ တက်ကြွနေသည်။

သူမသည် စိတ်ထဲ၌ လွတ်လပ်မှုကိုလည်း ခံစားနေရသည်။

သူတို့ခရီးထွက်လာသည့်လမ်းတစ်လျှောက်လုံး အေးချမ်းသာယာနေပြီး အနှောင့်အယှက်ဟူ၍ မတွေ့ရချေ။

ထို့ကြောင့်...

တောအုပ်တစ်ခုသို့ရောက်ရှိပြီး အနားယူသောအချိန်တွင် ချာယို့ဖုန်းကို မေးဖို့ စိတ်ကူးမိသည်။ သူမတို့ မည်သည့်နေရာသို့ ဦးတည်နေပါသနည်း။

မြင်းနှစ်ကောင်မှာ ခပ်လှမ်းလှမ်းတွင် အစာစားနေကြ၏။ မြင်းများသည် မုန်ဂိုစပ်မြင်းများဖြစ်၍ ခရီးဝေးသွားခြင်းအတွက် အာမခံချက် ကောင်းလှသည်။

ကျောင်းအောင်လျှံက အသင့်ပါလာသော ရေဘူးထဲမှရေတစ်ငုံသောက်လိုက်ပြီးလျှင် ချာယို့ဖုန်းအနီးသို့ လျှောက်သွားကာ...

"ဆရာ..."

ချာယို့ဖုန်းက ကျောင်းအောင်လျှံအား လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းအော့လျှံသည် သူ၏အနားသို့ တိုးကပ်လာသည်။

"ဆရာ့ကို မေးစရာရှိလို့ပါ... မေးခွင့်ပြုပါဆရာ..."

ချာယို့ဖုန်းက...

"ဘာများလဲကွဲ့..."

ကျင့်အော့လျှံက ဆက်ပြောလိုက်သည်။

"သမီးတို့ ခရီးထွက်လာတာ ငါးရက်ရှိပြီ... အန္တရာယ်ဆိုလို့ မြူတစ်မှုန်တောင် မတွေ့ရသေးဘူး... သမီး ကြားဖူးတာက သိုင်းလောကမှာ အန္တရာယ်တွေပြည့်လျှမ်းနေတယ်ဆို... အခု ဘာကြောင့် မတွေ့ရသေးတာလဲဟင်... ထူးဆန်းနေသလားလို့ပါ..."

ချာယို့ဖုန်းက သက်ပြင်းချလိုက်သည်။

"အန္တရာယ်ကိုမတွေ့ချင်ပါနဲ့ကွယ်... တို့တစ်တွေ အခုလို အေးအေးချမ်းချမ်းခရီးသွားလာနိုင်တာပဲ ကံကောင်းတယ်မှတ်ပါ... အန္တရာယ်ဆိုတာ မကောင်းဘူးကွယ့်... တယ်ပြီးမူလောင်တာပဲ..."

ကျင်းအော့လျှံသည် မကျေမနပ်ဖြစ်သွား၏။

သို့သော်...

စကားမပြောဘဲ ပါးစပ်ပိတ်ထားလိုက်လေ၏။ ဆရာ့ကို အထွန့်တက်၍ မကောင်းပေ။

ချာယို့ဖုန်းက ဆက်ပြောလိုက်၏။

"သိုင်းလောကကို ခြေချလိုက်တာနဲ့ အချိန်မရွေး အန္တရာယ်နဲ့ ကြုံတွေ့ရနိုင်တယ်... အခု တို့တစ်တွေ အေးအေးဆေးဆေးနေနိုင်ပေမယ့် တော်ကြာ ဒုက္ခနဲ့ရင်ဆိုင်ရင် ရင်ဆိုင်ရမှာ... အန္တရာယ်ဆိုတာ



မထင်မှတ်ဘဲ မြန်းစားကြီးဖြစ်ပေါ်လာတတ်တာမျိုးကွဲ့... အထူးသဖြင့် ညဘက်ကို သတိထားပါ... ညဆိုတာ အမှောင်လေ... အမှောင်ဟာ ကြောက်ဖို့ကောင်းတယ်..."

ကျင်းအော့လျှံက စိတ်ဝင်စားလာသည်။

ထို့ကြောင့်...

အသာငြိမ်ကာ နားထောင်နေလိုက်၏။

ချာမို့ဖုန်းက ဆက်ပြောလိုက်သည်။

"ညဘက်အုန်းမောင်းနှစ်ချက်ခေါက်ပြီးရင် သိုင်းလောကမှာ တစ်ခုမဟုတ် တစ်ခုကျရောက်စမြဲပဲ... အန္တရာယ်တစ်ခုခုနဲ့ ကြုံတွေ့လာရင် သမီး ဘယ်လိုလုပ်မလဲ... ဘယ်လို ရင်ဆိုင်မလဲ..."

ကျင်းအော့လျှံက မျက်မှောင်ကြုတ်သွားကာ...

"ဘယ်လိုအန္တရာယ်မျိုးနဲ့ ကြုံတွေ့ရမှာလဲ... တွေ့ကြုံရမဲ့ အန္တရာယ်အကြီးအသေးကလည်း ရှိသေးတယ်လေ..."

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

"ဒါတော့ ဘာဘာလည်း မပြောတတ်ဘူးကွယ်... မထင်မှတ်တဲ့ အန္တရာယ်ကျရောက်လာမှာကို ပြောတာ... ကိုယ်က အများအပေါ် စိတ်ကောင်းနှလုံးကောင်းထားပေမယ့်... ကိုယ့်ကို မလိုမုန်းတီးတဲ့လူအလို အလျှောက်ပေါ်ချင်ပေါ်လာမှာ... အဲ့ကိုမှ အတိအကျပြောလို့ မရဘူး ကွယ့်..."

ကျင်းအော့လျှံက အံ့ဩသွားသည်။

ယခုမှ အချိန်မရွေးအန္တရာယ်ကျရောက်လာနိုင်သည်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



စကားကို အနည်းအကျဉ်းသဘောပေါက်လာလေသည်။ အမြဲတမ်းသတိရှိရမည် ဆိုသည်ကိုလည်း နားလည်လာသည်။

ချာယို့ဖုန်းကိုကြည့်ရင်း...

"ဒီလိုဆိုရင် မလွယ်ပါလား... "

"ဟုတ်တယ်... အန္တရာယ်တစ်ခုခုနဲ့ကြုံတွေ့တဲ့အခါ ခေါင်းအေးအေးထားနိုင်ဖို့ လိုလိမ့်မယ်... ခေါင်းအေးခြင်းဟာ အန္တရာယ်ကို ကျော်လွှားနိုင်ခြင်းပဲ... "

ကျင်းအော့လျှံက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဟုတ်ကဲ့... "

ချာယို့ဖုန်းက စကားစဖြတ်လိုက်ပြီး...

"ကဲ... ဆရာတို့ အနားယူတာတော်လောက်ပြီ... ရှေ့ကို ခရီးဆက်ကြဦးစို့... "

ပြောပြောဆိုဆို ချာယို့ဖုန်းသည် ထိုင်ရာမှ ထလိုက်လေ၏။

ကျင်းအော့လျှံလည်း မြင်းနှစ်ကောင်ကိုသွား၍ ဆွဲယူလိုက်သည်။

ထို့နောက်...

နှစ်ယောက်စလုံး မြင်းပေါ်သို့ခုန်တက်ကာ အရှေ့ဘက်ဆီသို့ ဦးတည်ထွက်ခဲ့လေတော့သည်။

စီလုံမြို့...

စီလုံမြို့ရှိ တည်းခိုခန်းတစ်ခုတွင် ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ တစ်ညတာတည်းခိုလိုက်သည်။



မနက်မိုးလင်းမှ ခရီးဆက်ဖို့ ပြင်ကြသည်။

တည်းခိုခန်းနှင့်စားသောက်ဆိုင် တွဲဖက်ဖွင့်ထားသောကြောင့် သူတို့သည် နံနက်စာကို စားသောက်လိုက်ကြပြီး ခရီးဆက်ခဲ့ကြသည်။

သူတို့သည် မြင်းကို ခပ်မှန်မှန်စီးလာကြရင်း အတန်ကြာသည်အထိ စကားမပြောဘဲ တိတ်ဆိတ်နေကြသည်။

အတန်ကြာမှ ချာယို့ဖုန်းက စကားစလိုက်သည်။

"ကျုပ်မှာ ညီတစ်ယောက်ရှိတယ်... သမီးနဲ့တစ်ခါလောက်တွေ့ပေးချင်တယ်... သူ သဘောကျသွားမှာသေချာတယ်... "

ကျင်းအော့လျှံက စိတ်ဝင်စားစွာဖြင့်...

"ဆရာ... သူ့ကိုမတွေ့ရတာကြာပြီလား... "

ချာယို့ဖုန်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"အေး... ဆယ်နှစ်လောက်ရှိပြီကွဲ့... "

ဆယ်နှစ်ဆိုသောအချိန်မှာ နည်းပါးသောအချိန်မဟုတ်ချေ။

လူတစ်ယောက်အား ဘဝအမျိုးမျိုးပြောင်းလဲသွားနိုင်ရန် အချိန်လုံလောက်ပေသည်။

"ဆရာ့ရဲ့ညီနာမည်က ဘယ်လိုခေါ်လဲ... "

ကျင်းအော့လျှံက မေးလိုက်ခြင်းဖြစ်သည်။

"ကုဝေးချန်းလို့ ခေါ်တယ်... "

သူမသည် ဆက်မေးလိုက်ပြန်သည်။

"သူ့မှာ အိမ်ထောင်မရှိဘူးလားဟင်... "

ချာယို့ဖုန်းသည် တွေဝေသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသည်အထိ တိတ်ဆိတ်သွားပြီးမှ…

"ဘာဘနဲ့တွေ့တုန်းကတော့ အိမ်ထောင်မကျသေးပါဘူး… ဒါပေမယ့် နောက်ပိုင်းကွဲကွာသွားတဲ့အချိန်မှာတော့ ဘယ်လိုနေလဲဆိုတာ ဘာဘလည်း မပြောတတ်ဘူး… အချိန်ဆိုတာ လူ့ဘဝကို အမျိုးမျိုးပြောင်းလဲစေတတ်တယ်လေ… "

ကျင်းအော့လျှံက စိတ်ဝင်စားစွာဖြင့်…

"သူ့မှာ မိတ်ဆွေသူငယ်ချင်းကော မရှိဘူးလားဆရာ… "

ချာယို့ဖုန်းက မျက်မှောင်ကုတ်လိုက်ပြီး…

"ရှိတော့ ရှိမှာပေါ့… ဘာဖြစ်လို့လဲ… "

ကျင်းအော့လျှံက ဆက်ပြောလိုက်သည်။

"သူ့ရဲ့သတင်းကို သူ့မိတ်ဆွေတွေဆီမှာ စုံစမ်းကြည့်ရင် ရနိုင်မယ်ထင်တယ်… "

ထိုစကားကြားရသောအခါ ချာယို့ဖုန်း၏မျက်လုံးများ ဝင်းလက်တောက်ပသွားလေသည်။

မှန်ပါ၏။

မိတ်ဆွေအပေါင်းအသင်းများထံ လိုက်လံစုံစမ်းခြင်းဖြင့် ကုဖေးချန်း၏ သတင်းကိုကြားသိနိုင်မည် မဟုတ်ပါလား။

ချာယို့ဖုန်းက အနည်းငယ်စဉ်းစားလိုက်ပြီး…

"အင်း… ဘာဘညီရဲ့ ထင်ရှားတဲ့မိတ်ဆွေငါးယောက်လောက်တော့ရှိတယ်… သူတို့ကိုတော့ မေ့နေပြီ… "

ကျင်းအော့လျှံက ဆက်ပြောလိုက်သည်။



"ဆရာ စဉ်းစားကြည့်ပါဦး… "

ချာယို့ဖုန်းက စကားမပြောဘဲ တိတ်ဆိတ်သွားသည်။

အတန်ကြာမှ ဝမ်းသာအားရဖြင့်…

"ဟုတ်ပြီ… ဘာဘ စဉ်းစားမိပြီ… သူနဲ့အလွန်ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်ရှိတယ်… သူ့နာမည်က လှီဆေးလို့ ခေါ်တယ်ကွဲ့… "

ကျင်းအော့လျှံက ထပ်မေးလိုက်သည်။

"လှီဆေးဆိုတာ ကျိန်းသေတယ်နော်… "

ချာယို့ဖုန်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး…

"အို… သိပ်ကျိန်းသေတာပေါ့… "

ကျင်းအော့လျှံက စိတ်ဝင်စားစွာဖြင့်…

"လှီဆေးဆိုတဲ့လူက ဘယ်လိုလူစားမျိုးလဲ… "

"သူဟာ သဘောထားပြည့်ဝတဲ့ လူတစ်ယောက်ပါ… ဘာဘရဲ့ညီထက် ပိုပြီးသိုင်းပညာတော်တယ်ကွဲ့… "

ချာယို့ဖုန်း၏ စကားများကြားရလျှင် ကျင်းအော့လျှံ ဝမ်းသာသွားသည်။

လှီဆေးထံသို့သွား၍ စုံစမ်းလျှင် ကုဖေးချန်း၏သတင်းရနိုင်သည် မဟုတ်ပါလား။

"ဆရာ… သူ ဘယ်မှာနေတယ်ဆိုတာ သိလား…, သမီးတို့သူ့ဆီသွားပြီး သတင်းမေးကြတာပေါ့… သူ ကျိန်းသေသိမှာပါ… "

ရုတ်တရက် ချာယို့ဖုန်း၏မျက်နှာပျက်သွား၏။

"ဒါ ခက်တာပဲ… "

www.burmeseclassic.com

www.burmeseclassic.com



ကျင်းအော့လျှံက မျက်မှောင်ကုတ်သွားကာ...

"ဘာခက်တာလဲ ဆရာ... "

"လွှိဆေး ဘယ်မှာနေတယ်ဆိုတာ ဘဘ မသိဘူးကွယ့်... "

ကျင်းအော့လျှံလည်း ငိုင်ကျသွား၏။

သူတို့နှစ်ယောက် စကားမပြောဘဲ မြင်းကိုဆက်၍နှင်သွားကြရာ ခရီးအတော်ရောက်သွားတော့သည်။

အတန်ကြာမှ ကျင်းအော့လျှံက သတိရလာဟန်ဖြင့် တစ်ဖန်စကားစလိုက်ပြန်လေသည်။

"ဆရာ့ညီဟာ ဘယ်လိုပုံသဏ္ဌာန်ရှိသလဲဟင်... "

ချာယို့ဖုန်းက မျက်မှောင်ကုတ်ကာ...

"ဘာဖြစ်လို့မေးတာလဲ... "

"ဪ... မတော်တဆ လမ်းကြုံရင် ချက်ချင်းမှတ်မိအောင်ပါ... "

ချာယို့ဖုန်းက သဘောကျသွားသည်။ ကျင်းအော့လျှံသည် အလွန်သတိကောင်းသည်။

"ဟုတ်တယ်... သူက ခြေသလုံးအိမ်တိုင် လျှောက်သွားနေတဲ့လူဆိုတော့ မမျှော်လင့်ဘဲ ဆုံချင်ရင်ဆုံမယ်... သူက သိုင်းပညာထူးချွန်တဲ့လူတစ်ယောက်ဖြစ်လို့ ခန္ဓာကိုယ်ထွားကျိုင်းမယ် မထင်နဲ့... စာပေသမားတစ်ယောက်လို ပျော့ပျော့ပျောင်းပျောင်းရှိတဲ့ လူတစ်ယောက်ကွဲ... သူဟာ ယန်ဟင်ဖေးလိုလူစားမျိုးပဲ... "



ထိုစကားကြားရလျှင် ကျင်းအော့လျှံ မျက်လုံးထဲ၌ ရှားလိုမြို့တွင်နေထိုင်စဉ် မကြာခဏမြင်ဖူးသော စာပေသမားများကို အမှတ်ရလာ၏။

ချာယို့ဖုန်းက ဆက်ပြောလိုက်လေသည်။

"သူဟာ ဘယ်လောက်အထိ သိမ်မွေ့သလဲဆိုရင် အကြောင်းမသိတဲ့လူတွေက သူသိုင်းပညာမတတ်ဘူးလို့ကောင် ထင်ကြရတယ်... အနေအထိုင်ကလည်း နူးညံ့သိမ်မွေ့... အပြောအဆိုကလည်း အလွန်သိမ်မွေ့တယ်... "

ကျင်းအော့လျှံက စိတ်အားထက်သန်စွာဖြင့်...

"ကျွန်မ သူ့ကိုသိပ်တွေ့ချင်တာပဲ... "

"စိတ်ချ... ဘဘတို့ တစ်နေ့သူ့ကိုတွေ့ရမယ်ဆိုတာ ကျိန်းသေပါတယ်... ပျောက်သောသူ ရှာလျှင်တွေ့ဆိုတဲ့စကားရှိတယ်မဟုတ်လား... "

သူတို့နှစ်ယောက် စကားတပြောပြောဖြင့် မြင်းကိုရှေ့သို့နှင်သွားကြ၏။

နေဝန်းနီသည် အရှေ့ဘက်မှထွက်ပေါ်လာပြီ ဖြစ်သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်နှင့်အမျှ ကောင်းကင်ပေါ်သို့ တဖြည်းဖြည်းမြင့်တက်လာသည်။

နေမွန်းတည့်ချိန်ရောက်သည့်တိုင် ကျင်းအော့လျှံနှင့် ချာယို့ဖုန်းတို့က မရပ်မနားဘဲ ခရီးဆက်သွားကြ၏။

သူတို့သည် လမ်းဘေးအသင့်ပါလာသော ရေနွေးမုန့်ခြောက်

www.burmeseclassic.com

www.burmeseclassic.com



များဖြင့်သာ ဝမ်းမိုက်ကို ဖြည့်တင်းခဲ့ကြ၏။

ညနေဆည်းဆာသို့မရောက်မီ ကျောင်းအော့လျှံတို့အရှေ့ဘက်တွင် မြို့ကလေးတစ်မြို့ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ချာယို့ဖုန်းက ထိုမြို့ကလေးသို့ လက်ညှိုးညွှန်ပြလိုက်ပြီး...

"အဲဒီမြို့ကလေးက ရှန်ချူးမြို့လို့ ခေါ်တယ်... တို့ အဲဒီမှာ တစ်ညနားမယ်... ဒီမြို့ကို အရင်က တစ်ခေါက်ရောက်ခဲ့ဖူးတယ်... လူဆိုးလူမိုက်တွေ ကျင်လည်ကျက်စားတဲ့မြို့ဖြစ်လို့ သမီး သတိထားပါ... ဘာဘတို့ ခရီးစထွက်လာကတည်းက သတိထားရမှာပဲ... အဲဒါကို သမီး နှလုံးသွင်း ဟုတ်လား..."

ကျောင်းအော့လျှံက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဟုတ်ကဲ့ ဆရာ..."

ပြောသာပြောလိုက်ရသော်လည်း ကျောင်းအော့လျှံ ဝမ်းသာနေသည်။

ရှန်ချူးမြို့တွင် လူဆိုးလူမိုက်များ သောင်းကျန်းလျှင် သူမ ထွက်ပြီးရင်ဆိုင်လိုပေသည်။ ဆရာရှိနေသဖြင့် သူ့အတွက် အန္တရာယ်လည်း ကင်းသည်။

ထို့အပြင်...

သိုင်းလောကသားတို့၏ ရင်ဆိုင်တိုက်ပွဲများကို တွေ့မြင်ရပါက သူမအတွက် အတွေ့အကြုံရနိုင်သည်မဟုတ်ပါလား။

ချာယို့ဖုန်းက သူမအား ဟန့်တားထားသော်လည်း သူမ ရင်တွင်း၌ လှုပ်ရှားတက်ကြွမှုများ ဖြစ်ပေါ်နေသည်ကို ထိန်းမရချေ။



မြင်းကိုဝေါက်ငမ်းရင်း ရှေ့သို့ခပ်သွက်သွက် စီးနင်းသွားသည်။

သူတို့နှစ်ယောက် မြင်းဒုန်းစိုင်းသွားကြရာ မိုးမချုပ်မီ ရှန်ချူးမြို့ထဲသို့ ရောက်ရှိသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## ဓားပြနှင့်အတွေ့အကြုံ

ရှန်ချူးမြို့…

ရှန်ချူးမြို့မှာ စည်ကားသောမြို့တစ်မြို့ဖြစ်သည်။

မြို့၏မင်းလမ်းမတစ်လျှောက်တွင် စားသောက်ဆိုင်များ တည်းခိုခန်းများ၊ ဈေးဆိုင်များ အစီအရီရှိနေသည်ကို တွေ့မြင်ကြ သည်။

နေဝင်မီးထွန်းချိန်ရောက်ပြီဖြစ်သော်လည်း လူအများသွား လာ လှုပ်ရှားနေသည်ကို တွေ့ရ၏။

ကျင်းအော့လျှံနှင့် ချာယို့ဖုန်းတို့ မြို့ထဲသို့ ရောက်လာသော အခါ မင်းလမ်းမကြီးဘေးရှိ စားသောက်ဆိုင်နှင့် တည်းခိုခန်းတွဲဖ ဖွင့်လှစ်ထားသော ဆိုင်တစ်ဆိုင်သို့ ဝင်ကြလေ၏။

မြင်းများကို ဆိုင်လုလင်ထံတွင် အပ်နှံပြီးကာပိတ်လျက်အခန်းနှင့် ခန်းငှားရမ်းလိုက်သည်။



ထို့နောက်…

စားသောက်ခန်းမတွင် စားသောက်ဖွယ်ရာများ မှာကြားကာ စားသောက်လိုက်ကြလေသည်။

စားသောက်ခန်းမတွင် လူအများရှိနေသော်လည်း ခရီးသွား များမပါဘဲ မြို့ခံလူများသာဖြစ်ဟန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုလူများသည် ရင်းရင်းနှီးနှီး ခေါ်ပြောနှုတ်ဆက်နေကြသောကြောင့် တည်း။

အားလုံးက လူစိမ်းမျက်နှာစိမ်းဖြစ်နေကြသော ချာယို့ဖုန်း နှင့် ကျင်းအော့လျှံတို့ကို အကဲခတ်ကြည့်နေကြသည်။

ထိုလူများ၏အကြည့်ကို ကျင်းအော့လျှံ မနှစ်မြို့ချေ။

သို့သော်…

မသိဟန်ဆောင်ကာ ခေါင်းငုံ့စားသောက်နေလေ၏။

ထိုစဉ်မှာပင်…

သူတို့ထံသို့ လူတစ်ယောက်လျှောက်လာနေသည်ကို တွေ့ မြင်လိုက်ရသည်။

ထိုလူမှာ ဝဖိုင့်သောခန္ဓာကိုယ်ကြောင့် လှုပ်ရှားမှုလေးလံလှ ပြီး တော်တော်နှင့်ရောက်မလာချေ။

ချာယို့ဖုန်းတို့အနီးသို့ရောက်လျှင် လက်နှစ်ဖက်ဆုပ်ကာ ဦး ညွှတ်လိုက်ပြီး…

"ကျုပ်က ဆိုင်ရှင်ပါ… မိတ်ဆွေတို့က ခရီးသည်တွေထင် တယ်… "

www.burmeseclassic.com

www.burmeseclassic.com



ချာယို့ဖုန်းက ခေါင်းညိတ်လိုက်သည်။

ထိုအချိန်တွင် သူတို့နှစ်ယောက်စလုံး စားသောက်ပြီးစီးသွားကြပြီ ဖြစ်သည်။

"ဟုတ်ပါတယ်… ကျုပ်တို့ ခရီးသွားတွေပါ… "

ဆိုင်ရှင်လူဝကြီးက…

"မိတ်ဆွေတို့… ကျုပ်ဆိုင်မှာ တစ်ညအိပ်မှာဆိုတော့ ကျုပ်က ဝတ္တရားအရ ကြိုတင်ပြီး လာသတိပေးတာပါ… အန္တရာယ်ကို ကြိုတင်ဆီးတားတာကောင်းပါတယ်… "

ချာယို့ဖုန်းက မျက်မှောင်ကြုတ်လိုက်ပြီး…

"ဘာကို သတိပေးမှာလဲ… "

ဆိုင်ရှင်လူဝကြီးက ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပြီး အသံတိုးတိုးဖြင့်…

"ကျုပ် စေတနာနဲ့ပြောတာပါဗျာ… ခင်ဗျားတို့ ဒီမှာတည်းရင် အထူးသတိဝီရိယထားကြပါ… "

ချာယို့ဖုန်းက မျက်မှောင်ကြုတ်လိုက်ပြီး…

"ဘာကြောင့်လဲ… "

"အခုတလော ကျုပ်တို့မြို့မှာ စားပြတစ်ယောက်မင်းမူသောင်းကျန်းနေတယ်ဗျ… သူက ခရီးသည်တွေကို ရွေးပြီး ဒုက္ခပေးတတ်တယ်… ခင်ဗျားတို့ ဒုက္ခရောက်မှာကို ကျုပ်တော် စိုးရိမ်တယ်… "

ထိုစကားကြားရလျှင် ကျင်းအော့လျှံ၏မျက်လုံးများ ဝင်းလက်တောက်ပသွားလေသည်။



သူမသည် ကြောက်ရွံ့ထိတ်လန့်ရမည့်အစား အလွန်စိတ်ဝင်စားနေမိသည်။

သူမ၏အမူအရာကိုတွေ့ရသောအခါ ချာယို့ဖုန်း သက်ပြင်းချမိသည်။ သိုင်းပညာတတ်စ လူငယ်များသည် ဤသို့ပင် တက်ကြွနေတတ်သည် မဟုတ်ပါလား။

ကျင်းအော့လျှံက ဆိုင်ရှင်ကိုကြည့်လိုက်ကာ…

"ခရီးသည်တွေကို စားပြတိုက်လုယက်တယ်ပေါ့… "

ဆိုင်ရှင်လူဝကြီးက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး…

"ဟုတ်ပါတယ်… လွန်ခဲ့တဲ့သုံးရက်လောက်က ကျုပ်ဆိုင်မှာတည်းခိုနေတဲ့ လူတစ်ယောက်စားပြကိုဟန့်တားဖို့ ကြိုးစားရင်း… အသတ်ခံလိုက်ရတယ်ဗျ… "

ကျင်းအော့လျှံမှာ မကျေမနပ်ဖြစ်သွားသည်။

ရှန်ချူးမြို့တွင် သောင်းကျန်းနေသော စားပြမှာ ရက်စက်ကြမ်းကြုတ်လှသည် မဟုတ်ပါလား။ ပစ္စည်းလုရုံတင်မက လူကိုပင်သတ်နေချေပြီ။

မန်ချူးများ ကျူးကျော်ဝင်ရောက်နေချိန်တွင် သူခိုးစားပြများသည်း သောင်းကျန်းနေလေသည်။ ကမ္ဘာမီးလောင်သောအခါ တောကြောင်များ လက်ခမောင်း ထခတ်တတ်သည် မဟုတ်ပါလော။

ဆိုင်ရှင်လူဝကြီးက ဆက်ပြောလိုက်သည်။

"အကောင်းဆုံးကတော့ ကျုပ်ဆိုင်မှာ တည်းခိုရင် ညဘက်ပြင်မထွက်ပါနဲ့… တိုယ်နဲ့မဆိုင်တဲ့ကိစ္စလည်း ဝင်မစွက်ပါနဲ့… ဒါမှ

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ အသက်ချမ်းသာမယ်… ကျုပ်က စေတနာနဲ့သတိပေးတာ ပါဗျာ… ”

ဆိုင်ရှင်၏စကားဆုံးသွားလျှင် ချာယို့ဖုန်းက ခေါင်းညိတ်ကာ…

“စိတ်ချ… ကျုပ်တို့ သတိထားပြီးနေပါ့မယ်ဗျာ… ”

ကျင်းအော့လျှံမှာမူ မကျေမနပ်ဖြင့် ကြားဖြတ်ပြောလိုက်လေသည်။

“ရှင်စေတနာနဲ့သတိပေးတာကလည်း ကျွန်မတို့ကို ခြိမ်းခြောက်သလို ဖြစ်နေပြီ… ”

သူမ၏စကားကြောင့် ဆိုင်ရှင်မျက်နှာ ပျက်သွားလေသည်။

“ကျုပ်စေတနာကို အထင်မလွဲပါနဲ့ဗျာ… စေတနာနဲ့စကား ပြောလာသွားတယ်ဆိုရင်လည်း ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်… ”

ကျင်းအော့လျှံက မဲ့ပြုံးပြုံးရင်း…

“ဟင်း… မတရားသဖြင့် ခိုးပြတိုက်တာကို ကျွန်မက လက်ပိုက်ကြည့်မနေနိုင်ဘူး… ”

ယခုတစ်ကြိမ် ဆိုင်ရှင်မကျေမနပ်ဖြစ်သွားသည်။

“ဒီမှာ ကလေးမ… မင်းတို့က ခရီးသွားတွေမဟုတ်လား… ဒီမှာ တစ်ညတည်းပြီး ခရီးဆက်ကြမှာပဲ… ဘာကြောင့် အန္တရာယ်ကို ဖိတ်ခေါ်ချင်ရတာလဲ… ”

ကျင်းအော့လျှံက တင်းမာသောမျက်နှာထားဖြင့်…

“ကောင်းပြီလေ… ကျွန်မတို့က အန္တရာယ်ကို မဖိတ်ခေါ်ဘဲ အခန်းထဲမှာနေမယ်ဆိုပါတော့… ကျွန်မတို့ ခိုးပြတိုက်မခံရအောင် ရှင်



တာဝန်ယူမလား… ”

သူမက အချက်ကျကျပြောလိုက်သည်နှင့် ဆိုင်ရှင်ပါးစပ် ပေါင်းသောင်းဖြစ်သွား၏။

သူ၏မျက်နှာတစ်ခုလုံး ညှိုမည်းသွားကာ…

“ကျုပ်က စေတနာနဲ့ပြောတာ… မင်းတို့သဘောပဲ… နေချင်သလိုနေကြပေတော့… ”

ပြောပြီး ချာခနဲ လှည့်ကာ ထွက်ခွာသွားလေသည်။

ကျင်းအော့လျှံက ဆိုင်ရှင်၏နောက်ကျောကိုစိုက်ကြည့်ရင် …

“ခိုးပြတွေလုပ်ချင်တိုင်း လုပ်တာကိုလက်ပိုက်ကြည့်နေကြ လို့ဖြစ်မလား… လူလူချင်း ညှာတာသနားတဲ့စိတ်ရှိမှပေါ့… ဒုက္ခရောက် တဲ့လူကို တတ်နိုင်သမျှ ကူညီရမယ်… ခိုးပြတိုက်တာတွေ ယို့ဝင်ကူညီ ပြီး ခိုးပြကိုဆုံးမရင်… ဒီခိုးပြ နောက်တိုက်ဝံ့တော့မလား… ”

သူမက တတွတ်တွတ်ပြောလိုက်သော်လည်း ဆိုင်မိုင်ရှင်က မကြားတော့ပေ။

ချာယို့ဖုန်းက သက်ပြင်းတစ်ချက်ချရင်း…

“ကျင်းအော့လျှံ… မင်းပြောနေလို့လည်း သူကြားမှာမဟုတ် ဘူး… တို့အခန်းကို ပြန်ကြစို့… ”

ကျင်းအော့လျှံမှာ မကျေမနပ်ဖြင့် ချာယို့ဖုန်းနှင့်အတူ လိုက် ပါသွားရလေတော့သည်။

ကျင်းအော့လျှံနှင့် ချာယို့ဖုန်းတို့မှာ အခန်းသို့ပြန်ရောက် သွား လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအော့လျှံမှာ ယခုတိုင် ဆိုင်ဗိုင်ရှင်အား မကျေနပ်သည့်အကြောင်း တဖြစ်တောက်တောက် ပြောဆိုနေဆဲ ဖြစ်သည်။

ချာယို့ဖုန်းမှာ နားညည်းလာသဖြင့်...

"ကျောင်းအော့လျှံ... သမီး ဓားပြဖမ်းချင်တယ် ဟုတ်လား..."

ကျောင်းအော့လျှံက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဟုတ်ကဲ့ ဆရာ..."

"အေး... ကောင်းပြီ... ဓားပြရောက်လာတယ်ကြားရင် ထွက်ပြီး ဆုံးမပေတော့..."

ချာယို့ဖုန်းက ခွင့်ပြုလိုက်သဖြင့် ကျောင်းအော့လျှံ ဝမ်းသာသွားလေသည်။

"ဝမ်းသာလိုက်တာ ဆရာရယ်... သောင်းကျန်းနေတဲ့ ဓားပြကို တစ်ခါတည်း မှတ်သွားအောင် သမီး ဆုံးမလိုက်ပါ့မယ်... ဆရာခွင့်ပြုချက်ရတော့ အတိုင်းထက်အလွန်ဖြစ်သွားတာပေါ့..."

ချာယို့ဖုန်းက ခေါင်းညိတ်လိုက်ပြီး...

"အေး...အေး...အခုတော့ မင်းအခန်းသွားပြီး အိပ်ပေတော့... ဘဘလည်း ခရီးပန်းလို့ အနားယူချင်ပြီ..."

ကျောင်းအော့လျှံမှာ ချာယို့ဖုန်းအား နှုတ်ဆက်ပြီး သူမ၏အခန်းဆီသို့ ပြန်လာခဲ့သည်။

အခန်းတွင်းသို့ရောက်သော် ဓားပြလာလျှင် မည်သို့မည်ပုံ ရင်ဆိုင်ရမည့်ကို အမျိုးမျိုးတွေးတောနေမိသည်။

ဓားပြသည် မည်သည့်အရွယ်ရှိမည်နည်း။



အဘယ်ကြောင့် သောင်းကျန်းနေရပါသနည်း။

ဓားပြနှင့် ရင်ဆိုင်ရမည်ကို တွေးနေ၍ ရုတ်တရက် အိပ်မပျော်ပါ။

ဤသို့ဖြင့် အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ညဉ့်လည်း တစ်စထက်တစ်စ နက်ရှိုင်းလာ၏။

သန်းခေါင်ကျော်အချိန်ရောက်မှ ကျောင်းအော့လျှံ မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

"တုံ... တုံ..."

အဝေးမှ အုန်းမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာ၏။

အုန်းမောင်းခေါက်သံနှစ်ချက်ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

တိတ်ဆိတ်နေသော ညဖြစ်၍ ထွက်ပေါ်လာသောအသံသည် ကျယ်လောင်လွန်းလှသည်။

ကျောင်းအော့လျှံသည် အိပ်ပျော်နေရာမှ ဆတ်ခနဲ လန့်နိုးလာသည်။

ဓားပြရောက်လာပြီလောဟုလည်း သံသယဝင်လာပြန်၏။

ထို့ကြောင့်...

အိပ်ရာထက်မှထကာ ပြတင်းပေါက်ကို အသာဟရင်း အပြင်ဘက်သို့ အသာချောင်းကြည့်လိုက်လေသည်။

အပြင်ဘက်တွင် ဖြောင့်တန်းညီညာသော မင်းလမ်းမကြီးသာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

ထိုမင်းလမ်းမကြီးပေါ်တွင် လူသူမဆိုထားနှင့် ခွေးလေခွေးလွင့်များပင် မတွေ့ရပါ။

ကျွင်းအောလွှဲသည် မျက်မှောင်ကုတ်သွားသည်။

စူးရှသော အော်ဟစ်သံသည် မည်သည့်နေရာမှ ထွက်ပေါ်လာရပါသနည်း။

ကျွင်းအောလွှဲမှာ အပြင်ဘက်သို့ထွက်၍ အကဲခတ်ကြည့်လိုစိတ်များ ဖြစ်ပေါ်လာသည်။

ချာယို့ဖုန်းထံသွား၍ ခွင့်တောင်းရန် စိတ်ကူးမိ၏။

ထိုစဉ်...

ချာယို့ဖုန်းက သူမအား စားပြနှင့်ရင်ဆိုင်ရန် ခွင့်ပြုထားသည်ကို အမှတ်ရလာလေသည်။

ထို့ကြောင့်...

ချာယို့ဖုန်းထံ ခွင့်မတောင်းဘဲ ဓားကိုဆွဲကာ အပြင်ဘက်သို့ထွက်လာခဲ့၏။

အခန်းအပြင်သို့ ခြေချမိသည်နှင့် စူးရှသောအော်ဟစ်သံ ဒုတိယအကြိမ် ထွက်ပေါ်လာပြန်သည်ကို ကြားလိုက်ရပြန်လေသည်။

ကျွင်းအောလွှဲ၏ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

စူးရှသော အော်ဟစ်သံမှာ ဝေဒနာခံစားရ၍ အော်ဟစ်လိုက်ခြင်းလော။

သို့မဟုတ် အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသဖြင့်



ကြောက်ရွံ့ထိတ်လန့်စွာ အော်ဟစ်လိုက်ခြင်းလော သူမ ဝေခွဲမရပါ

ကျွင်းအောလွှဲက စဉ်းစားခြင်းပင်မပြုဘဲ အော်ဟစ်သံထွက်ပေါ်လာရာသို့ ပြေးလွှားသွားလေတော့သည်။

စူးရှသောအော်ဟစ်သံထွက်ပေါ်လာပြန်သည်။

ယခုတစ်ကြိမ် ကျွင်းအောလွှဲ သေချာစွာကြားလိုက်ရသည်

ထိုအသံမှာ အသက်အန္တရာယ်ကြုံတွေ့နေရသော လူတစ်ယောက်၏အသံမျိုး မဟုတ်ပါ။

အတွင်းအားကောင်းသူတစ်ယောက်က တမင်သက်သ[illegible] ခြိမ်းခြောက်သည့်သဘောဖြင့် အော်ဟစ်နေခြင်းဖြစ်ကြောင်း သိလို[illegible] ရလေသည်။

ကျွင်းအောလွှဲက အံကြိတ်ရင်း...

"ဒီလိုစူးစူးရှရှအော်နေတာ ဓားပြပဲဖြစ်ရမယ်... သူ ဓား[illegible] တိုက်တဲ့အခါ အခြားလူတွေဝင်မရှုပ်အောင် တမင်သက်သက်ခြိမ်း ခြောက်ပြီး အော်နေတာ ဖြစ်လိမ့်မယ်..."

ယင်းသို့ တစ်ကိုယ်တည်း ရေရွတ်ကာ ရှေ့သို့ပြေးလွှားသွား[illegible] ပြန်သည်။

သူမသည် ကိုယ်ဖော့ပညာအသုံးပြုရင်း နီးကပ်စွာရှိနေသော အိမ်ခေါင်မိုးများပေါ်မှ ပြေးလွှားသွားခြင်း ဖြစ်သည်။

မကြာပါချေ။

ကြီးမားသော အိမ်တစ်လုံး၏ခေါင်မိုးပေါ်သို့ ရောက်ရှိလာ[illegible]

စူးရှသောအသံမှာ ထိုအိမ်ကြီး၏အောက်သက်မှထွက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



လာခြင်း ဖြစ်ရမည်ဟု သူမ ရိပ်မိလိုက်သည်။

ထို့ကြောင့်...

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ကာ...

"ဘယ်သူလဲဟေ့... အသံသေး အသံကြောင်နဲ့အော်နေတာ"

သူမ၏စကားသံဆုံးလျှင် ခေါင်းမိုးပေါ်သို့ လူတစ်ယောက်ခုန်တက်လာသည်ကို တွေ့လိုက်ရလေသည်။

ကျင်းအော့လျှံသည် သေသေချာချာကြည့်လိုက်သောအခါ အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

အဘိုးအိုက ခေါင်းမိုးပေါ်သို့ ခြေချမိသည်နှင့်...

"ဘယ်သူလဲ..."

ကျင်းအော့လျှံက အဘိုးအိုအား အကဲခတ်ကြည့်ရင်း...

"အသံသေးအသံကြောင်နဲ့ အော်နေတာ ရှင်လား... မကြီးမငယ်နဲ့လျှောက်အော်နေတော့ အိပ်ရေးပျက်တယ်ရှင့်..."

အဘိုးအိုက ဒေါသထွက်သွားလေသည်။

အလွန်ငယ်ရွယ်နုနယ်သော မိန်းကလေးတစ်ယောက်ကို တွေ့ရသောအခါ သဘောကျစွာဖြင့် အဘိုးအိုက တဟားဟားရယ်မောလိုက်သည်။

"ဟား... ဟား... ဟား... မင်းက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ သေချင်ပြီထင်တယ်..."

ကျင်းအော့လျှံမှာ ယခုတလော ရှန်ချူးမြို့တွင် ဓားပြတစ်



ယောက် သောင်းကျန်းနေသည်ကို သိထားပြီ ဖြစ်၏။

ယခု...

ညကြီးအချိန်မတော် တွေ့ရသော အဘိုးအိုမှာ သောင်းကျန်းနေသော ဓားပြဖြစ်ရမည်ဟု ယုံကြည်လာလေသည်။

အဘိုးအိုကို စေ့စေ့ကြည့်ရင်း...

"ရှင်က ဒီမြို့မှာ သောင်းကျန်းနေတဲ့ ဓားပြဟုတ်လား..."

အဘိုးအိုက မဲ့ပြုံးပြုံးရင်း...

"ဟုတ်တယ်... မင်းက သေချင်လို့ ကျုပ်နဲ့လာတွေ့တာပဲ..."

ကျင်းအော့လျှံက ပန်းတစ်ချက်တွန့်ကာ...

"ရှင့်နာမည် ဘယ်သူလဲ..."

"စွန်ပေ့ကျို..."

စွန်ပေ့ကျိုက ကျင်းအော့လျှံလက်ထဲတွင် ဓားကိုင်ဆောင်ထားသည်ကို တွေ့ရသောအခါ သိုင်းသမားတစ်ယောက်ဖြစ်မည်ဟု ခန့်မှန်းမိသည်။

"ဟေ့... ကလေးမ... မင်းနာမည် ဘယ်လိုခေါ်လဲ... မင်းဆရာ ဘယ်သူလဲ..."

ကျင်းအော့လျှံက ရယ်မောကာ...

"ဒီနေ့တော့ ရှင် ကံဆိုးပြီမှတ်... ရှင့်အသက် ကျွန်မ ဓားအောက်မှာ အသက်ပျောက်စေရမယ်..."

ထိုစကားကြားရလျှင် စွန်ပေ့ကျိုသည် ဒေါသချောင်းချောင်းထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့အဖေ... မင်းရဲ့ဆရာဟာ ကျုပ်မိတ်ဆွေဖြစ်နေရင်လည်း မင်းကို ကျုပ် ခွင့်မလွှတ်နိုင်ဘူး..."

ကျင်းအော့လျှံက နှာခေါင်းရှုံ့လိုက်ပြီး...

"ကျွန်မအဖေနဲ့ ကျွန်မဆရာက ရှင့်လိုဓားပြမျိုးကို မိတ်ဆွေဖွဲ့မယ်ထင်သလား... ဝေးပါသေးတယ်..."

စွန်ပေ့ကျိုသည် စိတ်မထိန်းနိုင်တော့ပါ။

"ဒီလောက်လေကျယ်လှတာ သေပေတော့..."

စကားဆုံးသည်နှင့် ရုတ်တရက် ခုန်အုပ်တိုက်ခိုက်လိုက်လေတော့သည်။

ကျင်းအော့လျှံကလည်း ဓားကိုအသုံးမချဘဲ လက်ဝါးနှစ်ဖက်ဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

ခေါင်မိုးပေါ်တွင် လူရိပ်နှစ်ခု ခုန်ပျံတိုက်ခိုက်နေကြသည်။

စွန်ပေ့ကျိုမှာ အတွေ့အကြုံရင့်ကျက်ပြီး အတွင်းအားကောင်းသူတစ်ယောက်ဖြစ်သည်။

ကျင်းအော့လျှံမှာ ကိုယ်ဖော့ပညာထူးချွန်သူ ဖြစ်၏။

ထို့ကြောင့်...

စွန်ပေ့ကျို၏ပြင်းထန်သောလက်ဝါးချက်များကို ခုန်ပျံရှောင်တိမ်းရင်း အခွင့်သာလျှင် သာသလို ပြန်လည်တိုက်ခိုက်သည်။

ထို့ကြောင့်...

တိုက်ကွက်သုံးဆယ်ခန့် တိုက်ခိုက်ပြီးသွားသော်လည်း မည်သူမှ အသာမရသေးဘဲ လက်ရည်ညီမျှနေသည်။



စွန်ပေ့ကျို အံ့သြသွားသည်။

ငယ်ရွယ်နုနယ်သူတစ်ယောက်မှာ သူ့အား လက်ရည်တူပြန်လည်တိုက်ခိုက်နေသည် မဟုတ်ပါလား။

စွန်ပေ့ကျိုက တိုက်ခိုက်ရာမှ ရပ်တန့်ပြီး နောက်ဆုတ်သွားသည်။

တစ်ဖန် ကျင်းအော့လျှံကို ကြည့်ကာ...

"မင်းနာမည် ဘယ်သူလဲ..."

ကျင်းအော့လျှံက ရယ်မောကာ...

"ကျင်းအော့လျှံလေ... ဘာလဲ ရှင်ကြောက်နေပြီလား..."

စွန်ပေ့ကျိုက ခံပြင်းသွားသည်။

ဓားကိုဆွဲထုတ်ကာ...

"မင်း... ကျုပ်ကိုစော်ကားတာ နောင်တရစေရမယ်..."

ပြောပြီးလျှင် ဓားဖြင့်တရကြမ်း တိုက်ခိုက်ပြန်လေသည်။

စွန်ပေ့ကျိုက ဓားကိုင်ဆောင်လာသောကြောင့် ကျင်းအော့လျှံလည်း မတတ်သာတော့ဘဲ ဓားကို ဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လေသည်။

မသဲမကွဲလရောင်အောက်တွင် ဓားရောင်များ ဖွေးဖွေးလှုပ်သွား၏။

စွန်ပေ့ကျိုနှင့် ကျင်းအော့လျှံတို့မှာ ပို၍ပြင်းထန်စွာ တိုက်ခိုက်နေကြလေတော့သည်။

စွန်ပေ့ကျို၏တိုက်ကွက်များမှာ ရက်စက်ကြမ်းကြုတ်ပြီး သေ

www.burmeseclassic.com

www.burmeseclassic.com



ကျွင်း သေကွက်ကိုသာ ရွေးချယ်တိုက်ခိုက်သည်။

အနည်းငယ်မျှ ယွင်းသွားလျှင် သို့မဟုတ် အနည်းငယ်မျှ နှေး...
ကွေးသွားလျှင် စွန်ပေကျို၏ဓားချက်ဖြင့် ကျွင်းအော့လျှံ သေဆုံးသွား...
နိုင်သဖြင့် သူမ၏နဖူးပေါ်တွင် ချွေးများစို့လာသည်။

သာမန်ဓားပြတစ်ယောက်အား လွယ်လွယ်ကူကူအနိုင်ရရှိ...
မည်ဟု သူမ ယုံကြည်ထားခဲ့၏။ ယခုသော် ထိုသို့မဟုတ်တော့ပေ...

စွန်ပေကျိုသည် ကြောက်မက်ဖွယ်ရာကောင်းသော ဓား...
တစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

စိုးရိမ်ပူပန်စိတ်များနှင့်အတူ ထိတ်လန့်တုန်လှုပ်လာ၏။

အကယ်၍...

စွန်ပေကျိုကို အနိုင်မရလျှင် မည်သို့ဖြစ်လာမည်နည်း။

အတွေ့အကြုံနုနယ်သေးသော ကျွင်းအော့လျှံမှာ ရန်သူ...
အလွယ်အကူ အနိုင်မရသည်နှင့် စိတ်ချောက်ချားလာ၏။

သူမ၏တိုက်ခိုက်မှုမှာလည်း အရှိန်အဟုန်လျော့ကျလာသည်...

စွန်ပေကျိုမှာမူ တိုက်ပွဲ အတွေ့အကြုံရင့်ကျက်သူတစ်ယော...
ဖြစ်၏။

သူ့အား သိုင်းကွက်တစ်ရာကျော်ယှဉ်ပြိုင်တိုက်ခိုက်သော...
ကျွင်းအော့လျှံကို အံ့ဩမိသည်။

ထို့စဉ်...

ကျွင်းအော့လျှံ၏တိုက်ကွက်များ လျော့ကျလာသည်ကို...
ရသောအခါ ဝမ်းသာသွားသည်။ စွန်ပေကျိုသည် အပေါ်စီးမှ တို...



ခိုက်လာနိုင်တော့သည်။

ကျွင်းအော့လျှံ ရင်ထိတ်ကာ နောက်ဆုတ်ရှောင်တိမ်းရန် ဟန်
ပြင်လိုက်သည်။

သို့သော်...

သူမ နောက်ကျသွားချေပြီ။

စွန်ပေကျို၏ဓားက သူမ၏ဝဲဘက်လက်မောင်းကို ရှပ်ထိသွား
ပြီး သွေးများဖြာထွက်လာလေသည်။

ကျွင်းအော့လျှံ မျက်နှာပျက်သွားသည်။

ဤအတိုင်းဆိုလျှင် မကြာမီ သူမ ရှုံးနိမ့်တော့မည်ဖြစ်ကြောင်း
ရိပ်မိလာလေ၏။

တစ်ဆက်တည်းမှာပင်...

အားကိုးစရာ ချာယို့ဖုန်း၏မျက်နှာကို မြင်ယောင်လာလေ
သည်။

တစ်ဖန်...

ချာယို့ဖုန်း၏ ပြောစကားများကိုလည်း ကြားယောင်လာ
၏။

"တစ်စည်... ရန်သူကိုမနိုင်ရင် ထွက်ပြေးတာ အကောင်းဆုံး
လမ်းစဉ်ပဲ..."

ထိုသို့ကြားယောင်လာသည်နှင့် ဆက်လက်တိုက်ခိုက်ခြင်း
မပြုဘဲ နောက်သို့ ခုန်ဆုတ်လိုက်သည်။

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ် ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့၏။

စွန်ပေ့ကျိုက ကြောင်အမ်းအမ်းဖြစ်သွား၏။

"ဟေ့… ဟေ့… မပြေးနဲ့…"

အော်ဟစ်ဟန့်တားရင်း နောက်မှပြေးလိုက်သွားလေတော့သည်။

❀ ❀ ❀

## အခန်း (၉)
## ဆုံးမခြင်း

ကျင်းအော့လျှံမှာ ကိုယ်ဖော့ပညာတော်သူဖြစ်၍ တစ်ခဏအတွင်းမှာပင် တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာသည်။

သူမ၏အခန်းတွင်းသို့ဝင်မိလျှင် အတွင်းဘက်၌ မီးလင်းနေသည်ကို တွေ့ရလေသည်။

ကျင်းအော့လျှံ အံ့သြနေစဉ် ချာယို့ဖုန်းက သူမအား ပြုံး၍ကြည့်ရင်း အခန်းထဲ၌ အခန့်သားထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်… ဆရာ ရောက်နေပါလား…"

ချာယို့ဖုန်းက ကျင်းအော့လျှံ၏လက်မောင်းမှ ဒဏ်ရာကို ကြည့်ကာ…

"သမီး တော်တယ်… ရန်သူကိုမနိုင်ရင် ဒီလိုပြေးလာရတယ်ကွ…"

www.burmeseclassic.com

www.burmeseclassic.com



မြောရင်း အကျီအိတ်အတွင်းမှ ဆေးဘူးကိုနှိုက်ယူပြီး ကျင်းအောင့်လျှံ၏ဒဏ်ရာများကို ဆေးထည့်ပေးလိုက်သည်။

ထို့နောက်...

အဝတ်စဖြင့် ပတ်တီးစည်းပေးလိုက်သည်။

ချာယို့ဖုန်း ဆေးထည့်ပေးလျှင် ဒဏ်ရာကသွေးတိတ်သွားသည်။

ကျင်းအောင့်လျှံက ချာယို့ဖုန်းကို ကြည့်ကာ...

"ဆရာ... ဒီဆေးပြတော်တော်ကြောက်စရာကောင်းတယ်..."

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"သမီး မှား နေပြီ... "

"ရှင်... "

ကျင်းအောင့်လျှံက တအံ့တသြဖြစ်သွားသည်။

ချာယို့ဖုန်း က ဆက်ပြောလိုက်သည်။

"သူဟာ ကြောက်စရာကောင်းတာ မဟုတ်ဘူး... အတွေ့အကြုံရင့်ကျက်လို့ သာ သမီးကို အနိုင်ကိုက်နိုင်တာ... တကယ်လို့ သမီးသာ သိုင်းလောက ထဲမှာ ဆယ်နှစ်လောက်သွားလာလှုပ်ရှားခဲ့တယ်ဆိုရင် သူ့ကိုနိုင်မှာ ကျိန်းသေတယ်"

ထိုစကားကြားရသောအခါ ကျင်းအောင့်လျှံက အံ့သြသွားလေသည်။

သူမ သည် ချာယို့ဖုန်းက သင်ကြားပေးထားသော သိုင်းကွက်များကို တွက် ဖော်ကိုက်ခွဲခဲ့သော်လည်း စွန်ပေ့ကျိုကို အနိုင်မရချေ။



ချာယို့ဖုန်းကိုကြည့်ကာ...

"ဆရာ... သမီး ဘယ်လိုလုပ်နိုင်မှာလဲ... အခုလည်း သူ့ကို ခွမ်းကုန်တိုက်ခဲ့တာပဲ... "

ချာယို့ဖုန်းက ပြုံးလိုက်ပြီး...

"ဘဘ သင်ပေးထားတဲ့သိုင်းကွက်တွေနဲ့ပဲ သူ့ကိုနိုင်မှာ... "

ကျင်းအောင့်လျှံက မျက်မှောင်တစ်ချက်ကုတ်ကာ...

"ဒါဖြင့် သမီး အသုံးပြုတာ နည်းလမ်းမကျသေးလို့ပေါ့ ဟုတ်လား... "

ချာယို့ဖုန်းက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်... အတွေ့အကြုံမရှိတော့ ရှိသမျှအားကို သမီး ကုန်သုံးတယ်... သူ့နေရာနဲ့သူ မသုံးဘူး... ဒါကြောင့် ရှုံးတာ... "

ကျင်းအောင့်လျှံက မကျေမနပ်ဖြစ်သွားသည်။

သို့သော်...

ချာယို့ဖုန်းကို မပြောဖုံသဖြင့် ပါးစပ်ပိတ်ထားလိုက်ရလေ၏။

ကျင်းအောင့်လျှံ၏ရင်တွင်းမှ ခံစားချက်များကို ချာယို့ဖုန်းက းလည်သဘောပေါက်ပါသည်။

ထို့ကြောင့်...

သက်ပြင်းကို မသိမသာချကာ...

"အေး... ဘဘသာ သူနဲ့ယှဉ်ပြိုင်တာကို သမီးတွေ့ရင် ဘဘ ပြောတာ သဘောပေါက်လာမှာပဲ... ဒါပေမယ့် ဘဘက သူများရဲ့ရန် ဖြစ်ချင်ဘူး... ကိုတွေ ဒီကထွက်သွားကြရင်ကောင်းမယ်..."

www.burmeseclassic.com



ကျင်းအော့လျှံ၏မျက်လုံးမှူး ဝင်းလက်တောက်ပသွားသည်။

ချာယို့ဖုန်းကိုယ်တိုင် သိုင်းပညာအသုံးချကာ ရန်သူနှင့် တိုက်ခိုက်သည်ကို သူမ မြင်တွေ့လိုပေသည်။

ချာယို့ဖုန်းနှင့် စွန်ပေ့ကျိုတို့ ရင်ဆိုင်တွေ့လျှင် ကောင်းမည်ဟုလည်း တွေးမိလာ၏။

ထို့ကြောင့်...

ချာယို့ဖုန်းကို အကဲခတ်ကြည့်ကာ...

"ဆရာ... သူနဲ့ယှဉ်ပြိုင်ကြည့်ပါလား... "

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"ဘာဘာ... သူများနဲ့ ရန်မဖြစ်ချင်ဘူး... ကဲ... ကဲ... မင်းပစ္စည်းတွေ သိမ်း... ဘာဘာတို့ ဒီကထွက်သွားကြမယ်... "

မကြာမီ...

စွန်ပေ့ကျို ရောက်လာလိမ့်မည်ကို ကျင်းအော့လျှံ သိထားပေ၏။

ထို့ကြောင့်...

ချာယို့ဖုန်း၏စကားကို မပယ်ရှားဘဲ နေးကွေးလေးလံစွာဖြင့် ပစ္စည်းများ သိမ်းဆည်းလိုက်လေသည်။

သူမ၏အတွေး မမှားပါချေ။

ပစ္စည်းများ သိမ်းဆည်းနေစဉ်...

"မင်း ဘယ်ပြေးမလဲ... "

အော်ဟစ်သံနှင့်အတူ အခန်းတွင်းသို့ လူတစ်ယောက် ခုန်ဝင်လာသည်ကို တွေ့လိုက်ရလေတော့သည်။

ထိုလူမှာ စွန်ပေ့ကျိုပင် ဖြစ်ပါတော့သည်။



❀ ❀ ❀

အခန်းတွင်း၌ မီးရောင်ရှိနေသည်။

တည်းခိုခန်းတစ်ခုလုံး မီးမှိတ်ကာ အိပ်မောကျနေပြီဖြစ်သောကြောင့် မီးလင်းနေသည့်အခန်းမှာ ထူးခြားနေသည် မဟုတ်ပါလား။

စွန်ပေ့ကျိုသည် ကျင်းအော့လျှံကို မျက်ခြည်ပြတ်သွားလျှင် မီးလင်းနေသော အခန်းဆီသို့လာခဲ့လေသည်။

အခန်းဝသို့ရောက်သော် ကျင်းအော့လျှံနှင့်အတူ သူမ၏ဒေါက်တာများကို ဆေးထည့်ပေးနေသော လူတစ်ယောက်ကိုလည်း တွေ့လိုက် ရ၏။

စွန်ပေ့ကျိုက စဉ်းစားခြင်းပင်မပြုဘဲ...

"သေပေတော့... "

ဆေးထည့်ပေးနေသောလူအား နောက်ကျောဘက်မှနေ၍ ဦးခေါင်းပေါ်မှ မိုးကာ ဓားဖြင့်ခုတ်ချလိုက်လေသည်။

ကျင်းအော့လျှံက ရင်ထိတ်သွားကာ...

"ဆရာ... သတိထား... နောက်မှာ... "

သူမက အော်ဟစ်သတိပေးသောအသံက နောက်ကျနေပါသည်။

စွန်ပေ့ကျိုတိုက်ခိုက်လိုက်သည်နှင့် ချာယို့ဖုန်းက လျင်မြန်စွာ

www.burmeseclassic.com

www.burmeseclassic.com



ရှောင်တိမ်းပြီး ဖြစ်နေသည်။ ချာယို့ဖုန်း၏လှံ့ပ်ရှားမှုမှာ လျှပ်ပြက် သကဲ့သို့ ရှုပ်မြန်သည်။

သူသည် ခန္ဓာကိုယ်ဘက်သို့ ယိမ်းကာခြေတစ်လှမ်းဆုတ်၍ ရှောင်လိုက်သည်။

တစ်ဆက်တည်းမှာပင်...

လက်တစ်ဖက်ကို အပေါ်သို့မြှောက်လိုက်ရာ စွန်ပေ့ကျို၏ဓားကိုင်ထားသော လက်၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်မိသွား၏။

ချာယို့ဖုန်းက တည်ကြည်သောမျက်နှာထားဖြင့်...

"သွားစမ်း..."

အော်ပေါက်ရင်း တွန်းထုတ်လိုက်လျှင် စွန်ပေ့ကျိုသည် အနောက်ဘက်သို့ လွင့်စဉ်သွားလေတော့၏။

စွန်ပေ့ကျိုသည် မျက်နှာကွက်ခနဲ ပျက်သွား၏။

ချာယို့ဖုန်းမှာ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်ကြောင်း သူ ရိပ်မိသွားလေသည်။

ကျင်းအော့လျှံမှာမူ ချာယို့ဖုန်း၏လှုပ်ရှားတိုက်ခိုက်ပုံကို လက်တွေ့မြင်ရသဖြင့် အလွန်အမင်း သဘောကျသွားသည်။

ချာယို့ဖုန်းသည် သူမ ရှုံးနိမ့်ခဲ့သော စွန်ပေ့ကျိုကို လှည့်ကြည့် စရာပင်မလိုဘဲ တွန်းထုတ်ပစ်နိုင်ခဲ့သည် မဟုတ်ပါလော။

စွန်ပေ့ကျိုက ချာယို့ဖုန်းကို စိုက်ကြည့်ကာ...

"မင်း ဘယ်သူလဲ... အခုကြောင့် ကျုပ်ကိစ္စထဲ ဝင်ရှုပ်နေတာလဲ..."



ချာယို့ဖုန်းက စွန်ပေ့ကျိုဘက်သို့ မျက်နှာလှည့်လိုက်ပြီး...

"မင်း ဒီတထွက်မသွားသေးဘူးလား..."

စွန်ပေ့ကျိုမှာ ချာယို့ဖုန်း မည်သူမည်ဝါဖြစ်ကြောင်း မသိချေ။ ထို့ကြောင့်...

မျက်မှောင်ကြုတ်၍ကြည့်ရင်း...

"မင်း ဘယ်သူလဲ... ဟိုမိန်းကလေးနဲ့တစ်ဖွဲ့တည်းလား..."

ချာယို့ဖုန်းက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်..."

စွန်ပေ့ကျိုက အေးစက်စွာဖြင့်...

"ဒီလိုဆိုရင် မင်းပါ ဒုက္ခရောက်သွားမယ်..."

ချာယို့ဖုန်းက မဲ့ပြုံးပြုံးကာ...

"မင်းက ငါတပည့်ကို ဒုက္ခရောက်ရအောင်လုပ်တယ်... နောက်ပြီး ကိုလည်း စော်ကားသေးတယ်... မင်းအချိန်ရှိတုန်း ထွက်သွားစမ်း... မှမဟုတ်ရင်တော့ ငါ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး..."

ကျင်းအော့လျှံ၏ဆရာဖြစ်နေကြောင်း စွန်ပေ့ကျို သိသွား သည်။

ကျင်းအော့လျှံသည် သိုင်းပညာ ဤမျှတော်နေလျှင် သူ၏ ဆရာမှာ ပို၍ကြောက်စရာကောင်းမည် မဟုတ်ပါလား။

စွန်ပေ့ကျိုသည် ရင်ထိတ်သွား၏။

သူသည် ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်တိမ်းသွားလျှင် ကောင်းမည်ဟု တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

ရုတ်တရက် ထွက်ခွာသွားပါက သူ့အား လိုက်လံတိုက်ခိုက်မည်ကို စိုးရိမ်ရသေး၏။

ထို့ကြောင့်...

အေးအေးဆေးဆေး နောက်ဆုတ်သွားနိုင်ရန် စကားလုံးများ ရှာဖွေစဉ်းစားနေ၏။

သူက ပြေပြေလည်လည်ပြောဆို ဆက်ဆံနိုင်လျှင် ထွက်ခွာသွားခွင့်ရမည်မဟုတ်ပါလော။

ချာယို့ဖုန်းက ထွက်သွားရန်ပြောနေသော်လည်း သူ မထွက်ခွာခဲ့သေးပါချေ။

ထိုစဉ် ကျင်းအော့လျှံက...

"ဟော့... စွန်ပေ့ကျို... ရှင်က ကလေးကိုပဲစော်ကားဝံ့တယ်... ကျွန်မ ဆရာနဲ့တွေ့တော့ ကြောက်နေပြီမဟုတ်လား... "

ထိုစကားကြားလိုက်ရလျှင် ထွက်သွား၍မဖြစ်တော့ကြောင်း စွန်ပေ့ကျို သဘောပေါက်လိုက်လေသည်။

ကျင်းအော့လျှံက ဆက်ပြောလိုက်သည်။

"ကျွန်မကို ဒုက္ခရရအောင်လုပ်တဲ့အတွက် ကျွန်မဆရာက ရှင့် ဒူးထောက်ပြီးတောင်းပန်ရမယ်... ဒါမှ ရှင့်ကိုခွင့်လွှတ်နိုင်မယ်... "

စွန်ပေ့ကျိုမှာ မျက်နှာမည်းသွားလေသည်။

ချာယို့ဖုန်းမှာ စွန်ပေ့ကျို ထွက်သွားလိမ့်မည်ဟု ရိပ်မိ၏။

စွန်ပေ့ကျို ထွက်သွားလျှင် မြို့သနားတစ်ခု အေးချမ်းသွား



မဟုတ်ပါလော။

ထို့ကြောင့်...

ရန်ရှောင်သည့်သဘောဖြင့်...

"ကဲ... လာ... တို့သွားကြမယ်... "

ပြောရင်း ကျင်းအော့လျှံ၏လက်ကိုဆွဲကာ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်သည်။

ကျင်းအော့လျှံက စွန်ပေ့ကျိုအားကြည့်ရင်း ချာယို့ဖုန်း မသိအောင် တိတ်တဆိတ် မျက်လုံးပြူးပြသည်။ လျှာထုတ်ပြလိုက်သည်။

စွန်ပေ့ကျို မခံချိမခံသာဖြစ်လာအောင် ရန်စနေသည်။

ကျင်းအော့လျှံက မထေမဲ့မြင် လှောင်ပြောင်နေသောကြောင့် စွန်ပေ့ကျို ခံပြင်းလာသည်။

အံကိုတင်းတင်းကြိတ်ရင်း...

"ရပ်လိုက်စမ်း... "

အမှန်ဆိုလျှင် ချာယို့ဖုန်းနှင့် ကျင်းအော့လျှံ ထွက်သွားသည်မှာ အကောင်းဆုံးဟု သူနားလည်ထားပါသည်။

သို့သော်...

ကျင်းအော့လျှံက သူ၏ဆရာကိုကြောက်သည်ဟု ထင်မြင်နေသဖြင့် မတတ်သာဘဲ ဟန့်တားလိုက်ရခြင်းဖြစ်လေသည်။

ချာယို့ဖုန်းက ခြေလှမ်းမရပ်ဘဲ ဆက်သွားရန်ဟန်ပြင်၏။

သူက စွန်ပေ့ကျိုကို လုံးဝဂရုမစိုက်ချေ။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအော့လျှံက ချာယို့ဖုန်း၏လက်ကိုဆွဲကာ...

"ဆရာ... သူက ဟန့်တားနေပြီ... ဒီကထွက်သွားရင် သူက ကြောက်တယ်လို့ပြောကုန်ကြလိမ့်မယ်... "

ထိုစကားကြောင့် ချာယို့ဖုန်း၏ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားလေ၏။

စွန်မေ့ကျိဘက်သို့လည်း တင်းမာသောမျက်နှာထားဖြင့် လှည့်ကြည့်လိုက်၏။

စွန်မေ့ကျိ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

ချာယို့ဖုန်း၏နီရဲခက်ထန်သော မျက်နှာကိုမြင်လျှင် ရှောင်တိမ်း၍ မရတော့မှန်း သဘောပေါက်လာ၏။

"မင်း ဘာဖြစ်လို့ ကျုပ်တို့ကို ဟန့်တားနေရတာလဲ... "

စွန်မေ့ကျိက မထူးတော့မှ သဘောပိုက်ကာ...

"မင်း သွားချင်ရင် သွားနိုင်တယ်... ဒါပေမယ့် မင်းတပည့်တော့ ထားခဲ့ရမယ်... "

ချာယို့ဖုန်းက အေးတိအေးစက်ဖြင့်...

"ကျုပ် မထားခဲ့ဘူးဆိုရင်ကော... "

စွန်မေ့ကျိက ပခုံးတစ်ချက်တွန့်ကာ...

"ရှင်းပါတယ်... သူ့ကိုမထားခဲ့ချင်ရင် မင်းလည်း သွားလို့ရမှာ မဟုတ်ဘူးပေါ့... "

ချာယို့ဖုန်းက ဒေါသထွက်သွားကာ...

"ကျုပ်က မင်းတို့ သနားလို့သနားမှန်း မသိပါလား... မင်းတို့ဆရာကို မသွားလို့ ကျုပ်သွားတယ်... ဒါကို မင်းကဟန့်တားတယ်... မင်း ဂုဏ်နေပြီ... "



စွန်မေ့ကျိက အံကြိတ်ရင်း...

"မင်း ထင်ချင်သလိုထင်ပေတော့... ကျုပ်က ဒီမိန်းကလေး ကို လုံးဝခွင့်မလွှတ်နိုင်တော့ဘူး... "

ချာယို့ဖုန်းက သက်ပြင်းချလိုက်ပြီး...

"ကျုပ်က သူ့ဆရာဆိုတာ မင်း မမေ့နဲ့... သူ့ကိုဒုက္ခရောက်အောင်လုပ်ရင်... ကျုပ်က လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး... "

"ကောင်းပြီလေ... ခင်ဗျား ဓားသာထုတ်လိုက်ပါ... "

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"မင်းလိုလူမျိုးကို ဓားကိုင်စရာမလိုပါဘူး... "

စွန်မေ့ကျိက ဒေါသချောင်းချောင်းထွက်သွားသည်။

"မင်းတို့ဆရာတပည့်နှစ်ယောက်စလုံး ကျုပ်သတ်ပစ်မယ်"

ယင်းသို့ကြွေးဝါးရင်း လက်ထဲမှဓားဖြင့် စတင်တိုက်ခိုက်လိုက်သည်။

ချာယို့ဖုန်းက ဓားကိုင်ဆောင်ထားခြင်းမရှိဘဲ လက်ဝါးနှစ်ဖက်ကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

စွန်မေ့ကျိက ပြင်းထန်စွာတိုက်ခိုက်နေသည်။

သူသည် ကျောင်းအော့လျှံအား တိုက်ခိုက်သကဲ့သို့ အရှိန်ပြင်းစွာ တိုက်ခိုက်နေခြင်းဖြစ်သည်။

ချာယို့ဖုန်းသည် စွန်မေ့ကျိနှင့် ရန်ငြိုးမရှိသဖြင့် သူ့သေကိုယ်

www.burmeseclassic.com

www.burmeseclassic.com



သေတိုက်ခိုက်ရန် မရည်ရွယ်ချေ။

စွန်ပေ့ကျိအား အနည်းငယ်ဆုံးမပြီး မောင်းထုတ်လိုက်မည် ဟုသာ ကြံရွယ်ထား၏။

စွန်ပေ့ကျိ၏ဓားကွက်များကို ရှောင်တိမ်းရင်း ဟာကွက်ကို လှေလာမိလျှင် လက်ဝါးတစ်ဖက်ရှေ့တွန်းထုတ်ကာ ရိုက်ချလိုက်လေသည်။

"အွန့်... "

မသဲမကွဲတစ်ချက်ညည်းညူကာ နောက်သို့လွင့်စဥ်သွားလေသည်။

သူ၏ဓားမှာလည်း လက်မှလွတ်ကျသွားခဲ့၏။

"ကျုပ် ညှာလိုက်တယ်ဆိုတာ မင်း သဘောပေါက်မှာပေါ့... ကဲ... မင်း ထွက်သွားဖို့ အချိန်ရှိပါသေးတယ်... "

စွန်ပေ့ကျိမှာ ချာယို့ဖုန်း၏သည်းခံနိုင်သော စိတ်ထားကို ချီးကျူးမိ၏။

သူ့အား အနိုင်ရသော်လည်း ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ထွက်ခွာသွားခွင့်ပြုနေသည်မဟုတ်ပါလား။

ထိုစဥ်...

ကျင်းအော့လျှံက ခုန်ပေါက်ကာ စွန်ပေ့ကျိအနီးသို့ ရောက်သွားပြီး...

"ကျွန်မတို့ကို စော်ကားတဲ့အတွက် အပြစ်ပေးရမယ်... "

ပြောရင်း လက်ရှေ့ယမ်းလိုက်ရာ...



"ဖြန်း... ဖြန်း... "

စွန်ပေ့ကျိကို ပါးရိုက်လိုက်သည်။

စွန်ပေ့ကျိက လက်ဆန့်တန်း၍ ဖမ်းချုပ်ရန်ဟန်ပြင်လိုက်စဥ် ကျင်းအော့လျှံမှာ ရုတ်ခြည်းနောက်သို့ခုန်ဆုတ်ကာ ချာယို့ဖုန်းအနီးသို့ ပြန်လည်ရောက်ရှိသွားပြီ ဖြစ်လေသည်။

ချာယို့ဖုန်းက ကျင်းအော့လျှံကိုကြည့်ကာ...

"သူက အရှုံးပေးနေပြီပဲ... ဘာကြောင့် အနိုင်ကျင့်ရတာလဲ... ဘအ ဒါမျိုးကိုမကြိုက်ဘူးဆိုတာ သမီး မသိဘူးလား... "

ကျင်းအော့လျှံက စကားမပြောဘဲ ခေါင်းငုံ့ထားလိုက်ရလေတော့၏။

ချာယို့ဖုန်းသည် အထုပ်အပိုးများကိုကောက်ယူလိုက်ပြီး...

"ကဲ... လာ... တို့သွားကြမယ်... "

သူသည် စကားဆုံးသည်နှင့် ကျင်းအော့လျှံ၏လက်ကိုဆွဲကာ အခန်းတွင်းမှ ထွက်သွားတော့သည်။

ယခုတစ်ကြိမ် စွန်ပေ့ကျိက ဟန့်တားခြင်းမပြုတော့ပေ။

နီရဲနေသော ပါးပြင်နှစ်ဖက်ကို လက်ဝါးဖြင့်ပွတ်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)
## မြေးမြေးမက်လာပြီသို့

နေဝန်းနီသည် အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်သည်။

ကောင်းကင်တွင် ရဲရဲနီနေပြီး တဖြည်းဖြည်းလင်းလင်းချင်းချင်း ဖြစ်လာ၏။

မိုးလင်းလာသည်နှင့် တစ်ညတာ အိပ်စက်အနားယူခဲ့ကြသော ကျေးငှက်ကလေးများ နံနက်ခင်းလေးကို သီကြွေးကာ အစာရှာရန် ဟိုမှသည်လူး လာတဲ့ပြန်ပျံသန်းနေကြလေပြီ။

အေးမြလင်ဆတ်သောလေပြည်တွင် တောပန်းရနံ့များလည်း ပါဝင်လာလေသည်။

ညီညာဖြောင့်တန်းသော လမ်းစလေးအတိုင်း ခရီးနှင်လာကြသော ချာယို့ဖုံးနှင့် ကျင်းအော့လျှံတို့မှာ နေထွက်လာပြီး မကြာမီ တောအုပ်ကလေးတစ်ခုသို့ ရောက်လာကြသည်။

ထိုအခါ ချာယို့ဖုန်းက…



“ကျင်းအော့လျှံ… တို့ ခဏနားကြမယ်… ”

သူသည်ပြောပြီး အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်တွင် မြင်းကိုချည်နှောင်ကာ အေးအေးဆေးဆေး အနားယူလိုက်သည်။

ကျင်းအော့လျှံလည်း အနားယူလိုက်ရ၏။

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့သည် သစ်ပင်ရိပ်အောက်တွင် အနားယူရင်း ရေနှင့်မုန့်များ စားသောက်လိုက်ကြ၏။

အတန်ကြာ အနားယူပြီးမှ ခရီးဆက်ရန် ဟန်ပြင်သည်။

ထိုစဉ် ကျင်းအော့လျှံက…

“ဆရာ… ”

ချာယို့ဖုန်းက လှည့်ကြည့်လိုက်ပြီး…

“မင်း ဘာမေးမလို့လဲ… ”

“စွန်ပေ့ကျိုက ရှန်ချူးမြို့မှာ သောင်းကျန်းနေတဲ့ဓားပြမဟုတ်လား… ”

ချာယို့ဖုန်းက ခေါင်းညိတ်ပြလိုက်ပြီး…

“ဟုတ်တယ်လေ… ”

ကျင်းအော့လျှံက ဆက်ပြောလိုက်သည်။

“သူ့ကို ဒီအတိုင်းလွှတ်ထားလို့ဖြစ်မလား… သူကဆက်ပြီး သောင်းကျန်းနေဦးမှာပေါ့… ”

ချာယို့ဖုန်းက သက်ပြင်းချကာ…

“ဒါတော့ ဘာလည်း မတတ်နိုင်ဘူး… မန်ချူးတွေ ကျူး

www.burmeseclassic.com



ကျော်ဝင်နေတဲ့အချိန်ဖြစ်လို့ ဘုရင်မင်းမြတ်ရဲ့အုပ်ချုပ်မှုဟာ လျော့လျည်းလျည်းဖြစ်နေတယ်… ”

ကျင်းအော့လျှံ၏ ရင်ထဲ၌ လေးလံသွားသည်။

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

“တို့တွေ စွန်မေ့ကျိုကို ဆုံးမခဲ့ပြီပဲ… သူဆက်ပြီး သောင်းကျန်းမယ်လို့ မထင်ဘူး… ”

ကျင်းအော့လျှံက သက်ပြင်းတစ်ချက်ချလိုက်ပြီး…

“ပြောလို့ရမလား ဆရာ… သူဟာ ဓားပြတစ်ယောက်မဟုတ်လား… ကိုယ်မနိုင်တဲ့လူတွေ့ရင် ပြေးမယ်… နိုင်တဲ့လူကိုနှိပ်စက်ဓားပြတိုက်မယ်ဆိုတဲ့ လူစားမျိုးဖြစ်မှာပေါ့… ”

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

“ဒါကတော့ သူ့ကိုကံတရားက စီစဉ်ပေးပါလိမ့်မယ်… သူကံကောင်းနေသေးရင် ဆက်ပြီးဆိုးမိုက်လို့ရမှာပေါ့… အေး… သူကံဆိုးပြီဆိုရင် ဒီတစ်ခါသေဖို့ပဲ ရှိတော့တယ်… ”

မှန်ပါ၏။

သူတို့က စွန်မေ့ကျိုကို အသက်ချမ်းသာပေးခဲ့သော်လည်း အခြားထိပ်သီးသိုင်းသမားတစ်ယောက်ယောက်ဆိုလျှင် အသက်ချမ်းသာပေးချင်မှ ပေးပေလိမ့်မည်။

ထိုအခါ…

စွန်မေ့ကျိုမှာ မကောင်းမှုပြုလုပ်သည့်အတွက် ကျိန်းသေဒဏ်



ခတ်ခံရတော့မည် မဟုတ်ပါလား။

ကျင်းအော့လျှံက ချာယို့ဖုန်းကို အကဲခတ်ကြည့်ရင်း…

“ဆရာ့ကို မေးစရာတစ်ခုရှိသေးတယ်… ”

ချာယို့ဖုန်းက မျက်မှောင်တစ်ချက်ကုတ်လိုက်ပြီး…

“ဘာများလဲကွဲ့… ”

“ဆရာ… စွန်မေ့ကျိုကို အနိုင်ယူလိုက်တဲ့သိုင်းကွက်ကို သမီးလည်း သင်ခဲ့ရတာယ်မဟုတ်လား… ”

ချာယို့ဖုန်းက ခေါင်းညိတ်လိုက်လေသည်။

“ဟုတ်တယ်ကလေ… အဲဒီသိုင်းကွက် သမီးကို ဘဘ သင်ပေးခဲ့သားပဲ… ”

ကျင်းအော့လျှံက မျက်မှောင်ကြုတ်သွားကာ…

“အဲဒီသိုင်းကွက်ကို သမီးအသုံးပြုပြီး တိုက်ခိုက်ခဲ့ပေမယ့်… သူ့ကို မနိုင်ဘူး… ဆရာကျမှ သူ့ကိုနိုင်တာ ဘယ်လိုကွာခြားချက်ရှိနေလို့လဲဟင်… ”

ချာယို့ဖုန်းက ပြုံးလိုက်သည်။

“အဲဒါ အရေးကြီးတဲ့အချက်ပဲ… သမီးကိုယ်တိုင် စွန်မေ့ကျိုကို တိုက်ခိုက်တာနဲ့ ဘဘတိုက်ခိုက်တာ ဘာများကွာခြားနေသလဲ… သိုင်းကွက်အတူတူပဲ မဟုတ်လား… ”

ကျင်းအော့လျှံက ချက်ချင်းအဖြေမပေးချေ။

အတန်ကြာစဉ်းစားပြီးမှ သက်ပြင်းချကာ…

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆရာ... သမီး အသုံးပြုတဲ့သိုင်းကွက်နဲ့ ဆရာ အသုံးပြုတဲ့သိုင်းကွက် မကွာဘူးဆရာ... ဆရာ သူ့ကိုနိုင်ပေမယ့် သမီးက သူ့ကိုရှုံးခဲ့တာ အံ့ဩစရာပဲ... "

ချာယို့ဖုန်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ...

"အေး... သမီးကို အတွင်းအားလေ့ကျင့်ပါလို့ပြောတော့ သမီးက ပျင်းနေတယ်မဟုတ်လား... အချိန်ရတိုင်း အတွင်းအားလေ့ကျင့်ရင် နောက်ဆယ်နှစ်ကြာတဲ့အခါ မင်းဟာ ပြိုင်ဘက်ကင်းတဲ့ ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်လာမှာပဲ... အခုတော့ မင်းရဲ့တိုက်ခိုက်မှုမှာ အတွင်းအားအပြည့်အဝမပါဘူး... တချို့နေရာ နေးကွေးပြီး တချို့နေရာ နည်းနည်းမြန်နေတယ်... အံဝင်ခွင်ကျ မရှိဘူး... "

ကျင်းအော့လျှံသည် ချာယို့ဖုန်း၏စကားကို သေသေချာချာ မှတ်သားထားလိုက်သည်။

သိုင်းကွက်တစ်ခုတည်းကို ချာယို့ဖုန်းနှင့် သူမတို့နှစ်ယောက် အသုံးပြုခဲ့သော်လည်း အကျိုးသက်ရောက်ပုံမှာ တစ်ယောက်နှင့်တစ်ယောက် မတူဘဲ ကွဲပြားနေသည်။

ကျင်းအော့လျှံက ချာယို့ဖုန်းရှေ့တွင် ဒူးထောက်ကာ...

"သမီးကို ခွင့်လွှတ်ပါဆရာ... သမီး မပျင်းတော့ပါဘူး... ဒီနေ့ကစပြီး အချိန်ရတိုင်း အတွင်းအား လေ့ကျင့်ပါတော့မယ်... "

ချာယို့ဖုန်းက ဝမ်းသာသွား၏။

"အေး... ဒီလိုမှပေါ့... အမှန်တကယ်ဆိုရင် စွန်ပေ့ကျိုကို သမီး



အနိုင်ရသင့်တယ်... ဒါပေမယ့် အမြတ်တော့ရပါတယ်လေ... "

ကျင်းအော့လျှံသည် တအံ့တဩဖြစ်သွားကာ...

"ရှင်... "

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

"စွန်ပေ့ကျိုဟာ ဒုတိယတန်းအဆင့်လောက်ပဲရှိတဲ့ သိုင်းသမားတစ်ယောက်ကွဲ... ဒါပေမယ့် ပွဲဦးထွက်မှာ သူ့ကိုသိုင်းကွက်တစ်ရာကျော်ယှဉ်ပြိုင်နိုင်ခဲ့တာ ကျေနပ်စရာကောင်းနေပါပြီ... "

ကျင်းအော့လျှံသည် အံ့ဩသွားလေတော့သည်။

သူမ စွန်ပေ့ကျိုအား သိုင်းကွက်တစ်ရာကျော်ယှဉ်ပြိုင်ခဲ့သည်ကို ချာယို့ဖုန်းက အဘယ်ကြောင့်သိနေရပါသနည်း။

ချာယို့ဖုန်းက ပြုံးကာ...

"ဒီမှာ ကျင်းအော့လျှံ... သမီး ဘာလုပ်တယ်... ဘယ်သွားတယ်ကအစ ဘာဘာ အကုန်လုံးသိတယ်... သမီးနောက်မှာ အရိပ်လိုရှိနေတယ်ဆိုတာ မှတ်ထားစမ်းပါ သမီး... "

ကျင်းအော့လျှံက ခေါင်းငုံ့ထားလိုက်ရတော့သည်။

သူမသည် ချာယို့ဖုန်းကို အသိမပေးဘဲ စွန်ပေ့ကျိုအား ရင်ဆိုင်ရန် ထွက်ခဲ့သော်လည်း ချာယို့ဖုန်းက ကြိုတင်သိထားပြီး သူမနောက်သို့ တိတ်တဆိတ် လိုက်ကြည့်နေကြောင်းသိရပြီ မဟုတ်ပါလား။

ချာယို့ဖုန်းက ဆက်ပြောလိုက်၏။

"ရန်သူကို ပေါ့ပေါ့တန်တန်သဘောထားလို့ မဖြစ်ဘူး... ရန်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အထင်သေးရင် တစ်နေ့ ဒုက္ခရောက်လိမ့်မယ်... အဲဒါကို သိမ်းသတိထားရမယ်... ဒီရန်သူကို ငါနိုင်နိုင်သားပဲဆိုပြီး အထင်မသေးရဘူး"

ကျောင်းအော့လျှံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ဆရာ... "

သူတို့နှစ်ယောက် အတန်ကြာအနားယူပြီးနောက် ချာယို့ဖုန်းက...

"ကဲ... ဘာဘတို့နှစ်ယောက် အနားယူတာ တော်လောက်ပြီ... ရှေ့ကို ခရီးဆက်ကြဦးစို့... "

သူသည်ပြောပြီး ထိုင်ရာမှ ထကာ ပစ္စည်းများ သိမ်းဆည်းလိုက်၏။

ထို့နောက်...

မြင်းပေါ်တက်ကာ ထွက်ခွာသွားလေသည်။

ကျောင်းအော့လျှံလည်း မြင်းပေါ်ခုန်တက်လိုက်ပြီးလျှင် ချာယို့ဖုန်းနောက်မှ ထက်ကြပ်မကွာလိုက်ပါသွားလေတော့သည်။

ချာယို့ဖုန်းနှင့် ကျောင်းအော့လျှံတို့ ခရီးဆက်လာခဲ့ကြသည်။

လမ်းတစ်လျှောက်လုံး ကျောင်းအော့လျှံသည် စပ်စုမေးမြန်းခြင်း မပြုဘဲ တိတ်တဆိတ်လိုက်ပါလာခဲ့လေသည်။ ဤသည်မှာလည်း ချာယို့ဖုန်းတို့ စိတ်ကြိုက်ပင် ဖြစ်သည်။ သူတို့သည် အဓိပ္ပာယ်မဲ့စကားပြောသည်ကို မကြိုက်နှစ်သက်ကြပေ။

သို့သော်...



သူမ၏ရင်တွင်း၌ မေးခွန်းတစ်ခုက ရှိနေသည်။

ထိုမေးခွန်းမှာ ချာယို့ဖုန်းသည် မည်သည့်နေရာကို ဦးတည်နေပါသနည်းဟူ၍ပင် ဖြစ်၏။

ချာယို့ဖုန်းမှာ ကိစ္စတစ်ခုဖြင့် ခရီးထွက်ခွာသောကြောင့် တစ်နေရာသို့ ဦးတည်သွားနေသည်မှာ သေချာသည်။

သူတွင် မည်သည့်ကိစ္စရှိပါသနည်း။

ကျောင်းအော့လျှံ သိလိုသော်လည်း ချာယို့ဖုန်းက လျှို့ဝှက်ထားသဖြင့် မမေးဝံ့ချေ။

ဤသို့ဖြင့် သူတို့နှစ်ယောက်ခရီးဆက်လာခဲ့ကြရာ စန့်ရှားနယ်သို့ပင် ရောက်ရှိလာခဲ့ကြလေတော့သည်။

❁ ❁ ❁

ချာယို့ဖုန်း ခရီးထွက်လာရသည်မှာ အကြောင်းရှိပါ၏။

လွန်ခဲ့သော ငါးနှစ်ခန့်က လူတစ်ယောက်အား ထိုက်စန်းတောင်တွင် တွေ့ဆုံရန် ချိန်းဆိုထားခဲ့သည်။

ထို့ကြောင့်...

ချိန်းသည့်အချိန်ဆိုက်ရောက်တော့မည်ဖြစ်၍ ထိုက်စန်းတောင်သို့ ခရီးထွက်လာခဲ့ခြင်းပင် ဖြစ်ပါသည်။

သူ ခရီးထွက်လာခဲ့ရာ အချိန်စောနေသေး၍ ကျောင်းအော့လျှံ ဗဟုသုတရစေရန် သိုင်းလောကသို့လှည့်ပတ်ခေါ်ဆောင်သွားနေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာဝင် တစ်ရွာထွက် ခရီးသွားခြင်းသည် အခက်အခဲဒုက္ခများ၊ မိတ်ဆွေများ၊ ရန်သူများ ဆုံတွေ့နိုင်ပြီး လူတစ်ယောက်ဘဝကို ဗိုလ်ရှင့်ကျက်လာစေသည် မဟုတ်ပါလား။

ချာယို့ဖုန်းမှာ စန်ရှားနယ်သို့ရောက်လျှင် တာလုကျေးရွာသို့ ဦးတည်လာခဲ့လေတော့သည်။

တာလုကျေးရွာ...

တာလုကျေးရွာအနီးတွင် သူတော်တောင်ကုန်းဟူသော တောင်ကုန်းတစ်ခုရှိ၏။

ယင်းသူတော်တောင်ကုန်းပေါ်တွင် တာလုကျေးရွာတည်ရှိသည်။

တာလုကျေးရွာသို့ရောက်လျှင် သူတော်တောင်ကုန်း၌ မိတ်ဆွေတစ်ယောက်ရှိသည်ကို ချာယို့ဖုန်း သတိရလာ၏။

ထို့ကြောင့်...

သူတော်တောင်ကုန်းမှ မိတ်ဆွေထံဝင်၍ လည်ပတ်ရန် ဆုံးဖြတ်လိုက်သည်။

သို့သော်...

ထိုမိတ်ဆွေနှင့် သူမ တွေ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာညောင်းခဲ့လေပြီ။

ထိုလူမှာ သူတော်တောင်ကုန်းတွင် ရှိမရှိပါဦးမည်လား။ ရှိမည်မရှိမည်ကို သူမမသိသော်လည်း ဝင်ရောက်လည်ပတ်မည်ဟု ဆုံးဖြတ်လိုက်သည်။



နေမွန်းမတည့်မီ ချာယို့ဖုန်းနှင့် ကျင်းအောလျှံတို့ တာလုကျေးရွာသို့ ရောက်လာကြသည်။

ရွာဝင်မင်းလမ်းမအတိုင်း ဝင်လာကြပြီး ရွာအလယ်ရောက်လျှင် စားသောက်ဆိုင်တစ်ခုရှိနေသည်ကို တွေ့ရလေ၏။

ထိုစားသောက်ဆိုင်မှာ တာလုကျေးရွာမှတစ်ခုတည်းသော စားသောက်ဆိုင်ဖြစ်ပေသည်။

စန်ရှားနယ် တာလုကျေးရွာသို့ရောက်ရှိလာသော ကုန်သည်ပွဲစားနှင့် ခရီးသည်များ ထိုစားသောက်ဆိုင်တွင် ရပ်နားကြ၍ တည်းခိုကြရသည်။

ထို့ကြောင့်...

စားသောက်ဆိုင်ကလေးမှာ အမြဲတစေ လူစည်ကားနေတတ်သည်။

ချာယို့ဖုန်းနှင့် ကျင်းအောလျှံတို့မှာ လူအလာကျဲသည့်နေ့လယ်အချိန်ရောက်လာသောကြောင့် ကံကောင်းသည်ဟု ဆိုရပေမည်။ ဆိုင်ထဲ၌ လူသူကင်းရှင်းနေသည်။ အေးအေးဆေးဆေး စားသောက်ခွင့်ရခြင်းပင်။

တစ်ညတာတည်းခိုဖို့ သူတို့အတွက် အခန်းနှစ်ခန်းရပြီး ဆိုင်လုလင်များ အားလပ်နေသဖြင့် သူတို့အား အရေးတယူပြုစုပေးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့မှာ ပစ္စည်းများ နေရာချထားပြီးလျှင် စားသောက်ဆိုင်အောက်ထပ်သို့ ထွက်လာခဲ့ကြသည်။

စားပွဲထိုးလုလင်ကလေးအား...

"ခေါက်ဆွဲ၊ ဝက်သားပေါင်းနဲ့ ထမင်းပေးကွာ"

ချာယို့ဖုန်းက မှာကြားလိုက်၏။

အစားအသောက်များ ရောက်ရှိလာသောအခါ ဗိုက်ဆာနေပြီဖြစ်၍ ဆာဆာလောင်လောင်နှင့် စားသောက်နေကြတော့သည်။

သူတို့နှစ်ယောက်သည် ကုန်သည်ပွဲစားများမဟုတ်ဘဲ သိုင်းသမားများဖြစ်နေသည်ကို ဆိုင်ရှင် ရိပ်မိထား၏။ အဘယ်ကြောင့်ဆိုသော် သူတို့နောက်ကျော၌ ဓားများချိတ်ဆွဲထားကြသည် မဟုတ်ပါလော။

ထို့ကြောင့်...

အတတ်နိုင်ဆုံး လိုက်လိုက်လျောလျောဆက်ဆံကြရန် ဆိုင်လုလင်များကို အမိန့်ပေးထားသည်။

ဆိုင်ရှင်မှာ သိုင်းလောကသားတို့၏ အပြုအမူနှင့် စိတ်ဓာတ်ကို နားလည်သူဖြစ်သည်။

ချာယို့ဖုန်းက စားသောက်ပြီးစီးသွားလျှင် ဆိုင်ရှင်ကိုခေါ်ယူလိုက်၏။

ဆိုင်ရှင်က ချက်ချင်းပျာပျာသလဲရောက်ရှိလာလေသည်။

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ကို ပြုံးပြကာ...



"ဘာကိစ္စများရှိပါသလဲဗျာ... ကျုပ်ဆိုင်မှာ ချွတ်ယွင်းချက်ရှိနေတယ်ဆိုရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်... လူကြီးမင်းတို့ စိတ်ကြိုက်ချက်ချင်းလုပ်ပေးပါ့မယ်..."

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်ပြီး...

"ခင်ဗျားဆိုင်မှာ ဘာချွတ်ယွင်းချက်မှ မရှိပါဘူး..."

ဆိုင်ရှင်က တအံ့တသြဖြင့်...

"ဒါဖြင့်..."

"ကျုပ် မေးစရာတစ်ခုရှိလို့ပါ..."

ဆိုင်ရှင်က တအံ့တသြအမူအရာဖြင့်ကြည့်ကာ...

"မေး... မေးပါဗျာ..."

"သူတော်တောင်ကုန်းမှာ တာလုကျေးရွာက ကျွန်းဟိုဟောက်ဆိုတဲ့ လူတစ်ယောက်ရှိသေးလားဗျ..."

ဆိုင်ရှင်က မျက်လုံးပြူးကျယ်သွားပြီး...

"ကျွန်းဟိုဟောက် ဟုတ်လား..."

ချာယို့ဖုန်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဟုတ်တယ်..."

"ရှိတာပေါ့... ကျွန်းဟိုဟောက်ဟာ တာလုကျေးရွာပိုင်ရှင်တောင်ဖြစ်နေပြီ..."

ထိုစကားကြားရလျှင် ချာယို့ဖုန်းသည် စိတ်ဝင်စားသွားသည်။

တစ်ချိန်က သူ၏မိတ်ဆွေ ကျွန်းဟိုဟောက်မှာ သာမန်သိုင်း

www.burmeseclassic.com

www.burmeseclassic.com



သမားတစ်ယောက်မဟုတ်ပါလား။

ကျန်းဟိုဟောက်နှင့် မတွေ့ရသောဆယ်နှစ်ကာလအတွင်းတွင် ကျန်းဟိုဟောက်သည် ချမ်းသာကြွယ်ဝကာ ရွာပိုင်ရှင်ဝင်ဖြစ်နေချေပြီ။

ဆိုင်ရှင်က ပြုံးလိုက်ပြီး...

"ဧကန္တ... ခင်ဗျားတို့နှစ်ယောက်ဟာ ရွာပိုင်ရှင်ကျန်းဟိုဟောက်ရဲ့ မွေးနေ့ပွဲတက်ဖို့ လာခဲ့ကြတာပဲဖြစ်ရမယ်... ဘာဖြစ်လို့များ နောက်ကျနေရတာလဲဗျ..."

ကျင်းအော့လျှံမှာ ချာယို့ဖုန်းကို လှမ်းကြည့်မိသည်။

ချာယို့ဖုန်းသည် တွေဝေသွား၏။

သူတို့နှစ်ယောက်သတိရသဖြင့် ဝင်လာခြင်းဖြစ်သော်လည်း မာလုကျေးရွာပိုင်ရှင်၏မွေးနေ့နှင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံနေသည် မဟုတ်ပါလား။

ဆိုင်ရှင်က ဆက်ပြောလိုက်သည်။

"မနက်ဖြန် သူ့မွေးနေ့စတော့မှာဗျ..."

ချာယို့ဖုန်းက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်ပါတယ်ဗျာ... ကျုပ်တို့က ကျန်းဟိုဟောက်ရဲ့ မွေးနေ့ကို လာကြတာပါ... ဒါပေမယ့် သူ့ရဲ့ မွေးနေ့ညစ်ခံပွဲ ဘယ်အချိန်လောက်စမယ်ထင်သလဲဗျ..."

ဆိုင်ရှင်က စဉ်းစားတန်ပြကာ...



"ညနေပိုင်းဖြစ်လိမ့်မယ် ထင်တယ်..."

"ကောင်းပြီလေ... ကျုပ်တို့ ဒီမှာတစ်ညတည်းပြီး မနက်ဖြန်သွားမယ်... ဟိုမှာ ဧည့်သည်တွေ အများကြီးရောက်နေမှာမို့ လူရှုပ်ပါတယ်လေ..."

ဆိုင်ရှင်မှာ ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့က အေးအေးဆေးဆေးနေလို၍ သူ၏ဆိုင်တွင် တစ်ညတည်းသည်ဟု ထင်မှတ်သွားသည်။

"ရပါတယ်ဗျာ... မိတ်ဆွေတို့ စိတ်အေးလက်အေးတည်းကြပါ... မနက်မှ သွားရင်လည်း မီပါတယ်... ကဲ... လုပ်စရာလေးတွေ ရှိသေးလို့ ကျုပ်ကိုခွင့်ပြုပါဦး..."

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ ခေါင်းညိတ်ပြလိုက်သည်နှင့် ဆိုင်ရှင်သည် ထွက်ခွာသွားလေတော့သည်။

ကျင်းအော့လျှံက ချာယို့ဖုန်းကိုကြည့်လိုက်သည်။

ချာယို့ဖုန်းက ပြုံးရင်း...

"ဘာလဲ... သမီး နားမလည်ဘူးလို့ပြောမလို့မဟုတ်လား..."

ကျင်းအော့လျှံက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်ကဲ့ ဆရာ..."

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

"အေး... သူတော်တောင်ကုန်းပေါ်မှာ တာလုကျေးရွာရှိတယ်... အဲဒီမှာ ဘဘရဲ့ မိတ်ဆွေ ကျန်းဟိုဟောက်ဆိုတာ ရှိတယ်... သူဟာ တစ်ချိန်က သာမန်သိုင်းသမားတစ်ယောက်ဖြစ်ခဲ့ပေမယ့် အခု

www.burmeseclassic.com



တော့ တာလုကျေးရွာပိုင်ရှင်ဖြစ်နေပြီ... အဲဒါ ထူးဆန်းတယ်... အဲဒါကို ဘာဘာ စဉ်းစားနေတာ..."

ကျင်းအောင့်လျှံက ခေါင်းညိတ်လိုက်ပြီး...

"ဒါတွေ သမီး သိရပါပြီ... ဒါနဲ့ဆရာ... ကျွန်းဟိုဟောက်ရဲ့ မွေးနေ့ကိုသွားမယ်ဟုတ်လား..."

ချာယို့ဖုန်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"အေး... သွားရမှာပေါ့... ကိုယ့်မိတ်ဆွေတစ်ယောက်ရဲ့ မွေးနေ့ပွဲကို အမှတ်မထင်ကြုံရတာ ဝမ်းသာစရာပဲ..."

ကျင်းအောင့်လျှံက တစ်စုံတစ်ခုကို မေးသင့်မမေးသင့် စဉ်းစား ချင့်ချိန်နေ၏။

နောက်ဆုံး ချာယို့ဖုန်း သတိမေ့လျော့နေကြောင်း အကဲခတ်မိကာ ထုတ်မေးလိုက်လေသည်။

"မွေးနေ့ပွဲသွားတာတော့ ဟုတ်ပါပြီ ဆရာ... မွေးနေ့ရှင်အတွက် လက်ဆောင်ယူသွားမှကောင်းမယ် ထင်တယ်..."

"ဟာ... ဟုတ်သားပဲ..."

ကျင်းအောင့်လျှံပြောမှ ချာယို့ဖုန်း သတိရသွား၏။

လက်ဆောင်ပစ္စည်းပါမသွားလျှင် မျက်နှာပန်းလှမည်မဟုတ်သည်ကိုလည်း တွေးမိ၏။

အခြားအချိန်များဆိုလျှင် အရေးမကြီးသော်လည်း မွေးနေ့ညစ်ခံပွဲဖြစ်သောကြောင့် သူတို့ဂုဏ်သိက္ခာထိခိုက်ပေမည်။



ချာယို့ဖုန်းမှာ မည်သည့်လက်ဆောင်ပေးရမှန်း မသိသဖြင့် အကျပ်ရိုက်သွား၏။

ကျင်းအောင့်လျှံလည်း မကြံတတ်ပေ။

"ဆရာနဲ့သူ သိပ်ပြီးရင်းနှီးလား..."

ချာယို့ဖုန်းက ခေါင်းညိတ်ပြလိုက်ပြီး...

"အေး... ရင်းနှီးတာပေါ့..."

ကျင်းအောင့်လျှံက ဆက်ပြောလိုက်သည်။

"သူ့ရဲ့မွေးနေ့ညစ်ခံပွဲကို သိုင်းလောကသားတွေလည်း လာကြလိမ့်မယ်ထင်တယ်..."

ချာယို့ဖုန်းက ခေါင်းညိတ်လိုက်သည်။

"အေး... သူက မိတ်ဆွေပေါများတော့ ကျိန်းသေလာမှာပဲ"

ကျင်းအောင့်လျှံက သက်ပြင်းချလိုက်ပြီး...

"ဘာပဲဖြစ်ဖြစ်... သမီးတို့ ခရီးထွက်ရင်း လမ်းကြုံလို့ဝင်လာတာ... မွေးနေ့ညစ်ခံပွဲမှန်းမသိလို့ လက်ဆောင်မပါဘူးလို့ပြောရင်ကောရဘူးလားဟင်..."

ချာယို့ဖုန်းက စိတ်ပျက်သွားလေသည်။

"ဟိုအရင် ကျွန်းဟိုဟောက်ဆိုရင် အကြောင်းမဟုတ်ဘူး... အခု သူက ကျေးရွာပိုင်ရှင်ဖြစ်နေပြီမဟုတ်လား... ဒီအချိန်မှာ လက်ချည်းသက်သက်တော့ သွားလို့မကောင်းဘူးထင်တယ်..."

ချာယို့ဖုန်း၏မိတ်ဆွေအပေါ်ထားရှိသော စိတ်ထားကို ကျင်း

www.burmeseclassic.com

www.burmeseclassic.com



အေဒွလျှံ လေးစားမိသည်။

သူအား အရေးလုပ်သည်ဖြစ်စေ၊ အရေးမလုပ်သည်ဖြစ်စေ သူကမူ မိတ်ဆွေအတွက် အမြဲတမ်းကူညီလိုစိတ်ရှိသူသာဖြစ်သည်။

သူတို့နှစ်ယောက်အကြိုအိုက်နေကြသည့် ရုတ်တရက် လမ်း... ပေါ်မှ မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြား... လိုက်၏။

ချာယို့ဖုန်းက မျက်မှောင်ကြုတ်သွား၏။

ကျင်းအေဒွလျှံကိုကြည့်ကာ...

"ဒီဆိုင်ထဲမှာ ဘယ်လိုကိစ္စဖြစ်ဖြစ် ဘာဘာ မရှုပ်ရှားဘဲ သ... ဘာမှဝင်မစွက်ရဘူး... ကြားလား..."

ကျင်းအေဒွလျှံက အံ့သြသွားကာ...

"ဆရာ ဘာဖြစ်လို့ ကျွန်မကို တားနေတာ..."

သူမ၏စကားမဆုံးမီ ချာယို့ဖုန်းက ကြားဖြတ်လိုက်သည်။

"စကားမရှည်နဲ့... ဘာဘာစကားကိုနားထောင်..."

လေသံမာမာဖြင့် ချာယို့ဖုန်းက ပြောလိုက်သဖြင့် ကျင်းအေဒွ လျှံက ပါးစပ်ပိတ်ထားလိုက်ရလေတော့သည်။

ထိုစဉ်မှာပင်...

မြင်းခွာသံများ တစ်စထက်တစ်စ ကျယ်လောင်လာ၏။

ဆိုင်ရှေ့သို့ရောက်လာသည်နှင့် မြင်းများ ရပ်တန့်သွားကြ... တော့သည်။



မရှေးမနှောင်းမှာပင် ဆိုင်ထဲသို့ဝင်လာသောခြေသံများ ထွက် ပေါ်လာ၏။

ကျင်းအေဒွလျှံ လှမ်းကြည့်လိုက်သောအခါ လူသုံးယောက် ဆိုင်ထဲသို့ လှမ်းဝင်လာနေသည်ကို တွေ့မြင်လိုက်ရလေ၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

## အာဟာရအလှူခံသုံးစားပြုသူ

သန်မာထွားကျိုင်းသော လူနှစ်ယောက်သည် အသက်လေးဆယ်ခန့်ရှိသော လူတစ်ယောက်ကို ခြံရံလျက် ဆိုင်ထဲသို့ ဝင်လာသည်။

အသက်လေးဆယ်ခန့်ရှိသူမှာ အဖိုးတန်ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထားပြီး မောက်မာသောမျက်နှာထားရှိ၏။ မည်သူ့မျှ လူမထင်ဟူသော မျက်နှာထားမျိုး ရှိသည်။

ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူနှစ်ယောက်မှာမူ ဓားကိုယ်စီ လွယ်ထားကြပြီး ရက်စက်ကြမ်းကြုတ်သော မျက်လုံးများဖြင့် တစ်ဆိုင်လုံးဝေ့ကြည့်ကာ အကဲခတ်နေ၏။

ထိုလူနှစ်ယောက်မှာ အသက်လေးဆယ်ကျော်ခန့်ရှိသူ၏ သက်တော်စောင့်များဖြစ်ကြောင်း အမူအရာများအရ ပေါ်လွင်လှသည်။

သက်တော်စောင့်ဆိုခြင်းထက် လက်မရွံ့လူသတ်သမားများဟုဆိုက ပိုမှန်မည်ဟု ကျင်းအော့လျှံက တွေးနေမိသည်။



အသက်လေးဆယ်ကျော်ခန့်ရှိသူသည် ဆိုင်ထဲသို့ရောက်သည်နှင့် အက်ကွဲသောအသံဖြင့်...

"ဟေ့... ဆိုင်ရှင်ဘယ်သွားလဲ... ကျုပ်တို့ကို ဘာကြောင့်ထွက်မကြိုရတာလဲ... "

သူ၏အသံသည် ဟိန်း၍ထွက်လာသည်။

ကျင်းအော့လျှံက မသိမသာ နှာခေါင်းရှုံ့မိ၏။

ထိုလူသည် အဘယ်ကြောင့် ကြီးကျယ်လွန်းနေရပါသနည်း။

ချာယို့ဖုန်းက ကျင်းအော့လျှံ၏ခြေထောက်ကို ခြေဖျားဖြင့် အသာတို့ကာ အေးအေးဆေးဆေးနေရန် သတိပေးလိုက်ရ၏။

ထိုစဉ်...

ဆိုင်၏အနောက်ဘက်မှ ဆိုင်ရှင်သည် ပျာပျာသလဲ ပြေးထွက်လာသည်ကို တွေ့ရ၏။

အသက်လေးဆယ်ကျော်ခန့်ရှိ လူကိုတွေ့ရလျှင် သကာလူးထားသည့်မျက်နှာမျိုးဖြင့်...

"တာ... ကိုယ်ရံတော်မှူးကြီးရောက်လာတာကို... မသိလို့ထွက်မကြိုမိတာ ခွင့်လွှတ်ပါဗျာ... "

ပြောရင်း လက်နှစ်ဖက်ဆုပ်ကာ အကြိမ်ကြိမ်ဦးညွှတ်တောင်းပန်လိုက်လေသည်။

အသက်လေးဆယ်ခန့်ရှိ လူကဆိုင်ထဲသို့ ဝေ့ကြည့်လိုက်လျှင် စားသောက်နေသူများ အလိုလိုခေါင်းငုံ့သွား၏။

သူအား လူအများကြောက်ရွံ့ရှိသေသည်ကိုတွေ့ရသောအခါ

www.burmeseclassic.com

www.burmeseclassic.com



သဘောကျသွားပုံရပါသည်။

သို့သော်...

ဆိုင်ရှင်ကိုမူ မျက်နှာသာ မပေးချေ။

"ကျုပ်တို့ရောက်လာတာနဲ့ မင်း တခြားအလုပ်တွေထားပစ်ပြီး လာကြိုရမယ်... ကျုပ် ဒီတစ်ခါနောက်ဆုံးအကြိမ်အဖြစ် သည်းခံလိုက်မယ်... ကျုပ်ပြောတာ ကြားလား..."

ဆိုင်ရှင်က အထစ်ထစ်အငေါ့ငေါ့ဖြင့်...

"ဟုတ်... ဟုတ်ကဲ့... ကျုပ်ကို ခွင့်လွှတ်တာပဲ ကျေးဇူးတင်လှပါပြီဗျာ... နောင်ဆိုရင် အဆင်သင့်ကြိုပါ့မယ်..."

အသက်လေးဆယ်ခန့်ရှိသူက နှာခေါင်းရှုံ့ရင်း...

"ဟင်း... မင်းဆိုင်ကို ကျုပ်သဘောကျလို့လာတာယ်များ ထင်လား... တာဝန်ရှိလို့လာခဲ့တာကွ..."

ဆိုင်ရှင်က အထိတ်အလန့်ဖြစ်သွားလေသည်။

"ဗျာ... ကျွန်တော်တို့ဆိုင်ကဘာယ်လိုအပြစ်မှမလုပ်ရပါလား"

အသက်လေးဆယ်ခန့်ရှိသူက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"အေး... အပြစ်မလုပ်မိလို့ မင်း သက်သာနေတာပေါ့... ကဲ... မကြာခင် မြို့တော်ဝန် ဒီကိုရောက်လာလိမ့်မယ်... သူ ဒီမှာတစ်ညအနားယူဖို့ ဆုံးဖြတ်ထားတယ်... သူ့အတွက် အခန်းသုံးခန်း လိုချင်တယ်... အသင့်ပြင်ထားလိုက်စမ်း..."

ထိုစကားကြားရလျှင် ဆိုင်ရှင်မျက်လုံးပြူးသွားလေ၏။

အသက်လေးဆယ်ကျော်ခန့်ရှိသူကို ကြောက်ရွံ့စွာကြည့်ရင်း



"ခုကွပါပဲဗျာ... အခန်းလွတ်တစ်ခန်းပဲ ကျန်တော့တယ်..."

"ဘာ..."

ဆိုင်ရှင်က ထိတ်ထိတ်လန့်လန့်ဖြင့်...

"ဟို... ဟို... အခန်းလွတ်တစ်ခန်းပဲ ကျန်ပါတော့တယ်... တခြားဧည့်သည်တွေ..."

ဆိုင်ရှင်၏စကားမဆုံးမီ ထိုလူက ကျယ်လောင်စွာ အော်ငေါက်လိုက်လေသည်။

"မလိုချင်ဘူး... သန့်ရှင်းတဲ့အခန်းသုံးခန်းကို လိုချင်တယ်... ရေရှင် မင်းအပြစ်ပေးခံရမယ်..."

ပြောပြီး နံဘေးတွင်ရှိသော လူတစ်ယောက်ကို လက်ဇွေ့ယမ်းပြကာ...

"ဟော့... သူ့ကိုနမူနာပေးလိုက်စမ်း..."

ခန္ဓာကိုယ်သန်မာထွားကျိုင်းသူတစ်ယောက်က ရှေ့သို့လှမ်းထွက်လာ၏။

ဆိုင်ရှင်ကြောက်အားလန့်အား နောက်ဆုတ်သွားစဉ် ရုတ်တရက် ဖမ်းဆွဲကာ ပါးရိုက်ချလိုက်လေသည်။

"ဖြန်း..."

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာပြီး ဆိုင်ရှင်၏ခန္ဓာကိုယ် ချာရပ်လည်သွား၏။

ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူက လွှတ်ချလိုက်လျှင် ကြမ်းပြင်ပေါ်သို့ ပုံလျက်သား လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်လေးဆယ်ကျော်ခန့်ရှိသူက တဟားဟားရယ်မော ရင်း....

"ဒါ နမူနာပဲရှိသေးတယ်... တို့လိုချင်တဲ့ အခန်းသုံးခန်းမရရင် သေဖို့ပြင်ထား... "

ပြောပြီးလျှင် ခန္ဓာကိုယ်ချာခနဲလှည့်ကာ ဆိုင်အပြင်ဘက်သို့ လှမ်းထွက်သွား၏။

ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူနှစ်ယောက်လည်း နောက်မှ လိုက်သွားကြ၏။

မကြာပါချေ။

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားရလေ သည်။

အသက်လေးဆယ်ခန့်ရှိသူနှင့် သက်တော်စောင့်နှစ်ယောက် ထွက်သွားကြလေပြီ။

သို့သော်...

မကြာမီအချိန်အတွင်း သူတို့ပြန်လည်ရောက်ရှိလာကြဦးမည် မဟုတ်ပါလော။

ဆိုင်ရှင်သည် ငိုနေလေ၏။

သူ့အား ဆိုင်လုလင်သုံးလေးယောက်က ဝိုင်းဝန်းဖေးမနှစ် သိမ့်နေကြသည်။

စားသောက်နေကြသူ အချို့မှာ မြို့တော်ဝန်၏လူ ထွက်သွား သည်နှင့် သူတို့လည်း ပိုက်ဆံများ ရှင်းကာ ထွက်သွားကြလေပြီ။



ဆိုင်ထဲ၌ ချာယို့မှုန်းနှင့် ကျင်းအော့လျှံတို့သာ ကျန်ရစ်ခဲ့သည်။

ကျင်းအော့လျှံမှာ မနေနိုင်တော့ချေ။

ဆိုင်ရှင်ကိုသနားကရုဏာသက်မိသဖြင့် ဆိုင်ရှင်အနီးသို့ လျှောက်သွားကာ...

"ဦး... တော်တော်နာသွားသလား... "

ဆိုင်ရှင်က ခေါင်းခါယမ်းလိုက်ပြီး...

"ကျုပ် အရိုက်ခံရတာက အကြောင်းမဟုတ်ပါဘူးဗျာ... သူ့ဘို့ လိုချင်တဲ့ အခန်းသုံးခန်းမပေးနိုင်ရင် အသတ်ခံရမှာဗျ... "

ကျင်းအော့လျှံက တအံ့တသြဖြစ်သွားပြီး...

"ဒါကြောင့် ဦးက ငိုတာလား... "

"ဟုတ်တယ်... "

ကျင်းအော့လျှံက ပခုံးတစ်ချက်တွန့်လိုက်ပြီး...

"ဒါ ဘာခက်စရာရှိလဲ... သူတို့အတွက် စီစဉ်ပေးလိုက်ပေါ့... "

ဆိုင်ရှင်က သက်ပြင်းချလိုက်ပြီး...

"ခင်ဗျားပြောတော့ လွယ်တယ်... လုပ်ရတာခက်တယ်ဗျ... "

ကျင်းအော့လျှံက မျက်မှောင်ကုတ်လိုက်ပြီး...

"ဘာဖြစ်လို့လဲ... "

ဆိုင်ရှင်က ဆက်ပြောလိုက်သည်။

"ဒီဆိုင်မှာ အသန့်ရှင်းဆုံးအခန်းသုံးခန်းပဲရှိတယ်... အခု တ ခန်းပဲအားတော့တယ်ဗျ... "

ကျင်းအော့လျှံက ပြုံးလိုက်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ကျန်တဲ့နှစ်ခန်းက ငှားထားတယ်ဆိုပါတော့..."

ဆိုင်ရှင်က ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်..."

"အဲဒီအခန်းကလူတွေကို တခြားအခန်းပြောင်းပေးလို့မဖြစ်ဘူးလား..."

ဆိုင်ရှင်က စိတ်ပျက်စွာဖြင့်...

"ပြောင်းပေးလို့ရရင် သိပ်ကောင်းတာပေါ့ဗျာ..."

ကျင်းအောင်လျှံက တအံ့တသြဖြင့်...

"ဘာလဲ... အဲဒီအခန်းမှာနေတဲ့လူတွေက ပြောင်းမပေးဘူးပြောလို့လား..."

ဆိုင်ရှင်က ခေါင်းခါယမ်းလိုက်ပြီး...

"မဟုတ်ဘူးဗျ... အဲဒီအခန်းတွေဟာ ခင်ဗျားတို့နှစ်ယောက်ငှားထားတဲ့ အခန်းတွေပဲ..."

ထိုစကားကြားရလျှင် ကျင်းအောင်လျှံ ပါးစပ်ပေါင်းလောင်းဖြစ်သွားတော့သည်။

ချာယို့ဖုန်းက သက်ပြင်းချကာ အေးဆေးစွာ ပြောလေ၏။

"ကျုပ်တို့ငှားထားတဲ့အခန်းတွေအတွက်ဆိုရင်... ခင်ဗျား စိတ်မပူနဲ့... ကျုပ်တို့ကို နောက်ထပ်အခန်းတစ်ခုစီစဉ်ပေးပါ... ကျုပ်တို့ ဖယ်ပေးပါ့မယ်ဗျာ..."

ဆိုင်ရှင်၏မျက်လုံးများ ဝင်းလက်သွားသည်။

ချာယို့ဖုန်းကို မယုံကြည်နိုင်စွာကြည့်ရင်း...



"ခင်... ခင်ဗျား တကယ်ပြောတာနော်..."

"တကယ်ပါဗျာ... ကျုပ်တို့ရှေ့မှာ ခင်ဗျား ဒုက္ခရောက်နေတာကို မကြည့်ရက်ပါဘူး..."

အမှန်ဆိုလျှင် ကျင်းအောင်လျှံနှင့် ချာယို့ဖုန်းတို့လည်း သိုင်းသမားများဖြစ်သောကြောင့် လွယ်လွယ်ကူကူတောင်းပန်ရမည်မဟုတ်ဟု သူထင်နေမိ၏။

ထို့အပြင်...

သူ၏အသက်အန္တရာယ်ဒုက္ခပေးမည်ကိုပင် စိုးရိမ်ထိတ်လန့်ခဲ့သည်။

ယခုမူ ချာယို့ဖုန်းက လျော့လျော့ရှုရှုသဘောတူလိုက်သဖြင့် ဝမ်းသာသွားလေ၏။ သူသည် အကြိမ်ကြိမ်ဦးညွှတ်ဂါရဝပြုသည်။

"ကျေးဇူးတင်လိုက်တာဗျာ... ခင်ဗျားတို့ကို အနောက်ဘက်မှာ အခန်းစီစဉ်ပေးပါ့မယ်..."

ကျင်းအောင်လျှံက မကျေမနပ်ဖြစ်သွားသည်။

"ဆရာ... သူတို့ကို ဘာဖြစ်လို့ အလျှော့ပေးရမှာလဲ... ဖယ်မပေးဘဲနေတာ မကောင်းဘူးလား..."

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"မြို့တော်ဝန်လာမယ်ဆိုတော့... ဘာဘဲဖြစ်ဖြစ် ဖယ်ပေးတာကောင်းပါတယ်ကွယ်... အုပ်ချုပ်ရေးဆိုင်ရာလူတွေနဲ့ ပြဿနာမဖြစ်တာ အကောင်းဆုံးဆိုတာ သမီး အသက်ကြီးလာတာနဲ့အမျှ သဘောပေါက်လာလိမ့်မယ်..."

www.burmeseclassic.com

www.burmeseclassic.com



ကျင်းအောလျှံက မကျေမနပ်ဖြင့် ထပ်မံပြောရန် ဟန်ပြင်လိုက် သည်။

သို့သော်...

ချာယို့ဖုန်းက လက်ကာပြလိုက်ပြီး...

"ဘာဘတို့ အခန်းပြောင်းမယ်... "

ချာယို့ဖုန်း၏မျက်နှာတွင် ထူးခြားသောဟန်အမူအရာများ ရှိနေသည်ကို ကျင်းအောလျှံ အမှတ်မထင်တွေ့လိုက်ရသည်။

ထို့ကြောင့် ဆက်၍ အတိုက်အခံမပြောဘဲ သဘောတူလိုက်၏။

ဆိုင်ရှင်မှာလည်း ဝမ်းသာအားရဖြင့် အနောက်ဘက်အခန်းတစ်ခု ပြင်ဆင်ပေးသည်။

ကျင်းအောလျှံနှင့် ချာယို့ဖုန်းတို့အခန်းတွင်းသို့ရောက်လာသောအခါ ညစ်ပတ်ပေရေပြီး စုတ်ချာသော အခန်းတစ်ခုဖြစ်သည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ချာယို့ဖုန်းနှင့် ကျင်းအောလျှံတို့ အိပ်စက်ရန် ကွပ်ပျစ်နှစ်လုံး စီစဉ်ပေးထား၏။

အခန်းနံရံများ ညစ်ပတ်နေပြီး ဖုန်များကြမ်းပြင်ပေါ်တွင် ပေကျံနေသည်။

အိပ်ရာခင်းနှင့် စောင်များလည်း ခပ်နွမ်းနွမ်းဖြစ်နေသည်။

ကျင်းအောလျှံအခန်းကို လှည့်ပတ်ကြည့်ရင်း မနှစ်မြို့က်သောလေသံဖြင့်...



"ဟင်း... တော်တော်အသုံးမကျတဲ့ဆိုင်ရှင်... သူ့ကိုကူညီတဲ့လူတွေအတွက် ပစ်စလက်ခတ်လုပ်ထားတယ်... နည်းနည်းလောက်ဆုံးမပေးရဦးမယ်... "

ချာယို့ဖုန်းက ပြုံး၍သာနေ၏။

ကျင်းအောလျှံက တဖျစ်တောက်တောက်ပြောသည်မှာ မလွန်ဟုတွေးနေမိသည်။

ကျင်းအောလျှံက ချာယို့ဖုန်းကို မကျေမနပ်ကြည့်ကာ...

"ဆရာ... "

"ဘာလဲ... ဘာဘ အခန်းဖယ်ပေးလို့... မင်း မကျေနပ်ဘူးမဟုတ်လား... "

ကျင်းအောလျှံက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်တယ် ဆရာ... ဒီမြို့တော်ဝန်ဟာ မန်ချူးနောက်လိုက်တဲ့ ခွေးဖြစ်မှာပဲ... သူ့ကို ဘာကြောင့် ကျွန်မတို့အခန်းဖယ်ပေးရမှာလဲ"

ချာယို့ဖုန်းသည် သဘောကျစွာပြုံးလေသည်။

"ဘာဘမှာ အကြောင်းရှိလို့ပေါ့ကွယ်... "

ကျင်းအောလျှံက စိတ်ဝင်စားစွာဖြင့်...

"ဘယ်လိုအကြောင်းရှိတာလဲ... "

"တို့ မွေးနေ့လက်ဆောင်အတွက် စိတ်ပူနေရတုန်း... အသင့်လာပေးတဲ့ လူကို မောင်းထုတ်ရမှာလား... ဒါမှမဟုတ် သူ့အတွက် အခန်းဖယ်ပေးသင့်လား... သမီး စဉ်းစားလေ... "

www.burmeseclassic.com

www.burmeseclassic.com



ချာယို့ဖုန်း၏စကားကို ကျင်းအော့လျှံက နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

"ဆရာ... ဘာကိုဆိုလိုတာလဲ... ကျွန်မ နားမလည်ဘူး..."

"မန်ချူးမြို့တော်ဝန်က တို့အတွက် မွေးနေ့လက်ဆောင်လို့ အပ်နေတာကို ဖြည့်ဆည်းပေးမယ့်လူပဲ..."

ကျင်းအော့လျှံက စိတ်ဝင်စားစွာဖြင့်...

"သူက ဆရာ့ရဲ့မိတ်ဆွေလား..."

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်ပြီး...

"မဟုတ်ဘူး..."

"ဒါဖြင့်..."

ကျင်းအော့လျှံမှာ ဘာစ်စုံတစ်ခုကို တွေးမိသဖြင့် စကားတစ်ပိုင်းဇစ်စဖြင့် ရပ်တန့်သွားလေသည်။

ချာယို့ဖုန်းမှာ မျိုးချစ်စိတ်ဓာတ်ထက်သန်သူဖြစ်လေရာ မန်ချူးအဲလိုတော်ရိများနှင့် ဆက်ဆံပေါင်းသင်းလိမ့်မည် မဟုတ်ချေ။

အခွင့်သာလျှင် သာသလို မန်ချူးများကို ဒုက္ခပေးလိမ့်မည်။

ယခုလည်း မန်ချူးလက်ပါးစေ မြို့တော်ဝန်ထံမှ ပစ္စည်းများ ခိုးယူတာ သူ့မိတ်ဆွေအတွက် မွေးနေ့လက်ဆောင်ပေးရန် ကြံရွယ်ထားခြင်း ဖြစ်သည်။

ကျင်းအော့လျှံနှင့် ချာယို့ဖုန်းတို့သည် သဘောကျစွာ ရယ်မောလိုက်ကြလေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ နေမွန်းတည့်ချိန်



၌ အပူဒဏ်ကြောင့် လှုပ်ရှားသွားလာသူများ နည်းပါးသွားသည်။ ဖုန်သိပ်သောအခါ ပြန်လည်လှုပ်ရှားသွားလာကြပြန်သည်။ ဤသို့ဖြင့်...

နေဝင်ဆည်းဆာအချိန်သို့ပင် ရောက်ရှိလာပြန်လေ၏။

မကြာမီ မြင်းလှေးကောင်ဆွဲသော အမိုးတန်သည့် မြင်းလှည်းတစ်စီးသည် စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာသည်။

ထိုမြင်းလှည်းကို မြင်းသည်တော်နှစ်ဆယ်ခန့်က ဝန်းရံစောင့်ကြပ်လျက် လိုက်ပါလာသည်။

လူသံများ ဆူညံစွာထွက်ပေါ်လာလျှင် မြို့တော်ဝန်ရောက်ရှိလာပြီဖြစ်ကြောင်း ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ သိလိုက်ကြ၏။

သို့သော်...

သူတို့အခန်းတွင်းမှ လုံးဝမထွက်ကြဘဲ အခြေအနေကို စောင့်ကြည့်နေကြသည်။

မြို့တော်ဝန်နှင့် အဖွဲ့သားများသည် အာဏာကို အလွဲသုံးစားလုပ်ပြီး ရမ်းကားသူများဖြစ်ကြသည်။

စားသောက်ဆိုင်တွင် စားကြသောက်ကြခုန်ကြပေါက်ကြဖြင့် စိတ်ထင်တိုင်းကျဲနေကြသည်။

ဆိုင်ပိုင်ရှင်က လိုလေသေးမရှိ အလိုလိုက်အကြိုက်ဆောင်နေရသည်။

ဤသို့ဖြင့်...

အချိန်များ ထပ်မံကုန်ဆုံးသွားပြန်သည်။

ညမိုးချုပ်သွားသောအခါ တာဝန်ကျသောအစောင့်အချို့မှ

www.burmeseclassic.com

www.burmeseclassic.com



အပ ကျန်မြင်းသည်တော်များ အရက်အလွန်အကျွံမူးကာ အတုံးအရုန်း အိပ်ပျော်ကုန်ကြ၏။

မြို့တော်ဝန်လည်း အသင့်ပြင်ထားသောအခန်းသို့သွားကာ အိပ်စက်အနားယူသွားလေတော့သည်။

❀ ❀ ❀

## အခန်း (၁၂)

## မြွေအရေလက်ဆောင်

"တုံ… တုံ… "

အဝေးမှအုန်းမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာသည်။

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့မှာ ညဉ့်နက်ပြီဖြစ်သော်လည်း သိပ်မပျော်ကြသေးချေ။

အုန်းမောင်းနှစ်ချက်တီးသံကြားလျှင် ချာယို့ဖုန်းက ကျင်း အော့လျှံကိုကြည့်ကာ…

"အချိန်ကျပြီ… သွားကြစို့… "

စကားဆုံးသည်နှင့် ချာယို့ဖုန်းသည် အခန်းတံခါးကိုဖွင့်လိုက်၏။ သူတို့သည် ခြေသံမကြားအောင် ကိုယ်ဖော့နင်းပြီး ခန်းမထဲသို့ ထွက်လာသည်။ ထို့နောက် သူတို့ ပထမဗဟိုထားသည့်အခန်းမှဆီသို့ တက်လာကြသည်။

မကြာမီ…

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တည်းခိုခန်းအပေါ်ဘက်သို့ ရောက်ရှိလာကြ
သည်။

ချာယို့ဖုန်းက အမှောင်ရိပ်တစ်ခုကိုကွယ်ပြီး လက်ငွေ့ယမ်းပြ
လိုက်၏။

ကျင်းအောလျှံလည်း ရှေ့ဆက်မသွားဝံ့ဘဲ ချာယို့ဖုန်း၏
အနောက်နားတွင် ဝင်၍ပုန်းကွယ်လိုက်သည်။

ထိုစဉ်...

အပေါ်ထပ်သို့ တက်လာသောခြေသံများ ထွက်ပေါ်လာ
သည်ကို ကြားရပြီး အစောင့်နှစ်ယောက်ကို တွေ့ရ၏။

ထိုအစောင့်နှစ်ယောက်မှာ ယှဉ်လျက်ရှိသော အခန်းသုံးခန်း
အနက် အလယ်ခန်းရှေ့တွင်ရပ်ကာ စောင့်ကြပ်နေကြသည်။

ချာယို့ဖုန်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီး အသံ
တိုးတိုးဖြင့်...

"အစောင့်ရှိတဲ့အခန်းဟာ မြို့တော်ဝန်ရဲ့အခန်းပဲ..."

"ဟုတ်ကဲ့..."

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

"ငါ အစောင့်တွေကိုသွေးကြောပိတ်လိုက်မယ်...မင်း မြို့တော်
ဝန်အခန်းထဲ ဝင်သွားပါ..."

ကျင်းအောလျှံက ခေါင်းညိတ်ပြီး...

"ဟုတ်ကဲ့ ဆရာ..."

ချာယို့ဖုန်းက ဆက်ပြောလိုက်ပြန်သည်။



"အခန်းထဲရောက်ရင် လူမသတ်ရဘူး... အဖိုးတန်ရွှေငွေ
ပစ္စည်းမယူရဘူး... တန်ဖိုးနည်းတဲ့ ပစ္စည်းတစ်ခုခုယူလာရင် လုံလောက်
ပါပြီ..."

ကျင်းအောလျှံက ထပ်မံခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ဆရာ..."

"ကဲ... မင်း သွားတော့..."

ချာယို့ဖုန်းက အမိန့်ပေးလိုက်သည်နှင့် ကျင်းအောလျှံက ပုန်း
ကွယ်နေရာမှ ထွက်ကာ မြို့တော်ဝန်ရှိသော အခန်းဆီသို့ တဟုန်ထိုး
ပြေးသွားလေသည်။

အခန်းဝတွင် စောင့်ကြပ်နေသော အစောင့်နှစ်ယောက်မှာ
ကျင်းအောလျှံပြေးလာသည်ကိုတွေ့သောအခါ ကြောင်အမ်းအမ်းဖြစ်
သွားကြ၏။

ချက်ချင်းဓားများကို ဆွဲကာ ဟန့်တားတိုက်ခိုက်ရန်ဟန်ပြင်
လိုက်စဉ် ချာယို့ဖုန်းက လက်နက်ပုန်းများ ပစ်လွှတ်လိုက်လေသည်။

အစောင့်နှစ်ယောက်မှာ လက်မောင်းတွင် စစ်ခနဲနာကျင်မှု
ဖြစ်ပေါ်ပြီး တစ်ကိုယ်လုံးလှုပ်ရှား၍ မရတော့ချေ။

အသံကုန်ဟစ်အော်လိုက်ကြသော်လည်း အသံမထွက်နိုင်ဘဲ
သွေးကြောပိတ်ခံလိုက်ရလေတော့သည်။ ချာယို့ဖုန်းသည် လက်နက်
ပုန်းပစ်ခတ်သည့်အတတ်တွင်လည်း တစ်ဖက်ကမ်းခတ်သူပါတကား။

ကျင်းအောလျှံသည် အခန်းတံခါးဆွဲဖွင့်ကာ အတွင်းဘက်သို့
ခုန်ဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မြို့တော်ဝန်၏အခန်းမှာ မီးလင်းနေပါသေးသည်။

အခန်းတွင်းသို့ရောက်လျှင် အခန်းဝသို့ကျောပေးရပ်နေသော မြို့တော်ဝန်ကို တွေ့ရ၏။

မြို့တော်ဝန်မှာ လှုပ်ရှားသံကြောင့် နောက်လှည့်ကြည့်လိုက်ရာ ဓားကိုင်မြေးဝင်လာသော ကျင်းအောင်လှုံကို တွေ့မြင်သွားသည်။

ထိတ်လန့်ကြောက်ရွံ့သွားကာ အသံကုန်ဟစ်အော်ရန်ပြင်လိုက်စဉ် ကျင်းအောင်လှုံ၏ဓားက သူ၏လည်ပင်းကိုထောက်ထားလိုက်သဖြင့် အသံမထွက်ဝံ့တော့ချေ။

ကျင်းအောင်လှုံက အံကြိတ်ရင်း...

"သတ္တိရှိရင် အော်ကြည့်စမ်း... ချက်ချင်း အသက်ပျောက်သွားမယ်... "

မြို့တော်ဝန်၏မျက်နှာမှာ သွေးရောင်ပင် မရှိတော့ပေ။

မြူးကျယ်သောမျက်လုံးများဖြင့် ကျင်းအောင်လှုံကိုကြည့်ကာ...

"ကျုပ်... ကျုပ်ကိုမသတ်ပါနဲ့... "

ကျင်းအောင်လှုံက မဲ့ပြုံးပြုံးရင်း...

"မသေချင်ရင် အသံမထွက်နဲ့... "

မြို့တော်ဝန်က ခေါင်းညိတ်လိုက်၏။

"ဟိုဘက်လှည့်လိုက်စမ်း... "

မြို့တော်ဝန်တစ်ဖက်သို့အလှည့်တွင် ကျင်းအောင်လှုံက လက်နှစ်ချောင်းဖြင့် ကျောမှသွေးကြောများကို ထိုးပိတ်လိုက်လေသည်။

မြို့တော်ဝန် တစ်ကိုယ်လုံးတုန့်ခါသွားပြီးနောက် လုံးဝလှု



ရှားရှုမရတော့ချေ။

အော်ဟစ်အကူအညီတောင်းခြင်းမပြုနိုင်သော မြို့တော်ဝန်အခန်းမှ ပစ္စည်းများအား မွှေနှောက်ရှာဖွေလိုက်လေသည်။

ရွှေငွေကျောက်သံပတ္တမြားနှင့် အခြားအဖိုးတန်ပစ္စည်းများတွေ့ရသော်လည်း ကျင်းအောင်လှုံက မယူပါ။

စားပွဲပေါ်မှာတင်ထားသော ကြွေပန်းအိုးကိုသာ ယူလိုက်သည်။

တစ်ဖန် မြို့တော်ဝန်ကိုကြည့်ကာ...

"ကျွန်မသဘောအတိုင်းဆိုရင် ရှင့်ကိုသတ်ပစ်မှာပဲ... "

မြို့တော်ဝန်၏နဖူးပေါ်မှ ချွေးများစီးကျလာ၏။

ကျင်းအောင်လှုံက ဆက်ပြောလိုက်သည်။

"ဒါပေမယ့် လူတစ်ယောက်ရဲ့မှာကြားချက်ကြောင့်... ရှင်အသက်ချမ်းသာရာရတယ်မှတ်ထားပါ... ကျွန်မ ဒီပစ္စည်းယူသွားလို့ မဆီမဆိုင်တဲ့လူတွေကို ဒုက္ခပေးရင်... ကျွန်မကိုယ်တိုင် ရှင့်ကိုလာသတ်မယ်... "

မြို့တော်ဝန်မှာ စကားမပြောနိုင်သော်လည်း ကျင်းအောင်လှုံ၏စကားများကို ကြားနေရလေသည်။

ကျင်းအောင်လှုံသည် စကားဆုံးသွားသောအခါ မြို့တော်ဝန်၏အခန်းတွင်းမှ အေးဆေးစွာ ထွက်ခွာသွားလေတော့သည်။

ထို့နောက်...

ချာယို့ဖုန်းနှင့်အတူ အနောက်ဘက်အခန်းဆီသို့ပြန်သွားလေ

www.burmeseclassic.com

တော့သည်။

နောက်တစ်နေ့နံနက် မိုးစင်စင်လင်းလာသည်နှင့် မည်သူမှ မနိုးမီ တည်းခိုခန်းမှ ထွက်လာခဲ့ကြလေတော့သည်။

နေဝန်းနီသည် အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်းဖြစ်လာသောအခါ ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့မှာ သူတော်တောင်ကုန်းသို့သွားရာလမ်းပေါ်တွင် ရောက်ရှိနေကြပြီဖြစ်ပါသည်။

ထိုအခါ... ကျင်းအော့လျှံက မြို့တော်ဝန်ထံမှယူလာခဲ့သော ပစ္စည်းကို ချာယို့ဖုန်းအား ထုတ်ပြလိုက်၏။

ကြေပန်းအိုးကိုမြင်လျှင် ချာယို့ဖုန်းက သဘောကျသွားလေသည်။

"မဆိုးဘူး... ဒီပစ္စည်းကိုသာ လက်ဆောင်ပေးနိုင်ရင် မျက်နှာငယ်မှာ မဟုတ်ဘူး..."

ချာယို့ဖုန်းက ချီးကျူးလိုက်သောကြောင့် ကျင်းအော့လျှံမှာ ဝမ်းသာသွား၏။

သူတို့နှစ်ယောက် တဟားဟားရယ်မောရင်း ရှေ့သို့မြင်းကို ဒုန်းစိုင်းနှင်သွားကြလေတော့သည်။



သူတော်တောင်ကုန်း....

သူတော်တောင်ကုန်းမှာ အလွန်မြင့်မားသော တောင်ကုန်းတစ်ခုမဟုတ်ချေ။ တောင်ကုန်းဆိုသည့်အတိုင်း ကုန်းပြင်မြင့်လို ဆင်ခြေလျှောအသင့်အတင့် မြင့်သော တောင်ကုန်းတစ်ခုဖြစ်သည်။

သူတော်တောင်ကုန်းပေါ်တွင် မြင့်မားသော သစ်ပင်များ ပေါက်ရောက်လျက်ရှိသောကြောင့် အဝေးကကြည့်လျှင် အလွန်မြင့်မားသည်ဟု ထင်ရလေသည်။ သစ်ပင်များသည် တောင်အမြင့်ကို ပိုမိုမြင့်မားစေသည် မဟုတ်ပါလော။

သူတော်တောင်ကုန်းပေါ်တွင် တာလုကျေးရွာတည်ရှိသည်။

တာလုကျေးရွာမှာ ရွာဟုဆိုသော်လည်း မြို့ကလေးတစ်မြို့နှင့်မခြား စည်ကားလှသည်။

ကုန်စုံဆိုင်များ၊ အထည်အလိပ်ရောင်းချသောဆိုင်များ၊ စားသောက်ဆိုင်များ၊ မင်းလမ်းမကြီးတစ်လျှောက် စည်ကားစွာရှိနေ၏။

တာလုကျေးရွာပိုင်ရှင်မှာမူ ရွာမြောက်ဘက်ကျယ်ဝန်းသော ခြံဝင်းကြီးတစ်ခုအတွင်း နေထိုင်သည်။

ယနေ့...

တာလုကျေးရွာမှာ ယခင်နေ့များထက် ပို၍စည်ကားနေသည်။

တာလုကျေးရွာသို့ ရပ်နီးရပ်ဝေးမှဧည့်သည်များက တဖွဲဖွဲ ရောက်ရှိလာသည်။

တာလုကျေးရွာသူကျေးရွာသားများကလည်း ဧည့်သည်များကို ဖျူဖျူကြာကြာကြိုဆိုကြသည်။

www.burmeseclassic.com



တာလုကျေးရွာသို့ရောက်ရှိလာသော ဧည့်သည်များတွင် ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ ပါဝင်ကြသည်။

သူတို့သည် တာလုကျေးရွာသို့ရောက်လျှင် ရွာပိုင်ရှင်၏ခြံဝင်းသို့ ဦးတည်သွားကြလေတော့သည်။ မကြာမီ တာလုကျေးရွာသို့ရောက်ပြီး ခြံဝင်းကြီးတစ်ခုရှေ့သို့ သူတို့ရောက်ရှိလာကြလေ၏။

ခြံဝင်းမှာ ကြီးမားကျယ်ဝန်းလှသည်။

ခြံဝင်းတံခါးမကြီး၏ဘေးတစ်ဖက်တစ်ချက်တွင် အနီရောင်စာတ်ဆင်ထားသော ဧည့်ခံကြိုဆိုသည့်အဖွဲ့ကို တွေ့ရလေသည်။

ဧည့်ခံကြိုဆိုရေး တာဝန်ယူထားသူများသည် ရောက်ရှိလာသော ဧည့်သည်များထံမှ မွေးနေ့လက်ဆောင်များကို လက်ခံယူကြသည်။ စနစ်ကျသည်။ ယဉ်ကျေးပျူငှာသည်။ အားလုံးအဆင်ပြေသည်။

ခြံဝင်းအတွင်းမဏ္ဍပ်ထိုးပြီး နေရာထိုင်ခင်း စီစဉ်ထားရာသို့ လိုက်လံပို့ဆောင်နေရာချထားပေးကြသည်။

နံနက်မိုးလင်းချိန်မှစ၍ ဧည့်သည်များရောက်လာရာ မွန်းတည့်ချိန်တိုင်အောင် ရောက်ရှိလာတုန်းပင် ဖြစ်သည်။

ဧည့်သည်များအတွက် စားသောက်ဖွယ်ရာများနှင့် အရက်များလည်း အလျှံပယ်တည်ခင်းဧည့်ခံသည်။

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့သည် ဧည့်ကြိုသူများ နေရာချထားပေးသည့် ဝဲဘက်ထောင့်စားပွဲတစ်လုံးတွင် ထိုင်နေကြ၏။

သူတို့သည် များပြားစည်ကားလှသော ဧည့်ပရိတ်သတ်များကို ငေးမောကြည့်ရှုနေကြသည်။



ဤသည်မှာ သာမန်သိုင်းသမားတစ်ယောက်၏မွေးနေ့ဧည့်ခံပွဲမဟုတ်ချေ။ သာမန်သိုင်းသမားတစ်ယောက်ကလည်း အစားအသောက်များ အလျှံပယ်၊ အရက်များ အလျှံပယ် ဧည့်ခံနိုင်မည်မဟုတ်ချေ။

ကျန်းဟိုဟောက်၏ ယခင်ဘဝနှင့် ယခုဘဝမှာ ဆီနှင့်ရေကဲ့သို့ ကွာခြားသွားခဲ့လေပြီ။ ယခု သူသည် တာလုကျေးရွာ၏အရှင်သခင်ကြီး ဖြစ်နေလေပြီ။ ဘဝ၏အပြောင်းအလဲများကို ချာယို့ဖုန်းတွေ့ဖူးပေါင်းများလှပေပြီ။ ယခု ကျန်းဟိုဟောက်၏ဘဝ အပြောင်းအလဲကိုလည်း ချာယို့ဖုန်း တွေ့မြင်နေရလေပြီ။

ဤနေရာသို့ရောက်ရှိလာကြသော ဧည့်ပရိသတ်များအနက် တစ်ဝက်ကျော်ကျော်ခန့်မှာ သိုင်းလောကသားများဖြစ်ကြကြောင်း ကျင်းအော့လျှံက အကဲခတ်မိလေသည်။

ဤမျှ များပြားလှသော သိုင်းလောကသားများကိုတွေ့ရသောအခါ သူမ၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်များ ခံစားလာရသည်။

ချာယို့ဖုန်းကိုကြည့်ကာ…

"ဆရာ…

"သမီး ဘာမေးဦးမလို့လဲ… "

ကျင်းအော့လျှံက ဆက်ပြောလိုက်သည်။

"ဒီကိုရောက်လာတဲ့ သိုင်းလောကသားတွေဟာ… သိုင်းလောကမှာ ကျော်ကြားနေကြတဲ့လူတွေလား… "

www.burmeseclassic.com

www.burmeseclassic.com



ချာယိုဖုန်းက ခေါင်းညိတ်လိုက်သည်။

"မှတ်တယ်… သိုင်းလောကမှာ ကျင်လည်ကျက်စားနေတဲ့ အထက်လမ်းသိုင်းသမား… အောက်လမ်းသိုင်းသမားတွေ စုံစုံလင်လင် ပါလိမ့်မယ်လို့ ဘာဘာ ထင်တယ်… "

ကျင်းအော့လျှံက ပခုံးတစ်ချက်တွန့်လိုက်ပြီး…

"ဒီလိုဆိုရင် ကျန်းဟိုဟောက်ဟာ ခေတ်လူတစ်ယောက် မဟုတ်ဘူးပေါ့… "

ချာယိုဖုန်းက ခေါင်းညိတ်ပြလိုက်သည်။

ကျင်းအော့လျှံသည် စကားမပြောတော့ဘဲ ပုံသဏ္ဍာန်အရွယ် အစားအမျိုးမျိုးဖြင့် ရောက်လာကြသော သိုင်းလောကသားများကို အာရုံစိုက်၍ အကဲခတ်ကြည့်နေလေတော့သည်။

ကျေးရွာပိုင်ရှင် ကျန်းဟိုဟောက်က အမိန့်ထုတ်ပြန်ထားသည်။ ဧည့်ခံကြိုဆိုသူများနှင့် လုံခြုံရေးသိုင်းသမားများသည် ထူးခြားသောကိစ္စ မသင်္ကာဖွယ်ရာကိစ္စများကိုတွေ့လျှင် ချက်ချင်းရွာပိုင်ရှင်ကို အကြောင်းကြားရန် ဖြစ်သည်။ သူ၏အမှုထမ်းများကလည်း တာဝန်ကျေပွန်ကြသည်။

ယခု…

ထူးခြားသောကိစ္စတစ်ခု ကြုံတွေ့နေရပြီဖြစ်သည်။

လုံခြုံရေးတာဝန်ယူသော သိုင်းသမားများက မွေးနေ့စည်းခံပွဲကို ဖျက်လိုဖျက်ဆီးပြုမည့်သူများအား တွေ့ရှိခြင်း မဟုတ်ပါ။



ဧည့်ခံကြိုဆိုရေးတာဝန်ယူထားသူများဘက်မှ ထူးခြားမှုတွေ့ရှိခြင်းဖြစ်သည်။

သူတို့သည် ထူးခြားသည်ဟု ယူဆမိသည်နှင့် ချက်ချင်းပင် ကျန်းဟိုဟောက်ထံသို့ ပြေးလွှားသတင်းပို့ကြလေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

## ဗိတ်ချေ့ပောင်းများ

စားပွဲပေါ်တွင် ကြေပန်းအိုးတစ်လုံးရှိနေ၏။

ကျွန်းဟိုဟောက်သည် စားပွဲရှေ့တွင် တည်ငြိမ်စွာထိုင်နေသည်။

သူသည် ကြေပန်းအိုးကို အကြိမ်ကြိမ်အဖန်ဖန် စစ်ဆေးကြည့်ပြီး ဖြစ်သည်။

ကြေပန်းအိုးကို လက်ခံယူခဲ့သော ညှို့ခံကြိုဆိုရေးတာဝန်ကျသူမှာ မျက်နှာပျက်နေသည်။

ရှာပိုင်ရှင်ကျွန်းဟိုဟောက်၏မျက်နှာတည်ကြည်လေးနက်နေသောကြောင့် တစ်စုံတစ်ခု ထူးခြားနေပြီဖြစ်ကြောင်း သူရိပ်မိသည် မဟုတ်ပါလား။

အခန်းထဲတွင် တာလုကျေးရွာလုံခြုံရေးအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့သားအချို့ ရှိနေသည်။



သူတို့လည်း ညှို့ခံကြိုဆိုရေး၊ တာဝန်ခံနည်းတူ ကျွန်းဟိုဟောက်၏ နှုတ်ဖျားမှထွက်လာမည့်စကားသံကို ငံ့လင့်နေကြ၏။

အတန်ကြာမှ ကျွန်းဟိုဟောက်က သက်ပြင်းချကာ...

"တော်တော်ထူးဆန်းတယ်... "

တစ်ယောက်တည်းကြိတ်၍ ရေရွတ်လိုက်ပြီး ညှို့ခံကြိုဆိုရေး တာဝန်ခံကို ကြည့်လိုက်လေသည်။

ညှို့ခံကြိုဆိုရေးတာဝန်ခံက ချက်ချင်းခေါင်းငုံ့ထားလိုက်သည်။

ကျွန်းဟိုဟောက်က...

"ဒီပစ္စည်းကို ဘယ်သူ့ဆီကလက်ခံရတာလဲ... "

ညှို့ခံကြိုဆိုရေးတာဝန်ခံက...

"လူကြီးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်ဆီကပါ..."

ကျွန်းဟိုဟောက်က ဆက်မေးလိုက်သည်။

"သူတို့က ဘယ်လိုလူစားမျိုးတွေဖြစ်မယ်ထင်သလဲ... "

ညှို့ခံကြိုဆိုရေးတာဝန်ခံက အနည်းငယ်စဉ်းစားလိုက်ပြီး...

"သူတို့ထိပ်တန်းသိုင်းသမားဖြစ်ပုံရပါတယ်... "

ကျွန်းဟိုဟောက်က မျက်မှောင်ကြုတ်သွားသည်။

"ကောင်းပြီ... သူတို့ကို ကျူပ်ဆီခေါ်လာခဲ့ပါ... "

"အမိန့်အတိုင်းပါ... "

ညှို့ခံကြိုဆိုရေးတာဝန်ခံက ချက်ချင်းအရိုအသေပြုကာ အခန်းတွင်းမှ ထွက်ခွာသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်အတွင်းဧည့်ပရိသတ်များ တစ်စထက်တစ်စ များပြားလာသည်။

ကျင်းအော့လျှံမှာ လူအများကိုငေးမောကြည့်နေခဲ့ ဖြစ်သည်။ လူ့ဘဝအပြောင်းအလဲများအကြောင်း ဆက်လက်တွေးတောနေခဲ့ဖြစ်သည်။

ထိုစဉ်…

သူတို့အနီးသို့ လူတစ်ယောက်ရောက်ရှိလာလေ၏။

ထိုလူက ကျင်းအော့လျှံကို လက်နှစ်ဖက်ဆုတ်ကာ ဦးညွှတ်လိုက်ပြီး…

"ဒီမှာ မိန်းကလေး… ရှာပိုင်ရှင်ကျန်းဟိုပောက်ရဲ့မွေးနေ့ပွဲကို လာက်ရောက်လာတာမဟုတ်လား ခင်ဗျာ…"

ကျင်းအော့လျှံက ခေါင်းညိတ်ပြလိုက်ပြီး…

"ဟုတ်ပါတယ်… ကျွန်မတို့ မွေးနေ့ပွဲလာတာပါ…"

ထိုလူက ဆက်ပြောလိုက်သည်။

"ကြေးပန်းအိုးကို မိတ်ဆွေလက်ဆောင်ပေးတာ ထင်ပါတယ်"

ကျင်းအော့လျှံက ခေါင်းညိတ်ပြလိုက်ပြီး…

"ဟုတ်ပါတယ်… ကျွန်မတို့ ပေးတာပါ…"

"ခင်ဗျားရဲ့လက်ဆောင်ကို ကျွန်ုပ်တို့ရှာပိုင်ရှင်က အလွန်နှစ်ခြိုက်ပါတယ်… ဒါကြောင့် ခင်ဗျားတို့နှစ်ယောက်ကို အတွင်းဘက်ကြွခဲ့ဖို့ ဖိတ်ခေါ်ခိုင်းလိုက်ပါတယ်…"



"အခုလား…"

"ဟုတ်ပါတယ်… အခုပါပဲ…"

ထိုစကားကိုကြားရလျှင် ကျင်းအော့လျှံက မျက်မှောင်ကြုတ်သွားသည်။

ချာယို့ဖုန်းကို တီးတိုးပြောလိုက်လေ၏။

"ဆရာ… အခြေအနေမကောင်းဘူး…"

"ရှာပိုင်ရှင်ကျန်းဟိုပောက်တာ ဆရာနဲ့အလွန်ရင်းနှီးတယ်ဆို… အခုတော့ သူကိုယ်တိုင် လာနှုတ်မဆက်ဘဲခေါ်ခိုင်းနေပါလား… ဒါဟာ အိမ်ရှင်တစ်ယောက်ပြုမူရမဲ့ ဧည့်ဝတ်ကျေပွန်မှုမျိုး မဟုတ်ဘူး"

ချာယို့ဖုန်းက စိတ်မကောင်းဖြစ်သွားသည်။

"ဒီလိုပေါ့လေ… ဘယ်လောက်ပဲရင်းနှီးတဲ့ မိတ်ဆွေဖြစ်ပါစေ… ချမ်းသာသွားရင် မိတ်ဆွေဟောင်းကို မေ့သွားကြတာ ဓမ္မတာပါပဲ… သမီးရယ်… ဒါကိုစိတ်ထဲထည့်မထားပါနဲ့… လာခေါ်တော့လည်းလိုက်သွားရတာပေါ့ကွယ်…"

ကျင်းအော့လျှံနှင့် ချာယို့ဖုန်းအား ဧည့်ခံကြိုဆိုရေးကော်ပန်ခံက စောင့်နေလေသည်။

ထို့ကြောင့်…

သူတို့နှစ်ယောက်လည်း မနေသာတော့ဘဲ ထလိုက်သွားရန် ဟန်ပြင်လိုက်ကြရတော့သည်။

ထိုစဉ်မှာပင်…

www.burmeseclassic.com

www.burmeseclassic.com



ညှို့ပရိသတ်များ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်ကိုတွေ့ရ၏။

ခြင်းအဝင်ဝတံခါးပေါက်မှ ဆူညံသောစကားသံများ ထွက်ပေါ်လာသည်ကို ကြားရသည်။

ညှို့ခံကြိုဆိုရေးတာဝန်ခံက မျက်နှာပျက်သွားကာ...

"မိတ်ဆွေတို့... ခဏနေကြပါဦးဗျာ... ကျုပ်ခြံထဲကို ခဏသွားကြည့်လိုက်ဦးမယ်... "

ပြောပြီး လျှင်မြန်စွာပြေးထွက်သွားလေသည်။

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ ကြောင်အမ်းအမ်းဖြစ်ကာ ကျန်ရစ်ခဲ့၏။

အတန်ကြာမှ ကျင်းအော့လျှံက...

"ဆရာ... အပြင်ဘက်မှာ ဘာဖြစ်နေပြီလဲမသိဘူး... သွားကြည့်ရင်ကောင်းမယ်ထင်တယ်... "

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်၏။

"တို့သွားကြည့်စရာမလိုပါဘူးကွယ်... "

ကျင်းအော့လျှံက တအံ့တသြဖြင့်...

"ဘာဖြစ်လို့လဲဆရာ... "

"လူတော်ရှုပ်ထွေးနေတော့ သမီး သွားကြည့်လည်း ဘာမှ ထူးခြားမှာမဟုတ်ဘူး... အချိန်တန်ရင် ဘာဖြစ်တယ်ဆိုတာ သိရမှာပေါ့"

ကျင်းအော့လျှံသည် မကျေမနပ်ဖြစ်သွား၏။



သို့သော်...

ချာယို့ဖုန်း၏စကားကို မပယ်ရှားဝံ့ဘဲ နေရာတွင်ပြန်ထိုင်ချလိုက်ရလေတော့သည်။

ထိုစဉ်မှာပင်...

"ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်း ရောက်လာပါပြီ... "

စကားသံများ ဆူညံစွာ ထွက်ပေါ်လာပြီးလျှင် မဏ္ဍပ်အတွင်းသို့ လူတစ်ယောက်လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းမှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားနေသော သိုင်းသမားတစ်ယောက်ဖြစ်လေသည်။

သူ့အား သိုင်းလောကသားတိုင်းက လေးစားကြည်ညိုကြသည်။

ထို့ကြောင့်...

ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းသည် တာလုကျေးရွာသို့ ရောက်လာသောအခါ လူအများ အုတ်အုတ်ကျက်ကျက်ဖြစ်သွားရခြင်းဖြစ်သည်။

ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်း ရောက်လာကြောင်း သတင်းကြားရလျှင် တာလုကျေးရွာပိုင်ရှင် ကျန်းဟိုဟောက်လည်း မနေနိုင်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် အခြေအရှိများဖြင့် ထွက်ကာ ကြိုဆိုရလေတော့သည်။

မဏ္ဍပ်အတွင်းသို့ရောက်ရှိနေနှင့်ကြသော သိုင်းသမားများမှာလည်း ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းကို ဝန်းရံနှုတ်ဆက်ကြသည်။ ကျော်ကြားမှုတွင် မိတ်ဆွေများ ဝိုင်းပတ်နေကြလေတကား။

ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းကလည်း လေးလေးစားစားပင် ပြန်လည်နှုတ်ဆက်နေသည်။

မကြာမီ ကျေးရွာပိုင်ရှင်ကျွန်းဟိုဟောက် ကိုယ်တိုင် ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းထံသို့ လှမ်းသွားကာ...

"ကဲ... မိတ်ဆွေကြီး... ကျုပ်ရဲ့မွေးနေ့ပွဲကို ကိုယ်တိုင်ဝင်ရောက်ချီးမြှင့်တဲ့အတွက် ဂုဏ်ယူလို့မဆုံးပါဘူးဗျာ..."

ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းက ရယ်မောလိုက်ပြီး...

"ကျုပ်လည်း ကိစ္စတစ်ခုရှိလို့ ခရီးထွက်လာရင်း ဒီဂျှိုရောက်လာတာပါ... မမျှော်လင့်ဘဲ ခင်ဗျားရဲ့မွေးနေ့ပွဲကြုံနေတာနဲ့ ဝင်ခဲ့တာပါဗျိုး..."

ကျွန်းဟိုဟောက်က လက်ကာပြရင်း...

"အိုဗျာ... လက်ဆောင်က အရေးမကြီးပါဘူး... မိတ်ဆွေကိုယ်တိုင်ရောက်လာတာပဲ ကျုပ် ဂုဏ်ယူလှပါပြီ..."

ထိုစဉ်...

ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းမှာ လှုပ်လှုပ်ရှရှဖြစ်နေကြ



သော ဝရံသတ်အတွင်း ငြိမ်သက်စွာ ထိုင်နေရသော ချာယို့ဖုန်းကို အကဲခတ်မိသွားလေသည်။

သူ၏မျက်နှာပေါ်တွင် အုံ့ညြသောအရိပ်အယောင်များ ထွက်ပေါ်လာ၏။

ကျင်းအော့လျှိုမှာ ကျွန်းဟိုဟောက်က ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းကို အရေးပေးဆက်ဆံနေသည်ကိုတွေ့ရလျှင် မကျေမနပ်ဖြစ်သွားသည်။

ချာယို့ဖုန်းအနီးသို့ ကပ်ကာ အသံတိုးတိုးဖြင့်...

"ဆရာ့မိတ်ဆွေက ဘယ်လိုလူမျိုးလဲ...တယ်ပြီး မျက်နှာလိုက်ပါလား..."

ချာယို့ဖုန်းက ပြန်မပြောဘဲ ပါးစပ်သာပိတ်ထား၏။

ထိုစဉ်...

ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းက ချာယို့ဖုန်းအနီးသို့လျှောက်လာကာ ပြုံးရွှင်သောမျက်နှာဖြင့်...

"ဟောဗျာ... ခင်ဗျားလည်းရောက်နေတာကိုး... တွေ့ရတာဝမ်းသာပါတယ်ဗျာ..."

ညီ့သည်အားလုံး၏အရေးတယူဆက်ဆံခြင်းခံရသူက အရေးယူဆက်ဆံလိုက်သောအခါ သိုင်းလောကသားများမှာ ချာယို့ဖုန်းကို စိတ်ဝင်စားစွာ လှမ်းကြည့်လိုက်ကြလေတော့သည်။

ချာယို့ဖုန်းက ပြုံးရင်း...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မှတ်ဉာဏ်မဆိုးဘူး... ဆယ်နှစ်လောက်မတွေ့တာ တောင် ကျုပ်ကို မြင်မြင်ချင်းမှတ်မိသားပဲဗျ..."

ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းက ရယ်မောကာ...

"ဟား... ဟား... ခင်ဗျားကို မေ့ပစ်လိုက်ရင် ကျုပ်ဟာ လူ ကောင်းတစ်ယောက်ဘယ်ဖြစ်နိုင်တော့မလဲ... ဒါနဲ့ ခင်ဗျားကိုပြောစရာ စကားတစ်ခွန်းရှိသေးတယ်ဗျာ..."

ချာယို့ဖုန်းက အံ့သြသွား၏။

သူနှင့်မတွေ့ခဲ့သည်မှာ ဆယ်နှစ်မကကြာမြင့်ခဲ့ပြီဖြစ်လေ သည်။

ထို့ကြောင့်...

တစ်ယောက်နှင့်တစ်ယောက် ပတ်သက်စရာအကြောင်းရှိ မည် မဟုတ်ချေ။

ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းက မည်သည့်စကားများပြော လိုပါသနည်း။

ချာယို့ဖုန်းက မျက်မှောင်ကြုတ်ရင်း...

"ဘာများပြောစရာရှိလို့လဲဗျ..."

ကွမ်းဟုန်အင်းက...

"ဪ... ခင်ဗျားညီကို ကျုပ်တွေ့ခဲ့တယ်ဗျ... သူ့ကိုကြည့် တာ အရေးကြီးတဲ့ကိစ္စတစ်ခုခုရှိနေပုံရတယ်..."

ထိုစကားကြားရလျှင် ချာယို့ဖုန်းက အံ့သြသွားသည်။



"ခင်ဗျားက သူ့ကိုတွေ့တယ်ဟုတ်လား... ကျုပ်တော့ သူ့ကို မတွေ့တာ ဆယ်နှစ်လောက်ရှိပြီ... ခင်ဗျားကို မတွေ့ရတာကြာသလို ကျုပ်ညီကိုလည်း မတွေ့ရတာ ကြာပါပြီ..."

ကျင်းအော့လျှံက စိတ်ဝင်စားသွားသည်။

သူမလည်း ကုဝေးချန်းကို တွေ့လိုလှသည် မဟုတ်ပါလား။

ထို့ကြောင့်...

ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းကို ဦးညွှတ်ရင်း...

"ဦးက ဦးလေးကုဝေးချန်းကို တွေ့ခဲ့တယ်ဟုတ်လား..."

မိန်းကလေးတစ်ယောက်က ကြားဝင်ပြောလိုက်သဖြင့် ဓားမဲ့ သိုင်းသမားကွမ်းဟုန်အင်းက မျက်မှောင်ကြုတ်သွားလေသည်။

"သူက ဘယ်သူလဲဗျ..."

ချာယို့ဖုန်းက ရယ်မောလိုက်ပြီး...

"စိတ်မရှိပါနဲ့ဗျာ... သူက ကျုပ်တပည့်ပါ... သူလည်း ကျုပ်လို ပဲ ကုဝေးချန်းကို သိပ်တွေ့ချင်နေတယ်လေ..."

ပြောပြီး ကျင်းအော့လျှံအားကြည့်ကာ ဆုံးမစကားပြောလိုက် ၏။

"ကျင်းအော့လျှံ... လူကြီးတွေစကားပြောတဲ့အခါ ကြားဝင် ပြောတာ ယဉ်ကျေးတဲ့အပြုအမူမဟုတ်ဘူး..."

ကျင်းအော့လျှံက လက်နှစ်ဖက်ဆုပ်ကာ...

"ဦးလေးကုဝေးချန်းကို ဘယ်မှာရှိတယ်ဆိုတာ သိချင်ဖေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မခေါင်မခြင်ကြားဝင်ပြောမိတာကို ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်ရှင်"

ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းမှာ သွက်လက်ချက်ချာသော ကျင်းအောင့်လျှံအား သဘောကျသွားသည်။

"ခင်ဗျားတပည့်က မဆိုးဘူးဗျ… ဆရာ့ရဲ့စိတ်သဘောကို သိတယ်… လူကြီးတွေကို လေးလေးစားစားဆက်ဆံတတ်တယ်… သူ့ကို ကြည့်ရတာ တစ်နေ့သိုင်းလောကမှာ ကျော်ကြားလာမယ်ဆိုတာ ကျုပ် ပြောရဲပါတယ်ဗျာ… "

ထိုသို့ချီးကျူးလိုက်သဖြင့် ကျင်းအောင့်လျှံ မနေတတ်အောင် ဖြစ်သွားရလေတော့သည်။

ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းက တဟားဟားရယ်မော လိုက်ပြီး ဆက်ပြောသည်။

"ဟုတ်တယ်ဗျ… ဆရာကောင်းတစ်ယောက်ရဖို့ မလွယ်သလို တပည့်ကောင်းတစ်ယောက်ရဖို့ဆိုတာကလည်း မလွယ်လှဘူး… ကောင်းကင်က အစ်တစ်စင်းနဲ့ လူပြည်က အပ်တစ်စင်းလိုတာမျိုးလို ပဲပေါ့ဗျာ… "

ကွမ်းဟုန်အင်းက ရယ်မောရင်း ဆက်ပြောနေပြန်သည်။ သူ သည် စကားပြောရင်း အာတွေ့လာပုံရသည်။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားမှာ တပည့်ကောင်းရထားတာကို ဂုဏ် ယူဖို့ ကောင်းတာပေါ့ဗျာ… "

ချာယို့ဖုန်းက ကျင်းအောင့်လျှံဘက်သို့လှည့်ကာ…



"ကျင်းအောင့်လျှံ… သူက မင်းကိုချီးကျူးနေတယ်မဟုတ်လား… သမီးက သူ့ကို ကျေးဇူးတင်စကားမပြောတော့ဘူးလား… "

ကျင်းအောင့်လျှံက သွက်လက်စွာပြောလိုက်လေ၏။

"ဦးလို အင်မတန်ကျော်ကြားတဲ့လူတစ်ယောက်က ကျွန်မကို ချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်… တကယ်ပါ… "

ထိုစကားကြားရလျှင် ချာယို့ဖုန်းနှင့် ဓားမှဲ့သိုင်းသမားကွမ်း ဟုန်အင်းတို့မှာ သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်ကြလေ တော့၏။

ချာယို့ဖုန်းက ရယ်မောရာမှရပ်ပြီးလျှင်…

"ကဲ… ခင်ဗျား ဘယ်လိုသဘောရသလဲ… ကျုပ်တပည့်ကို သဘောကျရဲ့လား… "

ကွမ်းဟုန်အင်းက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး…

"အို… သဘောကျတာပေါ့ဗျာ… ဒီလိုလိမ္မာတဲ့တပည့်မျိုး ဘယ်ဆရာမဆိုလိုချင်တာပေါ့ဗျာ… "

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

"ဒါဖြင့် ခင်ဗျားသူ့ကိုဂုဏ်ပြုတဲ့အနေနဲ့ သိုင်းကွက်တစ်ကွက် နှစ်ကွက်လောက် သင်ပေးရင်ကောင်းမယ်… "

ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းက ခေါင်းညိတ်သဘောတူ လိုက်သည်။

"သင်ပေးရမှာပေါ့ဗျာ… ကျုပ်ကလည်း ခင်ဗျားတပည့်ကို

www.burmeseclassic.com

www.burmeseclassic.com



တကယ်သဘောကျပါတယ်... ”

ထိုစဉ် ချာယို့ဖုန်းက တစ်စုံတစ်ခုသတိရလာဟန်ဖြင့်...

“ဒါနဲ့ခင်ဗျားကို မေးစရာတစ်ခုရှိသေးတယ်... ”

ကွမ်းဟုန်အင်းက အံ့သြဟန်ဖြင့်...

“ဘာများလဲဗျ... ”

“ခင်ဗျားညီတော့ ဘယ်ရောက်နေလဲ... ”

ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းက မျက်နှာညှိုးငယ်သွားသည်။

အတန်ကြာတွေဝေနေပြီးမှ သက်ပြင်းချကာ...

“ကျုပ်ညီလည်း ခင်ဗျားညီလိုပါပဲ... ”

“ဗျာ... ”

သူတို့နှစ်ယောက် အချီအချပြောဆိုနေကြသောစကားများကို သိုင်းလောကသားအတော်များများက စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။ မဏ္ဍပ်အတွင်းမှ ဧည့်သည်သိုင်းသမားအားလုံး ငြိမ်သက်စွာ နားထောင်နေကြသည်။

ထိုလူများကြားတွင် တာလုကျေးရွာပိုင်ရှင် ကျန်းဟိုဟောက်လည်း ပါဝင်၏။

ကျန်းဟိုဟောက်မှာ ချာယို့ဖုန်းကို သေသေချာချာစိုက်ကြည့်သည်။

တစ်ဖန် ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းကိုကြည့်ကာ...



“သူ့ညီက ဘယ်သူလဲဗျ... ”

ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းကို ပြုံးလိုက်ပြီး...

“ခင်ဗျား သူ့ကိုမမှတ်မိဘူးထင်တယ်... သူ့ညီဟာ ကုဝေးချန်းလေ... ”

ထိုစကားကြားရလျှင် ကျန်းဟိုဟောက်၏မျက်နှာပြောင်းလဲသွားလေတော့သည်။

ချာယို့ဖုန်းကိုတွေ့ရသည့်အတွက် အလွန်အမင်းဝမ်းမြောက်ဝမ်းသာဖြစ်သွားပုံရ၏။

ချာယို့ဖုန်းကိုကြည့်ကာ ယခုမှမှတ်မိသောဟန်ဖြင့်...

“ဟောဗျာ... ခင်ဗျား ဘယ်တုန်းကရောက်နေတာလဲ... ကျုပ်လုံးလုံးမမှတ်မိဘူး... အဲဒီတော့ ခင်ဗျားကို ကျုပ်စိမ်းကားသလိုဖြစ်သွားတယ်... ခွင့်လွှတ်ပါဗျာ... ခွင့်လွှတ်ပါ... ”

ကျင်းအော့လျှံမှာ မျက်မှောင်ကြုတ်သွားသည်။

ကျန်းဟိုဟောက်၏ပုံသဏ္ဌာန်မှာ ချာယို့ဖုန်းကိုအမှန်တကယ်မမှတ်မိဘဲ ကုဝေးချန်းဟူသော အမည်ကြားမှ မှတ်မိလာဟန်ရှိနေသည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် ကျန်းဟိုဟောက်က မိတ်ဆွေဟောင်းကိုမေ့ထားခြင်းမဟုတ်။ မမှတ်မိ၍သာ အရေးတယူမဆက်ဆံမိခြင်းဖြစ်ပေမည်။

ဤအချက်ကို ချာယို့ဖုန်းလည်း သဘောပေါက်နားလည်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

ကျွန်းဟိုဟောက်မှာ ရှက်ချင်းပင် ပရိသတ်ဘက်သို့ လှည့်လိုက်ပြီး...

"ကျုပ်ရဲ့အသက်ခြောက်ဆယ်ပြည့်မွေးနေ့ပွဲကို ကြွရောက်လာတဲ့ မိတ်ဆွေများခင်ဗျာ... "

သူက ယင်းသို့အစချီလိုက်လျှင် ဆူညံနေသော ညပွဲပရိသတ်များသည် မီးကိုရေဖြင့် ငြိမ်းသတ်လိုက်သည့်အလား တိတ်ဆိတ်ငြိမ်သက်သွားသည်။

ကျွန်းဟိုဟောက်က ဆက်ပြောလိုက်သည်။

"ကျုပ်ရဲ့မွေးနေ့ပွဲကို သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်း တက်သာတာကို အားလုံးသိပြီးဖြစ်ပါလိမ့်မယ်... "

ပရိသတ်များက သိကြကြောင်းထောက်ခံပြောဆိုလိုက်သည်။

"ဒါပေမယ့်... ပရိသတ်တွေ မသိသေးတဲ့လူတစ်ယောက်ကို မိတ်ဆက်ပေးချင်ပါတယ်... သူကတော့ ဟောဒီလူပါပဲ... "

ပြောရင်း ချာယို့ဖုန်း၏လက်တစ်ဖက်ကိုဆွဲကိုင်ထားလိုက်၏။

ချာယို့ဖုန်းမှာ ရိုင်းစိုင်းသည်ဟု အပြောခံရမည်ကို စိုးရိမ်သောကြောင့် အသာငြိမ်နေလိုက်သည်။

ပရိသတ်များမှာ ချာယို့ဖုန်းကို ဝိုင်းကြည့်လိုက်ကြသည်။

ကျွန်းဟိုဟောက်က ဆက်ပြောလိုက်ပြန်သည်။



"ဟောဒီလူက တစ်ချိန်က သိုင်းပါရဂူဘွဲ့ရခဲ့တဲ့ ကျုပ်ရဲ့အရင်းနှီးဆုံးမိတ်ဆွေ သိုင်းသမားချာယို့ဖုန်းပါပဲ... "

"ဟာ... "

ညပွဲမဏ္ဍပ်တစ်ခုလုံး အာမေဋိတ်သံဟိန်းထွက်သွားသည်။

ချာယို့ဖုန်းဟူသောအမည်ကို ကြားလိုက်ရလျှင် သိုင်းလောကသားများ ဟာ့ခနဲဖြစ်သွားကြလေသည်။

သိုင်းသမားချာယို့ဖုန်းသည် လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က သိုင်းလောကတွင် တစ်ခေတ်တွင်တစ်ယောက်ဆိုသလို ထင်ရှားကျော်ကြားခဲ့သော သိုင်းသမားတစ်ယောက်အဖြစ် ကျော်ကြားခဲ့သူဖြစ်၏။

သိုင်းသမားချာယို့ဖုန်း၏အမည် သိုင်းလောကတွင် ဟိုးဟိုးကျော်ခဲ့ပြီး နှစ်အနည်းငယ်အတွင်း သိုင်းသမားချာယို့ဖုန်းမှာ သိုင်းလောကမှ ကွယ်ပျောက်သွားခဲ့ပြန်သည်။

တချို့က ရန်သူများ တိတ်တဆိတ် ချောင်းမြောင်းလုပ်ကြံခဲ့သဖြင့် သေဆုံးသွားပြီဟု ထင်ကြေးပေးကြသည်။

ချာယို့ဖုန်းမှာ ကျွန်းဟိုဟောက်က သူ့အား မမှတ်မိခဲ့သဖြင့် အရေးတယူမဆက်ဆံသည်ကို ခွင့်လွှတ်လိုက်သည်။ ကျွန်းဟိုဟောက်သည် သူ့အားမှတ်မိလျှင် မှတ်မိချင်း လူပုံအလယ်တွင် အရင်းနှီးဆုံးမိတ်ဆွေအဖြစ် ထုတ်ဖော်ကြေညာလိုက်ပြီမဟုတ်ပါလား။

သိုင်းသမားချာယို့ဖုန်းအား မမျှော်လင့်ဘဲတွေ့ရသဖြင့် သိုင်း

www.burmeseclassic.com

www.burmeseclassic.com



လောကသားများတစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုနေကြလေတော့သည်။

ကျွန်းဟိုဟောက်က ချာယို့ဖုန်းနှင့် ကွမ်းဟုန်အင်းကိုကြည့်ကာ…

"ကဲ… ခင်ဗျားတို့နှစ်ယောက် ကျုပ်နဲ့အတူ စံအိမ်ပေါ်လိုက်ခဲ့ကြပါ… ညစာစားပွဲက ညမှစမယ်ဆိုတော့ ကျုပ်တို့တတွေ ရှေးဟောင်းနှောင်းဖြစ်သွားပြောဖို့ အချိန်ရပါတယ်… "

ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းက ရယ်မောကာ…

"ဟား… ဟား… တစ်ခါတလေမိတ်ဆွေရင်းချာတွေ ပြန်ဆုံတွေ့ရတာ ပျော်စရာကောင်းတယ်ဗျို့… "

ချာယို့ဖုန်းမှာလည်း မငြင်းပယ်နိုင်တော့ပါချေ။

ကျင်းအောင့်လျှိုကိုခေါ်ဆောင်ကာ ကျွန်းဟိုဟောက်နောက်သို့ လိုက်သွားရလေတော့သည်။

❀ ❀ ❀

အခန်း (၁၄)

## သားမက်ရွေးပွဲ

နေဝန်းနီသည် အနောက်ဘက်သို့ တိမ်းစောင်းသွားကာ ညနေဆည်းဆာအချိန်သို့ပင် ရောက်ရှိလာပြီ ဖြစ်သည်။

ကျွန်းဟိုဟောက်၏ခြံဝင်းအတွင်းရှိ မဏ္ဍပ်တွင် ဧည့်ပရိသတ်များ ပြည့်ကျပ်နေသည်။

လက်ဆောင်ပစ္စည်းများလည်း စားပွဲများအပေါ်တွင် တောင်ပုံရာပုံ ပုံနေသည်။

ညနေဆည်းဆာအချိန်ရောက်ပြီဖြစ်၍ ကျွန်းဟိုဟောက်၏ တပည့်များက ခြံဝင်းပတ်လည်တွင် မီးတိုင်များထွန်းညှိစိုက်ထူနေကြသည်။

မဏ္ဍပ်အတွင်း၌ မီးအိမ်များချိတ်ဆွဲပေးကြ၏။ ထွန်းညှိသော မီးတိုင်များ များပြားသဖြင့် နေ့ခင်းဘက်အလား ထိန်ထိန်ညီးနေတော့သည်။ လင်းလင်းရှင်းရှင်းရှိလှသဖြင့် ဧည့်သည်များလည်း စိတ်လက်

www.burmeseclassic.com



ပေါ်ပါးကာ လွန်စွာပျော်ပျော်ရွှင်ရွှင်ရှိပြီး အလွန်စည်ကားနေလေ၏။

ပရိသတ်အားလုံးမှာ ကျန်းဟိုပောက် ထွက်အလာကို စောင့်မျှော်နေကြလေတော့သည်။ ဤသို့ ပရိတ်သတ်က စောင့်နေကြသော်လည်း ကျန်းဟိုပောက်အနေဖြင့်ကမူ သူ့ဧည့်ခန်းထဲ၌ ယခင်က ခင်မင်ရင်းနှီးခဲ့သော မိတ်ဆွေဟောင်းများကို ဧည့်ခံနေလေ၏။

အပြင်ဘက်ခြံဝင်းအတွင်း၌ လူအများစည်ကားနေသော်လည်း ဧည့်ခန်းအတွင်းမှ လူလေးယောက်သာရှိနေ၏။

ထိုလူလေးယောက်မှာ ကျန်းဟိုပောက်၊ ဓားမှဲ့သိုင်းသမား ကွမ်းဟုန်အင်း၊ ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ ဖြစ်ကြသည်။

ချာယို့ဖုန်း၊ ကွမ်းဟုန်အင်းနှင့် ကျန်းဟိုပောက်တို့သည် ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုကာ ရယ်မောရင်း ပွဲကျနေ၏။ ဆယ်နှစ်ကွဲကွာခဲ့သည်ဆိုခြင်းမှာ အချိန်မနည်းလှချေ။

ကျင်းအော့လျှံမှာမူ လူကြီးများ၏ပြောစကားကို ဗဟုသုတအဖြစ် စိတ်ဝင်စားစွာ နားထောင်နေသည်။

သူတို့သည် အနှစ်နှစ်အလလ ကွဲကွာခဲ့သောကြောင့် စကားပြောမကုန်နိုင်ကြပေ။

ညနေဆည်းဆာအချိန်သို့ရောက်မှ ကွမ်းဟုန်အင်းက ကျင်းအော့လျှံကို သတိပြုမိသွားသည်။

ချာယို့ဖုန်းကို ကြည့်ကာ...

"မိတ်ဆွေချာယို့ဖုန်း...ခင်ဗျားတပည့်ကို သိုင်းပညာသင်ကြားပေးထားတယ် မဟုတ်လား..."



ချာယို့ဖုန်းက ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး...

"ဟုတ်ပါတယ်... ကျုပ်ရဲ့တစ်ဦးတည်းသော တပည့်ပေါ့ဗျာ"

ကွမ်းဟုန်အင်းက ဆက်ပြောလိုက်သည်။

"ခင်ဗျား ခြေရာနင်းနိုင်တာပေါ့..."

ချာယို့ဖုန်းက ခေါင်းညိတ်ရင်း...

"ကျုပ်တပည့်က အင်မတန်ကြိုးစားတဲ့ မိန်းကလေးတစ်ယောက်ပါ... ဒါပေမယ့် အတွေ့အကြုံနနယ်သေးတယ်... စိတ်သဘောထားဖြူစင်တယ်... ဒါကြောင့် ကောက်ကျစ်စဉ်းလဲတဲ့ လူယုတ်မာတွေနဲ့တွေ့ရင် မလွယ်ဘူး... သူ့ကိုတစ်ယောက်တည်း လွှတ်ဖို့စိတ်မချသေးလို့ ကျုပ်နဲ့အတူတူ ဗဟုသုတရအောင် ခေါ်လာတာပါ..."

ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းက ထောက်ခံလိုက်သည်။

"ခင်ဗျား လုပ်ရပ်မှန်တယ်ဗျ... လူငယ်တွေဟာ စိတ်သဘောထားဖြူစင်သန့်ရှင်းကြတယ်... ဒါကြောင့် လူယုတ်မာနဲ့တွေ့ရင် ကျိန်းသေအရေးနိမ့်မှာပဲ... လူတိုင်းကို မယုံစားဖို့ သူ့ကိုသင်ပေးရမယ်..."

ချာယို့ဖုန်းက ကျင်းအော့လျှံကိုကြည့်ကာ...

"ကျင်းအော့လျှံ သူပြောတာကြားလား... သမီး သေသေချာချာ မှတ်ထားနော်... လူတိုင်းကိုမယုံကြည်ရဘူးတဲ့... အဲဒါဟာ သိုင်းလောကထဲမှာ မှတ်ထားရမဲ့ သင်ခန်းစာတစ်ပဲ..."

"ဟုတ်ကဲ့ ဆရာ... သမီး မှတ်ထားပါတယ်..."

ကျင်းအော့လျှံက သွက်လက်စွာ ခေါင်းညိတ်လျှင် ကွမ်းဟုန်အင်းက သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်…

ကျင်းအော့လျှံက ချာယို့ဖုန်းကိုကြည့်ကာ…

"ဆရာ… ဟောဒီဦးလေးက ကျွန်မကို သိုင်းပညာသင်ပေးမယ်ဆိုတာကော တကယ်ပဲလား… "

ချာယို့ဖုန်းက ခေါင်းတစ်ချက်ညိတ်ကာ…

"အေး… ဟုတ်တယ်လေ… ဘာလဲ… သမီးက မယုံလို့လား"

ကျင်းအော့လျှံက ပြုံးကာ…

"ဒီကဦးလေးက လူတိုင်းကိုမယုံရဘူးလို့ပြောတယ် မဟုတ်လား… "

ယခုတစ်ကြိမ် ကျန်းဟိုဟောက်လည်း မနေနိုင်တော့ဘဲ ခွက်ထိုးခွက်လန် ရယ်မောလေတော့၏။ အားလုံး အတောမသတ်အောင် ရယ်မိကြသည်။

သူ့စကားနှင့် သူ့ကိုပြန်လည်သဖြင့် ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းမှာလည်း ရယ်မောမဆုံးအောင် ဖြစ်ရတော့သည်။

ကွမ်းဟုန်အင်းက…

"ခင်ဗျားတပည့် မဆိုးဘူးဗျ… ကျုပ်ဆီက သိုင်းပညာမရမှာစိုးရိမ်လို့ ကျုပ်စကားနဲ့ကျုပ်ကို ပြန်ချည်လိုက်တာပဲ… ဟား… ဟား… ဟား… "

ချာယို့ဖုန်းက ပခုံးတွန့်လျက်…

"အင်း… ခင်ဗျား ကျုပ်တပည့်ကို သိုင်းပညာမသင်ပေးလို့မရတော့ဘူး… ခင်ဗျား သင်မပေးဘူးဆိုရင် ကျုပ်တပည့်က ကျုပ်ကို



တောင် ယုံတော့မယ်မထင်ဘူး… ဟား… ဟား… ဟား… "

သူ၏စကားကြောင့် ကျန်လူများက ခွက်ထိုးခွက်လန် ရယ်မောကြလေတော့သည်။

အတန်ကြာမှ ကွမ်းဟုန်အင်းက ကျင်းအော့လျှံကို စေ့စေ့ကြည့်ကာ…

"မင်းဆရာက မင်းကို သိုင်းပညာသင်ပေးတယ် မဟုတ်လား"

ကျင်းအော့လျှံက ခေါင်းညိတ်ပြလိုက်ပြီး…

"ဟုတ်ကဲ့… သင်ပေးပါတယ်… "

"ဒါဆိုရင် လုံလောက်ပြီ… ကျုပ် သင်ပေးစရာမလိုတော့ဘူး… ဒါပေမယ့် ကျုပ်ပြောခဲ့တဲ့ စကားအရ မင်းကို ပညာတစ်ခုသင်ပေးမယ်"

ကျင်းအော့လျှံသည် ဝမ်းသာအားရဖြင့် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး ဂါရဝပြုလေ၏။

"ကျွန်မကို သင်ပေးမယ်ဆိုရင် ဦးရဲ့ကျေးဇူးကိုမမေ့ပါဘူး"

ကွမ်းဟုန်အင်းက ခေါင်းတစ်ချက်ညိတ်ကာ…

"အေး… ကျုပ်က မင်းကိုထူးခြားတဲ့ပညာသုံးမျိုး သင်ပေးမယ်… "

ကျင်းအော့လျှံက စိတ်ဝင်စားစွာ နားထောင်နေသည်။

ကွမ်းဟုန်အင်းက သိုင်းလောကအတွင်းရှိ အနက်ရောင်သိုင်းသမားများ အသုံးပြုတတ်သော မေ့ဆေးခတ်ပညာ၊ အဆိပ်ခတ်ပညာနှင့် ဒဏ်ရာရလျှင် ကုသပုံ ကုသနည်းများကို အသေးစိတ်ပြောပြကာ သင်ကြားပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုပညာရပ်များတတ်မြောက်သွားမှသာလျှင် ရန်သူ၏အဆိပ်ခတ်ခြင်း၊ မှော်ဆေးခတ်ခြင်းကို ကြိုတင်သိမြင်ကာ ရှောင်တိမ်းနိုင်မည်ဖြစ်ကြောင်းလည်း ရှင်းပြ၏။ ကွမ်းဟုန်အင်းသည် သူ့ကတိစကားအတိုင်း ကတိတည်ခဲ့သည်။

အနက်ရောင်သိုင်းသမားတို့ အသုံးပြုတတ်သော မှော်ဆေးများ၊ အဆိပ်များ၏ အစွမ်းအာနိသင်၊ အရောင်အဆင်း၊ အနံ့အရသာကိုပါ စုံလင်စွာ ပြောပြသည်။ ကျင်းအောင့်လျှံအတွက် အလွန်တန်ဖိုးရှိသော ပညာများ ဖြစ်သည်။

ကျင်းအောင့်လျှံအတွက် အလွန်မှတ်သားဖွယ် ကောင်းနေ၏။

ထို့အပြင်...

ဒဏ်ရာရရှိလာလျှင် မည်သို့မည်ပုံကုသရမည့်အကြောင်း၊ ဆေးဘက်ဝင်သော ဘာယဆေးပင်များအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောပြသည်။

ကျင်းအောင့်လျှံမှာ တစ်လုံးမကျန် သေချာစွာမှတ်သားထားသည်။ သူမသည် အလွန်ဉာဏ်ကောင်းသူဖြစ်၍ ကွမ်းဟုန်အင်း ပြောသမျှ အကုန်လောက်နီးနီး မှတ်မိလေ၏။

အမှန်စင်စစ်...

ဓားမှဲ့သိုင်းသမားကွမ်းဟုန်အင်းသည် သမားတော်တစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

တစ်ဆက်တည်းပင် အဆိပ်မိလျှင် မှော်ဆေးမိလျှင် မည်သို့မည်ပုံကုသရမည်တို့လည်းကောင်း အဆိပ်နှင့်မှော်ဆေးကိုမည်သို့ကာကွယ်ရမည်ကိုလည်းကောင်း ပြောပြပြန်သည်။



ကွမ်းဟုန်အင်း၏စကားအဆုံးတွင် ကျင်းအောင့်လျှံမှာ ကြမ်းပြင်ပေါ်တွင် ဒူးထောက်ကာ အကြိမ်ကြိမ်ဂါရဝပြုလေ၏။

"ကျွန်မကို အခုလို သင်ကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဦးရှင်..."

ကွမ်းဟုန်အင်းက သူ့အား ဖေးမရင်း...

"မင်းဟာ တစ်ချိန်မှာ အများကောင်းကျိုးဆောင်ရွက်နိုင်တဲ့ လူတစ်ယောက်ဖြစ်သွားမယ်ဆိုရင်... ကျုပ် သင်ပေးရကျိုးနပ်ပါပြီ..."

ကျင်းအောင့်လျှံက ခေါင်းညိတ်လိုက်ပြီး...

"စိတ်ချပါဦး... ကျွန်မ အများအတွက် အမိကထားဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်..."

ကွမ်းဟုန်အင်းနှင့် ကျင်းအောင့်လျှံတို့ကိုကြည့်ကာ ကျန်းဟိုပေါက်လည်း အားကျလာ၏။

ချာယို့ဖုန်းကိုကြည့်ရင်း...

"ကဲ... မိတ်ဆွေ... ခင်ဗျားသဘောတူတယ်ဆိုရင် ခင်ဗျားတပည့်ကို ကျုပ်က ဓားကွက်သုံးကွက်လောက် သင်ပေးချင်တယ်..."

မမျှော်လင့်သောစကားကြားရလျှင် ချာယို့ဖုန်းက မျက်လုံးပြူးကျယ်သွားလေသည်။

ကျန်းဟိုပေါက်ကို မယုံကြည်နိုင်စွာကြည့်ရင်း...

"ခင်ဗျား တကယ်ပြောတာလားဗျ..."

ကျန်းဟိုပေါက်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့..."

"ဟာ... ဝမ်းသာစရာပဲဗျို့..."

ချာယို့ဖုန်းမှာ အမှန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။

ကျန်းဟိုဟောက်သည် သိုင်းလောကတွင် ကျော်ကြားရသည်မှာ "ဓားပညာ" ဖြစ်သည်။ ဓားနှင့်ကျော်ကြားသူက ဓားကွက်သုံးကွက်သင်ပေးမည်ဆိုသောအခါ ချာယို့ဖုန်း ဝမ်းမသာဘဲ အဘယ်မှာလျှင် ရှိအံ့တော့နည်း။

ကျန်းဟိုဟောက်၏ဓားပညာသည် အခြားဓားသမားများနှင့် မတူဘဲ တမူထူးခြားနေ၏။

ကျန်းဟိုဟောက်ထံမှ ဓားသိုင်းပညာသင်ကြားရလျှင် အတွေ့အကြုံနနယ်သော်လည်း စွန်ပေ့ကျိုကဲ့သို့သော လူစားမျိုးကို အလွယ်တကူအနိုင်ရလိမ့်မည်ဟု ချာယို့ဖုန်းက ယုံကြည်မိသည်။

"ငါတပည့် ကြားတယ်မဟုတ်လား..."

ကျင်းအော့လျှံက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်ကဲ့... ကြားပါတယ် ဆရာ..."

ချာယို့ဖုန်းက ကျန်းဟိုဟောက်ကို လှမ်းကြည့်လိုက်ပြီး...

"သမီး... သူ့ဆီက ဓားသိုင်းမသင်ချင်ဘူးလား..."

ကျင်းအော့လျှံက...

"ဆရာခွင့်ပြုမယ်ဆိုရင် သင်ချင်ပါတယ်ရှင်..."

သိုင်းလောက၌ အမြဲတမ်းလေးစားလိုက်နာရသော စည်းမျဉ်းတစ်ခုရှိသည်။ ဤသည်မှာ ဆရာတစ်ယောက်တည်းသာ ရှိရမည်ဆိုသော အချက်တည်း။ ထိုဆရာက ခွင့်မပြုလျှင် နောက်ထပ်ဆရာတစ်ဦးဦးထံ၌ မည်သို့မျှ ပညာသင်ရန် မရချေ။ ထိုအချက်ကို ကျင်းအော့လျှံ သိသည်။ ကျန်းဟိုဟောက်က ပညာသင်ပေးမည်ဆိုသောအခါ သူမ အလွန်ဝမ်းသာသော်လည်း ထိုဝမ်းသာမှုကို ဖုတ်မပြောနိုင်ချေ။



ဆရာ့အခြေအနေ၊ ဆရာ့မျက်နှာကိုကြည့်ရသည်။ ချာယို့ဖုန်းက လှမ်းပြောသောအခါမှ ကျင်းအော့လျှံသည် ဆရာ့ခွင့်ပြုချက်ကို တောင်းခံလိုက်ရလေ၏။

"ကောင်းပြီ... ကျုပ် ခွင့်ပြုတယ်... သမီးက သူ့ကို ကျေးဇူးတင်တဲ့အကြောင်း ပြောလိုက်ပါ..."

ကျင်းအော့လျှံက ကျန်းဟိုဟောက်အား လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး...

"ကျွန်မကို ဓားသိုင်းသင်ပေးမယ့်အတွက် ကျေးဇူးတင်ပါတယ်..."

ကျန်းဟိုဟောက်လည်း ကျင်းအော့လျှံကို နှစ်သက်သဘောကျမိလေသည်။

ကျင်းအော့လျှံကို စိုက်ကြည့်ရင်း...

"မင်း ဓားသိုင်းသင်ခဲ့ဖူးတယ် မဟုတ်လား..."

ကျင်းအော့လျှံက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်ကဲ့... သင်ခဲ့ဖူးပါတယ်..."

ကျန်းဟိုဟောက်က ဆက်ပြောလိုက်သည်။

"အေး... ကျုပ်ဆီက ဓားကွက်သုံးကွက်သင်ယူတဲ့အခါမှာ

www.burmeseclassic.com

www.burmeseclassic.com



အခြားစားပညာတွေကို ခဏမေ့ထားရမယ်... ဒါမှ ကျုပ်ရဲ့ဓားကွက် သုံးကွက်အပေါ်မှာ အာရုံရောက်လာလိမ့်မယ်... "

ကျောင်းအောင်လှကြ ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့... ကျွန်မ ကြိုးစားပါ့မယ်... "

"ကောင်းပြီ... ကျုပ်သိုင်းကွက်ကစပြမယ်... မင်း ကြည့်နေပါ... "

ပြောပြီးလျှင် နံရံပေါ်တွင် ချိတ်ထားသော ဓားတစ်ချောင်းကို ဖြုတ်ယူလိုက်သည်။

ထို့နောက်...

အခန်းအလယ်တွင် ကာစားကွက်ကို ပြသသည်။

ကျန်းဟိုဟောက်၏ ဓားကွက်များမှာ အခြားဓားသိုင်းနှင့်မတူဘဲ အရှေးလျင်မြန်ဖျတ်လတ်လှသည်။

မိမိ၏အသက်အန္တရာယ်ကို မမှုဘဲ ရန်သူကိုအလဲထိုးတိုက်ခိုက်ရန် ရည်ရွယ်ပုံရသည်။

ထို့အပြင်...

လှုပ်ရှားမှုမြန်ဆန်လွန်းသောကြောင့် ဓားတစ်လက်တည်း ကိုင်ဆောင်ထားသော်လည်း ဓားသုံးလက်ဖြင့် တိုက်ခိုက်နေသည်ဟု ထင်ရ၏။

ကျောင်းအောင်လှ လွန်စွာ သဘောကျသွားလေသည်။ သူမသည် သိုင်းပညာဗျူဟာမှု အလွန်တတ်မြောက်လိုသူ ဖြစ်သည်။ သိုင်းပညာ ဆာလောင်မွတ်သိပ်နေသူတစ်ဦး ဖြစ်သည်။



ကျန်းဟိုဟောက်က ပြုံးကာ...

"ကျုပ် ဖြည်းဖြည်းလေ့ကျင့်ပြမယ်... မင်း သေသေချာချာ ကြည့်ထားပါ... အချိန်ရတိုင်း ကျုပ်သင်ပေးတဲ့ဓားကွက်ကို လေ့ကျင့်ပေါ့... ဓားကွက်သုံးကွက်စလုံး အသုံးချနိုင်ရင် မင်းဟာ တော်ရုံတန်ရုံ ဓားသမားတစ်ယောက်ကို မှုစရာမလိုတော့ဘူး... "

သူသည် ပြောရင်း ဒုတိယအကြိမ် ထပ်မံပြသပြန်လေသည်။ ဤတစ်ကြိမ်တွင်တော့ ဖြည်းညှင်းစွာ ပြသသည်။

ပထမအကြိမ် လျင်မြန်လွန်းလှသောကြောင့် ကျောင်းအောင်လှက ကောင်းစွာ မမှတ်မိသော်လည်း ဒုတိယအကြိမ်တွင်မူ သေသေချာချာ မှတ်မိသွား၏။

ဓားမဲ့သိုင်းသမားကွမ်းဟုန်အင်းနှင့် ကျန်းဟိုဟောက်တို့ သိုင်းပညာသင်ကြားပေးနေသောကြောင့် အချိန်များ ကုန်ဆုံးသွားသည်ကိုပင် သတိမပြုမိကြချေ။

သူတို့ သိုင်းပညာသင်ကြားပေးပြီးသောအခါ ညှော်ခံပွဲစတင်ရန် အချိန်အလွန် နီးကပ်နေပြီဖြစ်သည်။

မဏ္ဍပ်ရှေ့တွင် စင်မြင့်တစ်ခုရှိနေပါသည်။

စင်မြင့်ပေါ်၌ မိန်းကလေးများ စောင်းတီးခတ်ကာ ပရိသတ်ကို ဖျော်ဖြေလျက် ရှိသည်။

ညှော်ပရိသတ်များအတွက် လိုလေသေးမရှိ စီစဉ်ပေးထားရာ မွေးနေ့ပွဲသို့ရောက်လာသူတိုင်း စိတ်ကျေနပ်မှုရှိကြသည်။

မိန်းကလေးများ၏ညှော်ခံဖျော်ဖြေရေးအစီအစဉ် ပြီးဆုံးသွား

www.burmeseclassic.com

www.burmeseclassic.com



သောအခါ စင်မြင့်ပေါ်သို့ ကျန်းဟိုဟောက် တက်လာသည်။

သူနှင့်အတူ မိန်းကလေးတစ်ယောက် ပါလာသည်။

ထိုမိန်းကလေးမှာ အသက်ဆယ့်ရှစ်နှစ်ခန့်ရှိပြီး အလွန်လှပချောမောသည်ကို တွေ့မြင်ရသည်။

သူမသည် ကျန်းဟိုဟောက်၏တစ်ဦးတည်းသော သမီး ကျန်းစုစု ဖြစ်လေသည်။

အမှန်စင်စစ်...

ကျန်းဟိုဟောက်၏မွေးနေ့ပွဲသို့ လူအများစည်ကားစွာ တက်ရောက်ကြခြင်းမှာ ကျန်းဟိုဟောက်က သမီးကျန်းစုစုအတွက် သားမက်လောင်း ရွေးချယ်မည်ဟု သတင်းများဖြစ်ပေါ်နေခြင်းကြောင့်ပင် ဖြစ်တော့သည်။

ထို့ကြောင့်...

သိုင်းလောကသား အတော်များများက သူတို့၏တပည့်သားများကို ကျန်းဟိုဟောက်၏သမီး ကျန်းစုစုနှင့်လက်ဆက်ပေးလိုပြီး သားမက်လောင်းရွေးချယ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ရောက်ရှိလာခြင်း ဖြစ်သည်။

စင်မြင့်တစ်ဖက်တွင်မူ ဓားမွဲသိုင်းသမားကွမ်းဟုန်အင်းနှင့် ချာယို့ဖုန်းတို့ ရှိနေကြ၏။

ချာယို့ဖုန်းနှင့်အတူပါလာသော ကျင်းအော့လျှံမှာလည်း ချာယို့ဖုန်းအနီးတွင် ထိုင်နေသည်။

ကျန်းဟိုဟောက်က စင်မြင့်ပေါ်သို့ရောက်လာသည်နှင့်...



"ကြွရောက်လာတဲ့ ဧည့်ပရိသတ်များခင်ဗျား... ဒီကနေ့ဟာ ကျုပ်ရဲ့အသက်ခြောက်ဆယ်ပြည့်တဲ့မွေးနေ့ဖြစ်ပါတယ်... အခွင့်အခါကြုံကြိုက်တုန်း ကျုပ် စကားတစ်ခွန်း ပြောလိုပါတယ်..."

ဧည့်ပရိသတ်များ ငြိမ်သက်သွားကြသည်။

ကျန်းဟိုဟောက် ပြောမည့်စကားများကို နားစွင့်နေကြသည်။

ကျန်းဟိုဟောက်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး စကားဆက်လိုက်၏။

"ကျုပ် အသက်အရွယ်ထောက်လာလို့ သိုင်းလောကမှ အနားယူဖို့ ဆုံးဖြတ်လိုက်ပါပြီ..."

ထိုစကားကြား၍ သိုင်းလောကသားများ ဟာခနဲဖြစ်သွားကြလေတော့သည်။

ကျန်းဟိုဟောက်က လက်ကာပြရင်း...

"ကျုပ်ရဲ့သိုင်းပညာ မတိမ်ကောရလေအောင် ကျုပ်သမီး ကျန်းစုစုကို စနစ်တကျသင်ကြားပေးထားပါတယ်... သူဟာ တာလုကျေးရွာအတွက် ခေါင်းဆောင်နိုင်မယ့် သူနဲ့တန်းတူဦးစီးနိုင်မယ့် ကြင်ဖော်တစ်ဦးလိုနေပါတယ်... ဒါကြောင့် ကျုပ်သမီး ကျန်းစုစုကို လက်ဆက်နိုင်တဲ့လူ မကြာခင်ရွေးချယ်မှာဖြစ်တဲ့အကြောင်း အသိပေးပါတယ် ခင်ဗျာ..."

ပရိသတ်များမှာ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြလေသည်။

အထူးသဖြင့်...

ကျန်းစုစုနှင့်လက်ဆက်နိုင်လျှင် တာလုကျေးရွာ၏ထူးခြား

www.burmeseclassic.com

www.burmeseclassic.com



သော စားကွက်များကို သင်ယူရမည့်အပြင် ဆိုင်းလောကတွင် ထင်ပေါ်ကျော်ကြားသည့် လူတစ်ယောက်နေချင်းညချင်း ဖြစ်လာနိုင်သည် မဟုတ်ပါလော။

ထို့စဉ်...

ကျွန်းဟိုပောက်က တည်ကြည်ခန့်ညားသောလေသံဖြင့်...

"ကျုပ်သားမက်လောင်းရွေးချယ်တဲ့နေရာမှာ ကိုယ့်စိတ်ကြိုက်မရွေးဘဲ ဆိုင်းပညာ လူမှုဆက်ဆံရေး၊ ဓွံသဘ္ဘိ၊ ရိုးသားမှုစတဲ့ အချက်တွေအပေါ် အခြေခံပြီး ရွေးချယ်မှာဖြစ်ပါတယ်... သားမက်လောင်းရွေးပွဲကို မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်... ကျုပ်ရဲ့မွေးနေ့ပွဲပြီးဆုံးသွားပြီးနောက်မှ သားမက်လောင်း ရွေးချယ်ပွဲ ကျင်းပမယ့်နေ့ကို ကြေညာပါ့မယ်..."

သူ၏စကားဆုံးလျှင် လူအများက လက်ခုပ်လက်ဝါးတီးကာ ကောင်းချီးသြဘာ ပေးလိုက်ကြလေသည်။

ကျွန်းဟိုပောက်က ပရိသတ်ကိုဦးညွှတ်ပြီးလျှင် သမီးကျွန်းစုစုအား စင်မြင့်ပေါ်တွင် ဆိုင်းပညာလှေကျင့်ကစားပြစေသည်။

ကျွန်းစုစုမှာ မိန်းကလေးဖြစ်သော်လည်း ထက်မြက်သော စားပညာကို ကျင်လည်စွာ ကစားပြနိုင်ခဲ့၏။ ကျွန်းစုစုအား အထင်သေးပြီး ယှဉ်ပြိုင်သည့် မည်သည့်ဆိုင်းသမားဆို ကောင်းကောင်းခုက္ခဖြစ်သွားပေလိမ့်မည်။

ထို့ကြောင့်...

အများက မချီးမွမ်းဘဲမနေနိုင်ကြတော့ချေ။ ကျွန်းဟိုပောက်



၏သမီးဖြစ်နေခြင်းကြောင့် မဟုတ်ပေ။ တကယ်ရင်ထဲအသည်းထဲက ချီးကျူးမိကြသည်။

ချာယိုမှုန်းနှင့် ကွမ်းဟုန်အင်းတို့လည်း လက်ခုပ်လက်ဝါးတီးကာ ချီးကျူးလိုက်ကြသည်။

ကျွန်းစုစု ဆိုင်းကစား၍ပြီးသွားလျှင် ပရိသတ်များထဲမှ ကျော်ကြားသော ဆိုင်းလောကသားများက စင်မြင့်ပေါ်သို့တက်ကာ တပြုံကျွမ်းသမျှ ဆိုင်းပညာများကို လေ့ကျင့်ကစားပြကြသည်။

ဤသည်မှာ နှစ်စဉ်နှစ်တိုင်းပြုလုပ်နေကျ ကျွန်းဟိုပောက်၏ မွေးနေ့ပွဲ အစဉ်အလာတစ်ရပ် ဖြစ်သည်။

ကျွန်းဟိုပောက် မွေးနေ့ပွဲကို တက်ရောက်မိသောကြောင့် ကျင်းအော့လျိုမှာ ဆိုင်းလောကသားတို့၏ထူးခြားသော ဆိုင်းပညာများကို လေ့လာခွင့်ရခဲ့သည်။ သူမသည် ဆိုင်းလောကအတွေ့အကြုံဗဟုသုတကို ရယူလိုသူ မဟုတ်ပါလော။

ဆိုင်းသမားတစ်ယောက်ပြီးတစ်ယောက် ဆိုင်းလေ့ကျင့်ကစားပြကြသည်။

ဆိုင်းသမားများ ဆိုင်းကစားပြပြီးနောက် အခမ်းအနားမှူးက...

"ဧည့်ပရိသတ်များအတွက် ဂုဏ်ပြုညစာစားပွဲတည်ခင်းပါ့မယ်..."

ကြေညာပြီးလျှင် စည့်ခံကြိုဆိုသူများက အားသောက်ဖွယ်ရာများ ယူဆောင်လာကြသည်။

ဧည့်ပရိသတ်များသည် တစ်ယောက်တစ်ပေါက် ပြောဆိုဝေ

www.burmeseclassic.com

www.burmeseclassic.com



ဖန်ကြရင်း ညစာကို မြိန်ရေယှက်ရေ စားသောက်ကြလေတော့၏။

ညစာစားပွဲတွင် ချာယို့ဖုန်း၊ ကျန်းဟိုဟောက်၊ ကွမ်းဟုန်အင်း၊ ကျင်းအောင်ယွှံ့နှင့် ကျန်းစုစုတို့ စားပွဲတစ်ခုတွင် ဝိုင်းဖွဲ့စားသောက်ကြ၏။

စားသောက်၍ပြီးစီးသောအခါ ကျန်းဟိုဟောက်က အရက်ခွက်များကိုငှဲ၍...

"ကဲ... မိတ်ဆွေတို့... ကျုပ်တို့ မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့တဲ့အတွက် ဂုဏ်ပြုအရက်သောက်ကြပါစို့..."

ပြောပြီး အားလုံးအရက်ခွက်ယူကာ ပြိုင်တူမော့သောက်လိုက်ကြ၏။

ကျန်းဟိုဟောက်က ချာယို့ဖုန်းကိုကြည့်ကာ...

"ခင်ဗျားကို မေးရဦးမယ်... ဒီလောက်တော်တဲ့တပည့်ကို တယ်လိုလုပ်ပြီးရခဲ့တာလဲဗျ..."

ချာယို့ဖုန်းက သက်ပြင်းချလိုက်သည်။

"အမှန်ပြောရရင် ကျုပ်တပည့် မဟုတ်ပါဘူးဗျာ... သိုင်းသမား ယန်ဟင်ဖေးက ရန်သူတွေဝိုင်းနေလို့ သူ့တပည့်ကို ကျုပ်ဆီလာအပ်သွားတာပါ... သူပြန်လာခေါ်တော့ ကျုပ်မလွှတ်တော့ဘဲ တပည့်အဖြစ်လက်ခံပြီး... သိုင်းပညာသင်ပေးလိုက်တယ်လေ... ခင်ဗျားတို့လိုပဲ ကျုပ်လည်း သူ့ကိုသဘောကျမိလို့ဗျ..."

သူ၏စကားဆုံးသောအခါ ကွမ်းဟုန်အင်းနှင့်ကျန်းဟိုဟောက်တို့ ပြိုင်တူ ရယ်မောလိုက်ကြသည်။



ချာယို့ဖုန်းက ကြောင်အမ်းအမ်းဖြစ်သွား၏။

ကွမ်းဟုန်အင်းနှင့် ကျန်းဟိုဟောက်တို့ကို နားမလည်နိုင်စွာကြည့်ကာ...

"ခင်ဗျားတို့ ဘာရယ်ကြတာလဲ..."

ကွမ်းဟုန်အင်းက သက်ပြင်းချလိုက်ပြီး...

"ခင်ဗျား အလိမ်မိသွားပြီဗျ..."

"ဘာ..."

ကွမ်းဟုန်အင်းက ဆက်ပြောလိုက်သည်။

"ယန်ဟင်ဖေးက ခင်ဗျားကို လိမ်သွားတယ်လေ..."

ချာယို့ဖုန်းက မျက်မှောင်ကုတ်ကာ...

"ခင်ဗျားပြောတာ ကျုပ် နားမလည်ပါလား..."

ကွမ်းဟုန်အင်းက ရှင်းပြလေသည်။

"ယန်ဟင်ဖေးက မိတ်ဆွေပေါ်စေတဲ့လူတစ်ယောက်ပဲ... သူ့မှာ ရန်သူတွေဝိုင်းနေတယ်ဆိုရင်... သူ့တပည့်ကို တခြားမိတ်ဆွေတစ်ယောက်ယောက်ဆီမှာ ခဏအပ်ထားမှာပေါ့... အခုတော့ ခင်ဗျားဆီက သိုင်းပညာသင်ယူနိုင်ဖို့ တမင်သက်သက်အကွက်ဆင်ပြီး ခင်ဗျားဆီပို့လိုက်တာဖြစ်ရမယ်..."

ယခုမှ ချာယို့ဖုန်းက သဘောပေါက်လာလေတော့သည်။

"ဟုတ်ပေသားပဲ... ခင်ဗျားပြောမှ ကျုပ်သဘောပေါက်တော့တယ်..."

ချာယို့ဖုန်း၏မျက်နှာနီရဲလာသည်။

www.burmeseclassic.com

"ခင်ဗျားတို့ပြောမှ ကျုပ်သိရတော့တယ်… ကျုပ် အလိမ်ခံလိုက်ရတာပေါ့… လာပေစေဦး… ဒီလူကို ကျုပ်ကောင်းကောင်းအပြစ်ပြောလိုက်ဦးမယ်… "

ကွမ်းဟုန်အင်းက လက်ကာပြလိုက်ပြီး…

"သူ့ကို အပြစ်တင်လို့မဖြစ်ဘူး… "

ချာယို့ဖုန်းက မျက်မှောင်ကုတ်လိုက်ပြီး…

"ဘာဖြစ်လို့လဲ… "

"တော်ကြာ… သူက သူ့တပည့်ကိုပြန်ခေါ်သွားရင် ဘယ်လိုလုပ်မလဲ… "

ချာယို့ဖုန်းက မျက်လုံးပြူးသွားကာ…

"ဟုတ်တယ်ဗျို့… ကျုပ်တော့ သူ့နောက်ပြန်မထည့်နိုင်ဘူး… သူနဲ့မတွေ့အောင်ရှောင်မှဖြစ်မယ်… ဟား… ဟား… ဟား… "

ကွမ်းဟုန်အင်းနှင့် ကျန်းဟိုဟောက်တို့လည်း မနေနိုင်ဘဲ ရယ်မောလိုက်ကြလေတော့သည်။ သူတို့၏တွေ့ဆုံပွဲကား တကယ့်ပျော်စရာကလေးဖြစ်သွားသည်။ ရယ်မောသံများ သောသောညံနေတော့သည်။

ဤသို့ကြီးကျယ်စွာ ညှိခံခဲ့သောမွေးနေ့ပွဲကြီးကား ပြီးဆုံးသွားခဲ့ချေပြီ။

ရပ်ဝေးမှလာသော ဧည့်သည်များမှအပ ဧည့်သည်အများစု ပြန်သွားကြချေပြီ။

ကျန်းဟိုဟောက်နှင့် အဖွေ့နခင်မင်ရင်းနှီးသော မိတ်ဆွေအချို့သာ တာလုကျေးရွာတွင် ကျန်ရစ်ခဲ့ကြသည်။



ကျန်းဟိုဟောက်က ဧည့်သည်များကို [illegible] ညှိခံသည်။

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ကိုလည်း မပြန်ရန် [illegible] ထား၏။

သို့သော်…

သူတို့သည် ခရီးဆက်ရန်ရှိသေးသောကြောင့် တာလုကျေးရွာတွင် မနေတော့ဘဲ ခရီးဆက်ခဲ့ကြလေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

## အခန်း (၁၅)
## တည်းခိုခန်းဓားပြ

ရာသီဥတုကြည်လင်သာယာနေ၏။

ခရီးသည်များ၊ ကုန်သည်များအတွက် သွားလာလှုပ်ရှားရောင်းဝယ်ဖောက်ကားရန် အကောင်းဆုံးအချိန်ဖြစ်သည်။

ချာယို့ဖုန်းနှင့် ကျင်းအော့လျုံတို့ မြင်းကိုယ်စီဖြင့် တောင်ပိုင်းသို့ဦးတည်လာခဲ့ကြသည်။ သူတို့၏ခရီးစဉ်မှာ လွန်စွာဖြောင့်ဖြူးလှ၏။ ဓားပြဗွန့်ဇေ့ကျိုတစ်ယောက်မှတစ်ပါး အခြားမည်သူမျှအနှောင့်အယှက်မပေးကြချေ။

လမ်းတစ်လျှောက် ပတ်ဝန်းကျင်ရှုမျှော်ခင်းများ သာယာလှပနေသည့်အမြင် ကြည်နူးဖွယ်ကောင်းလှသောကြောင့် စိတ်ချမ်းမြေ့ပျော်ရွှင်နေကြရသည်။



ဤသို့ဖြင့်...

တာလုကျေးရွာမှ ထွက်လာပြီး သုံးရက်တိုင်တိုင် မရပ်မနားခရီးဆက်ခဲ့ကြသည်။ အနှောင့်အယှက်မရှိခြင်းမှာ ခရီးကို အဆက်မပြတ်သွားနိုင်ခြင်းပင် ဖြစ်တော့သည်။

လေးရက်မြောက်သောနေ့တွင် မိုးကောင်းကင်ပေါ်၌ မိုးသားတိမ်လိပ်များ အစုလိုက် အဝေးလိုက် တက်လာသည်ကို တွေ့ရ၏။

မိုးခြိမ်းသံများလည်း ထွက်ပေါ်လာသည်။

တိုက်ခတ်နေသော လေမှာလည်း တဖြည်းဖြည်းကြမ်းတမ်းလာပြီး အေးစိမ့်လာသည်။ မိုးရွာတော့မည့်အရိပ်အယောင်ပေတည်း။

ချာယို့ဖုန်းက ကောင်းကင်ပေါ်သို့မော့ကြည့်လိုက်ပြီး...

"မကြာခင် မိုးရွာလိမ့်မယ်... တို့တစ်နေရာရာမှာ မိုးခိုမှဖြစ်မယ်... "

သူတို့မိုးခိုစရာ နေရာရှာရန် မြင်းကိုဒုန်းစိုင်းလာခဲ့ကြသည်။

မကြာမီ...

သူတို့သည် လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်လာကြ၏။

လမ်းဆုံလမ်းခွ၏ တစ်ဖက်ထိပ်တွင် တည်းခိုခန်းတစ်ခုရှိနေသည်ကိုလည်း တွေ့လိုက်ရသည်။

ချာယို့ဖုန်းက ထိုတည်းခိုခန်းအား လက်ညှိုးညွှန်ပြကာ...

"တို့ ဟိုမှာတည်းခိုကြမယ်... "

ထိုစဉ်...

မိုးခြိမ်းသံတစ်ချက် ထွက်ပေါ်လာပြီး မိုးသည်းသည်းထန်

www.burmeseclassic.com

www.burmeseclassic.com



ထန်ရှာသွန်းလာလေတော့သည်။ မိုးက သွန်ချသလို သဲသဲမဲမဲရွာသည်။

ထိုအခါ...

ကျင်းအောလျှံတို့ ရှေ့ဆက်သွားကြရန် မဖြစ်နိုင်တော့ချေ။

ထို့ကြောင့်...

တည်းခိုခန်းဆီသို့ အလျှင်အမြန်ဒုန်းစိုင်းသွားပြီး ဝင်ရောက်ရပ်နားတည်းခိုလိုက်ရလေတော့သည်။

တည်းခိုခန်းမှာ ဟောင်းနွမ်းစုတ်ချာသော ဘည်းခိုခန်းတစ်ခုဖြစ်၏။

လာရောက်တည်းခိုသော ဧည့်သည်နည်းပါးလှသည့်အတွက် ကျင်းအောလျှံတို့အတွက် အခန်းများလွယ်ကူစွာ ရရှိခဲ့သည်။

တည်းခိုခန်းပိုင်ရှင်မှာ မျက်နှာပေါ်တွင် ကျောက်ဝေါက်ရာအမာရွတ်များရှိပြီး စကားနည်းသူတစ်ယောက်ဖြစ်သည်။

အေးစက်စက်ထန်သော မျက်နှာထားနှင့် ဆိုင်လုလင်သုံးလေးယောက်ရှိသည်ကိုလည်း တွေ့ရ၏။

ချာယို့ဖုန်းနှင့် ကျင်းအောလျှံတို့ကလည်း တည်းခိုခန်းပိုင်ရှင်နှင့် ဆိုင်လုလင်များကို သဘောမကျချေ။

သို့သော်...

ရှေ့ဆက်သွား၍ မဖြစ်နိုင်သောကြောင့် တည်းခိုလိုက်ရခြင်းဖြစ်သည်။

မိုးထဲရေထဲ ခရီးဆက်လျှင် ဖျားနာ၍ ဒုက္ခရောက်ချင်ရောက်မည်။ ခရီးလမ်း၌ ဒုက္ခရောက်ချင်ရောက်မည်။ သူတို့ တည်းခိုခန်းသို့



ရောက်ပြီး မကြာမီမှာပင် မိုးမှောင်ကြီးကျလာလေ၏။

မိုးသက်လေပြင်းများ တိုက်ခတ်နေသဖြင့် စောစောမိုးချုပ်သည်ဟု ထင်ရသည်။ အမှန်တော့ မိုးမှောင်ကြီးကျခြင်းသာ။

ညစာစားသောက်ပြီးလျှင် ချာယို့ဖုန်းနှင့် ကျင်းအောလျှံတို့သည် အခန်းတစ်ခုတွင် စကားပြောနေကြ၏။ အပြင်၌ကား မိုးကြီးသည်းထန်စွာ ရွာနေ၏။

"ဆရာ..."

"ဘာလဲ... တည်းခိုခန်းပိုင်ရှင်အကြောင်း ပြောမလို့မဟုတ်လား..."

ကျင်းအောလျှံက ခေါင်းညိတ်ကာ...

"ဟုတ်တယ် ဆရာ... သူ့ကိုကြည့်ရတာ တစ်မျိုးကြီးပဲနော်... လူဆိုးတစ်ယောက်ဖြစ်မယ်ထင်တယ်..."

ချာယို့ဖုန်းက တည်ကြည်သောမျက်နှာထားဖြင့်...

"သမီး ပြောတာမှန်တယ်... သူဟာ ဓားပြတစ်ယောက်ဖြစ်နိုင်တယ်... လူသူမနီးတဲ့နေရာမှာ တည်းခိုခန်းဖွင့်ထားပြီး ရောက်လာတဲ့ခရီးသွားတွေဆီက လုယက်ယူနေပုံရတယ်..."

ချာယို့ဖုန်းသည် သိုင်းလောက၌ ကျင်လည်ခဲ့သည်မှာ နှစ်ပေါင်းများလှလေပြီ။ လူသူအသွားအလာဖြတ်သောနေရာ၌ တည်းခိုခန်း ဖွင့်ထားသည်မှာ နည်းလမ်းမမှန်ဟု ယုံကြည်ထားသည်။ တည်းခိုခန်း ပိုင်ရှင်၏အမူအရာသည် အကဲမရဟုလည်း သူအကဲခတ်သည်။

ကျင်းအောလျှံက ထိတ်လန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ... သူ ကျွန်မတို့ကိုလည်း ချမ်းသာပေးမှာမဟုတ်ဘူး ထင်တယ်..."

ချာယို့ဖုန်းက သက်ပြင်းချလိုက်ပြီး...

"မပူပါနဲ့ကွာ... ဘာဘတို့တွေ သိုင်းပညာတတ်သားပဲ... မတရားစော်ကားလာရင် ပြန်ပြီးတိုက်ခိုက်ကြတာပေါ့... ကဲ... သမီးလည်း သတိဝီရိယနဲ့နေ... ဘာဘ အခန်းပြန်လိုက်ဦးမယ်..."

ထို့နောက်...

ချာယို့ဖုန်းသည် သူ၏အခန်းသို့ပြန်သွားသည်။

ကျင်းအော့လျှံသည် အိပ်ရာဘေးတွင် ဓားများဆောင်ထားကာ သတိဝီရိယဖြင့် အိပ်စက်လိုက်၏။

ခရီးပန်းလာသောကြောင့် တခဏအကြာတွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေတော့သည်။

❀ ❀ ❀

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

သည်းထန်စွာ ရွာသွန်းနေသော မိုးလည်း တိတ်သွားချေပြီ။

ကောင်းကင်ပေါ်တွင် မိုးသားတိမ်လိပ်များ ကင်းစင်သွားပြီး လခြမ်းမွဲကလေး ထွက်ပေါ်နေသည်ကိုပင် တွေ့ရ၏။

ညဥ့်နက်ပြီဖြစ်သောကြောင့် တစ်ခါတစ်ရံ ညဥ့်ငှက်အော်သံများ စူးစူးဝါးဝါး ထွက်ပေါ်လာသည်ကို ကြားကြရသည်။

"ဂစ်..."



တည်းခိုခန်းအနီးမှ ဖြတ်ကာ ပျံသန်းသွားသော ညဥ့်ငှက်တစ်ကောင်အော်သံမြည်သံစူးရှစွာ ထွက်ပေါ်လာသည်။

အိပ်မော ကျနေသော ကျင်းအော့လျှံမှာ အိပ်ပျော်နေရာမှ ဆတ်ခနဲ လန့်နိုးလာ၏။

မိုးတိတ်သွားပြီဖြစ်၍ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေရာ သူမ၏စိတ်ထဲတွင် ခြောက်ကပ်ကပ်နိုင်လှသည်ဟု ထင်မိ၏။

အိပ်ရာထက်မှထကာ အပြင်ဘက်သို့အကဲခတ်ကြည့်လိုစိတ်လည်း ဖြစ်ပေါ်လာ၏။

သူမ ထမည်အပြုတွင် အခန်း၏ပြတင်းပေါက်တစ်ချပ် ပွင့်နေသည်ကို အမှတ်မထင် တွေ့လိုက်ရသည်။

ကျင်းအော့လျှံက မျက်မှောင်ကြုတ်သွားသည်။

ပြတင်းပေါက်တံခါးကို သူမ သေသေချာချာပိတ်ထားခဲ့သည် မဟုတ်ပါလား။

ထိုစဉ်...

အခန်းတွင်းလှုပ်ရှားသွားသော လူရိပ်တစ်ခုကို တွေ့လိုက်ရပြန်သည်။

ကျင်းအော့လျှံက မနေနိုင်တော့ချေ။

အခန်းတွင်း၌ ရန်သူရောက်ရှိနေပြီ မဟုတ်ပါလား။

"ဘယ်သူလဲ..."

အော်ဟစ်မေးမြန်းရင်း အိပ်ရာထက်မှ ခုန်ထလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအခါ…

မြတင်းပေါက်မှ တိုးဝင်လာသော လရောင်ကြောင့် အခန်းတွင်းသို့ ရောက်နေသူမှာ ဆိုင်လုလင်တစ်ယောက်ဖြစ်သည် “သွားပဲ”…ရလေ၏။

ဆိုင်လုလင်၏လက်ထဲတွင် ဝင်းလက်တောက်ပြောင်သော ဓားတစ်လက်ကို ကိုင်ဆောင်ထား၏။

ကျင်းအော့လျှို နိုးလာသည်ကိုတွေ့လျှင် ဆိုင်လုလင်က အေးစက်သောလေသံဖြင့်…

“လှုပ်လှုပ်ရှားရှားမလုပ်နဲ့… မင်း သေသွားမယ်…”

ကျင်းအော့လျှံက တဟင်းဟင်းရယ်လိုက်သည်။ သူမ မကြောက်ချေ။

“ဟင်း… ဟင်း… ဟင်း… ဘယ်သူများလဲလို့… မင်းက ဒီဆိုင်က ဆိုင်လုလင်မဟုတ်လား… ဘာလာလုပ်တာလဲ…”

ဆိုင်လုလင်က ရယ်မောလိုက်ပြီး…

“မင်းတို့ကို ဓားပြတိုက်တာပေ့ါ… ကဲ… ရှင်းပြီလား… ပါတဲ့ ငွေနဲ့ပစ္စည်းတွေကို အေးအေးဆေးဆေးပေးစမ်း…”

ကျင်းအော့လျှံက မထီတရီဖြင့်…

“ငါက ထုတ်မပေးရင်ကော…”

“ခင်ဗျား သေသွားမှာပေ့ါ… ကျုပ်ဓားက မျက်စိမပါဘူး…”

ကျင်းအော့လျှံက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး…



“ကောင်းပြီ… ငါ့ကို သတ်လို့ရမှ ပစ္စည်းတွေရနိုင်မယ်…”

ဆိုင်လုလင်က ဒေါသတကြီးဖြင့် အော်လိုက်၏။

“အောင်မယ်… တော်တော်ခေါင်းမာတဲ့ကောင်မပါလား… သေမေတော့… နင့်ကို ရဲပြည်ပို့မယ်…”

ပြောရင်း ကျင်းအော့လျှံထံ ခုန်အုပ်တိုက်ခိုက်လိုက်လေ၏။

ကျင်းအော့လျှံက အသာအရာ ရှောင်တိမ်းကာ ခြေထောက်ဖြင့် ကန်ထုတ်လိုက်သည်။

ဆိုင်လုလင်၏သိုင်းပညာသည် သူမထက်နိမ့်ကျနေပါသည်။ သူမ လျင်မြန်စွာ တိုက်ခိုက်လိုက်သောအခါ ရှောင်တိမ်းနိုင်စွမ်းမရှိဘဲ…

“စွန်း…”

အနောက်ဘက်သို့ လွင့်စဉ်သွားလေ၏။

ကျင်းအော့လျှံက ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ် ဆိုင်လုလင် လူးလိမ့်ထကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်ပြေးသွားလေတော့၏။

“မပြေးနဲ့…”

ကျင်းအော့လျှံက ကျယ်လောင်စွာ အော်ငေါက်လျက် နောက်မှပြေးလိုက်သွား၏။

အခန်းတွင်းမှ ဆူဆူညံညံအသံများကြောင့် ချာယိုဖုန်းသည် လန့်နိုးသွားလေတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင် ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ပြေးထွက်သွား၏။

ကျင်းအော့လျှံကလည်း နောက်မှလိုက်သွားသည်။

အပြင်ဘက်သို့ရောက်လျှင် ဆိုင်လုလင်က ခြေလှမ်းရပ်တန့်လိုက်၏။

ထို့နောက်...

ဓားဖွေ့ယမ်းပြလိုက်လျှင် အမှောင်ရိပ်အတွင်းမှ လူဆယ်ယောက်ခန့် ပြေးထွက်လာပြီး ကျင်းအော့လျှံအား ဝန်းရံထားလိုက်ကြ၏။

ကျင်းအော့လျှံက မျက်မှောင်ကုတ်သွား၏။

ဤနေရာမှာ တည်းခိုခန်းဟန်ပြဖွင့်လှစ်ထားသော ဓားပြတို့ စုဝေးသည့်နေရာတစ်ခု ဖြစ်နေသည်ကို သူမ သိရှိလိုက်ရပြီ မဟုတ်ပါလား။

ဆိုင်လုလင်က ကျင်းအော့လျှံကို လက်ညှိုးညွှန်ပြ၏။

"သူ့ကို ဝိုင်းတိုက်ကြ... "

သူ၏အော်သံအဆုံးတွင် ကျန်လူများက ဓားကိုယ်စီဆွဲထုတ်လိုက်ကြသည်။



ကျင်းအော့လျှံက မဲ့ပြုံးပြုံးကာ...

"ရှင်တို့ တော်တော်အတင့်ရဲတဲ့ဓားပြတွေပါလား... အခုနေထွက်သွားရင် ချမ်းသာပေးလိုက်မယ်... နောင်ကျမှတော့ ရှင်တို့ကို ခွင့်လွှတ်မယ်မထင်နဲ့... "

ဓားပြများ တဟားဟားရယ်မောလိုက်ကြ၏။

ဓားပြတစ်ယောက်က ခက်ထန်သောလေသံဖြင့်...

"စကားရှည်လိုက်တာ... သူ့ကိုဝိုင်းဆုံးမကြဟေ့... "

သူသည် ပြောပြီးသည်နှင့် ဓားကိုင်ကာ ရှေ့ဆုံးမှပြေးဝင်တိုက်ခိုက်လိုက်သည်။

တစ်ယောက်က စလိုက်လျှင် ကျန်လူများလည်း ဓားကိုယ်စီနှင့် ဝင်၍ တိုက်ခိုက်လိုက်ကြ၏။

ကျင်းအော့လျှံလည်း တိုက်ပွဲကိုရှောင်လွှဲ၍ မရမှန်း သဘောပေါက်လိုက်၏။

ထို့ကြောင့်...

သတိကြီးစွာထားရင်း ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

ကျင်းအော့လျှံမှာ ထိပ်တန်းသိုင်းသမားများထံမှ သိုင်းပညာသင်ကြားထားသူဖြစ်သည်။

သို့သော်...

သူမ ကြုံတွေ့ရသော ဓားပြများမှာ လူစုလူဝေးနှင့်တိုက်ခိုက်

လာခြင်းဖြစ်သည်။ သို့သော် ယခုကဲ့သို့ အစုအဝေးဖြင့် တစ်ကြိမ်တစ်ခါမျှ မတိုက်ခိုက်ခဲ့ဖူးချေ။

ကျင်းအောလျှံမှာ လူအများဖြင့် ဝိုင်းဝန်းတိုက်ခိုက်ခြင်းခံရသောကြောင့် အနည်းငယ်ထိတ်လန့်နေမိသည်။

ရုတ်တရက်...

ပြန်လည်တိုက်ခိုက်နိုင်ခြင်းမရှိဘဲ ရှောင်တိမ်းခုခံနေရ၏။

အတန်ကြာတိုက်ခိုက်ပြီးသော်လည်း ဓားပြများ သူ့မအားအနိုင်မတိုက်နိုင်သဖြင့် ကျင်းအောလျှံ အားတက်လာ၏။

ကျင်းအောလျှံသည် လက်နက်ပုန်းများကို နှိုက်ယူကာ ပစ်လွှင့်လိုက်၏။

လရောင်ဖြင့် ဝင်းလက်သော အလင်းရောင်တန်းကလေးများ ထွက်ပေါ်လာသည်။

"အား... "

"အွန်း... "

"အမယ်လေး... "

စူးရှသော အော်ဟစ်လိုက်သောအသံများ ထွက်ပေါ်လာပြီး ဓားပြလေးငါးယောက် မြေပေါ်သို့ လဲကျသွားလေသည်။

ကျန်ဓားပြများမှာလည်း ရုတ်တရက် မတိုက်ဝံ့ကြဘဲ ကြောင်အမ်းအမ်းဖြစ်နေကြ၏။

ထိုစဉ်မှာပင်...



"ကျင်းအောလျှံ တာမှမပူနဲ့... ဘဘ လာပြီ... "

စကားသံနှင့်အတူ တည်းခိုခန်းထဲမှ လူရိပ်တစ်ခု ခုန်ပျံထွက်လာသည်ကို တွေ့ရ၏။

ထိုလူမှာ ချာယို့ဖုန်းဖြစ်လေသည်။

ချာယို့ဖုန်း ရောက်လာသည်ကိုတွေ့ရလျှင် ကျင်းအောလျှံမှာ ဝမ်းသာသွား၏။

ချာယို့ဖုန်းက မြေပေါ်သို့ခြေချမိသည်နှင့်...

"ရမ်းကားတဲ့ ဓားပြတွေသေပေတော့... "

အော်ဟောက်ရင်း ဓားဖြင့်လျှပ်တစ်ပြက်တိုက်ခိုက်လိုက်လေသည်။

တစ်ခဏအတွင်းမှာပင် နောက်ထပ်သုံးလေးယောက် ဒဏ်ရာကိုယ်စီရရှိသွားကာ နောက်ဆုတ်သွားရသည်။

အခြေအနေမဟန်သည်နှင့် ဓားပြတစ်ယောက်က အော်ဟစ်လိုက်၏။

"ဆုတ်ကြ... ပြေးကြ... "

သူ၏စကားသံဆုံးလျှင် ဓားပြအားလုံး အမှောင်ရိပ်အတွင်း ပြေးဝင်ကာ ကွယ်ပျောက်သွားကြလေတော့၏။

ရန်သူကိုမနိုင်၍ နောက်ဆုတ်ထွက်ပြေးသွားကြပြီ မဟုတ်ပါလော။

ချာယို့ဖုန်းနှင့် ကျင်းအောလျှံတို့နောက်မှ ပြေးလိုက်မည်ဟန်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်လိုက်စဉ် ဓားပြများ လုံးဝကွယ်ပျောက်သွားကြပြီ ဖြစ်လေသည်။

ချာယို့ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး…

"ကဲ… လာ… တည်းခိုခန်းဆီ ပြန်ကြရအောင်… "

သူတို့သည် ညတွင်းချင်းမှင် ဆိုင်ရှင်ကို လိုက်လံရှာဖွေကြလေ၏။

သို့သော်…

တည်းခိုခန်းတစ်ခုလုံး ရှာဖွေပြီးသော်လည်း ဆိုင်ရှင်နှင့် ဆိုင်လုပ်လင်များကို မတွေ့ရပါ။

တခြားဧည့်သည်များလည်း မတွေ့ရဘဲ တည်းခိုခန်းတွင် သူတို့နှစ်ယောက်သာ ရှိနေကြောင်း သိလိုက်ရတော့သည်။

ချာယို့ဖုန်းက…

"ဒီလူတွေက ခရီးသွားတွေအတွက် တည်းခိုခန်းဖွင့်ထားပြီး… ရောက်လာတဲ့လူတွေဆီက ဓားပြတိုက်ယူနေကြတဲ့လူတွေကိုး… ကဲ… ဘာမှစိတ်မပူနဲ့… ဒီည ဘာဘတို့ ဒီမှာပဲ ဆက်နေကြတာပေါ့… မနက်မိုးလင်းမှ ခရီးဆက်ကြမယ်… ဒီညတော့ သူတို့မလာရဲတော့ပါဘူး… သေသူသေ ဒဏ်ရာရသူရ ဖြစ်ကုန်ပြီပဲ… "

သူတို့သည် အခန်းသို့ပြန်ရင်း တစ်ညတာ အေးအေးဆေးဆေး အနားယူလိုက်ကြ၏။

ချာယို့ဖုန်း၏ စကားမှန်ပါသည်။

နံနက်မိုးလင်းသည်အထိ နှောင့်ယှက်မည့်သူကို မတွေ့ရချေ။



နံနက်မိုးလင်းလျှင် ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ တည်းခိုခန်းမှ ထွက်ကာ ခရီးဆက်လာကြရာ နေမွန်းမတည့်မီ ကျန်းစုမြို့သို့ ရောက်ရှိလာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

## ရန်ကြွေး

ကျွန်းစုမြို့...

ချာယို့ဖုန်းတို့ ကျွန်းစုမြို့သို့ ရောက်ရှိလာကြပြီ ဖြစ်သည်။ သူ တို့သည် မြို့အဝင်လမ်းမကြီးအတိုင်း လျှောက်လာခဲ့ကြ၏။ သူတို့ဆာ လောင် လာကြသည်။

သို့ဖြစ်၍ နီးရာစားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ကြလေ၏။

ဆိုင်လုလင်များအား စားသောက်ဖွယ်ရာများ မှာကြားကာ အားရပါးရ စားသောက်လိုက်ကြ၏။

စားသောက်ပြီးသောအခါ ချာယို့ဖုန်းက ကျသင့်ငွေကို ပေး လိုက်ပြီး...

"ဒီမြို့မှာ ဘဘ မိတ်ဆွေတစ်ယောက်ရှိတယ်... သူ့ဆီ ဝင် လည်ကြရအောင်... ဘဘက သိုင်းလောကထဲမရောက်တာကြာပြီဆို တော့ သူ့ဆီလည်း မရောက်တာကြာပြီ..."



ကျင်းအော့လျှံက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်ကဲ့ ဆရာ...သမီးအတွက်လည်း မိတ်ဆွေတစ်ယောက် တိုးတာပေါ့... အခန့်သင့်ရင် သိုင်းပညာတစ်ကွက် နှစ်ကွက်မဟောင် ရဦးမယ်..."

ထို့နောက်...

ချာယို့ဖုန်းသည် ဆိုင်ရှင်ထံတွင် သူ၏မိတ်ဆွေအကြောင်းကို စုံစမ်းလိုက်သည်။

သူနှင့် မတွေ့ခဲ့သည်မှာ ကြာပြီဖြစ်၍ ယခုကဲ့သို့ မေးမြန်းရ ခြင်းဖြစ်သည်။

သူ၏မိတ်ဆွေသည် ကျွန်းစုမြို့တွင် ကျော်ကြားသူတစ်ယောက် ဖြစ်၍ ဆိုင်ရှင်လည်း သိပါသည်။

ဆိုင်ရှင်က လမ်းညွှန်ပြလိုက်သောအခါ ချာယို့ဖုန်းနှင့် ကျင်း အော့လျှံတို့ စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့ကြလေတော့၏။

တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် လျှောက်လာခဲ့ကြပြီး နောက်ဆုံးတွင် ချာယို့ဖုန်း၏မိတ်ဆွေအိမ်သို့ ရောက်ရှိသွားကြလေ တော့သည်။

အလွန်ကြီးမားသော အဆောက်အအုံတစ်ခုဖြစ်သည်။

ဤအဆောက်အအုံမှာ သိုင်းသမားလုဝမ်းထင်း ပိုင်ဆိုင်သည့် အဆောက်အအုံဖြစ်ကြောင်း ကျွန်းစုမြို့တစ်မြို့လုံး သိရှိထား၏။

[illegible]မှာ တရားမျှတသော အထက်လမ်းသိုင်းသမား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ကျွန်းစုမြို့သူမြို့သားအားလုံးက ကြည်ညိုလေးစားကြသည်။

လုဝမ်းထင်းတွင် လုကျွမ်းယုံဆိုသော သားတစ်ယောက်ရှိသည်။

ယနေ့…

သူနှင့်နှစ်ပေါင်းများစွာ ကွဲကွာခဲ့သောမိတ်ဆွေချာယိဖုန်း ရောက်ရှိလာသောကြောင့် သူသည် ဝမ်းသာအားရဖြင့် ကြိုဆိုခဲ့သည်။ သူ၏ ကြိုဆိုပုံမှာ လွန်စွာရင်းနှီးပြီး ဖက်လဲတကင်းရှိသည်။ သို့သော် သူကား သန်မာသူတစ်ယောက် မဟုတ်ပါ။ ခြေနှစ်ချောင်းမသန်သဖြင့် ချိုင်းထောက်နှင့် သွားလာရသူ ဖြစ်လေ၏။

သူသည် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ သားဖြစ်သူ လုကျွမ်းယုံနှင့်လည်း မိတ်ဆက်ပေးသည်။

သူတို့သည် ရောက်တတ်ရာရာများကိုပြောကြရင်း ညမိုးချုပ်သွားသောကြောင့် လုဝမ်းထင်းအိမ်တွင်ပင် တစ်ညအိပ်လိုက်ကြလေတော့သည်။

လုဝမ်းထင်းက ဧည့်သည်များအတွက် လိုလေသေးမရှိ ပြင်ဆင်ပေးသည်။

ည…

ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေ၏။

ချာယိဖုန်းနှင့် ကျင်းအောင်လျှံတို့မှာ လုဝမ်းထင်း၏အိမ်သို့ ရောက်ရှိနေပြီဖြစ်သောကြောင့် စိတ်ချလက်ချ အိပ်နေကြသည်။



ညဉ့်နက်ပြီဖြစ်၍ လုဝမ်းထင်း၏ အိမ်တစ်ခုလုံး မီးများမှိတ်ကာ မှောင်အတိကျနေ၏။

လုဝမ်းထင်းအား ကျွန်းစုမြို့တွင် အနှောင့်အယှက်ပေးခဲ့သူမရှိ၍ အစောင့်အကြပ်များပင် ထားရှိခြင်းမရှိပါ။

ကျင်းအောင်လျှံသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေစဉ် နားတွင်းသို့ အသံအနည်းငယ်တိုးဝင်လာသည်နှင့် လန့်နိုးလာလေ၏။ သူမ အလေ့အကျင့်လုပ်ထားသဖြင့် ဤသို့လန့်နိုးလာခြင်း ဖြစ်သည်။

ကျင်းအောင်လျှံ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ အခန်းတစ်ခုလုံး မှောင်မည်းနေသည်ကို တွေ့ရ၏။

အတန်ကြာကြည့်သောအခါမှသာ မျက်လုံးကျင့်သားရလာ၏။

အခန်းထဲသို့ ကျူးကျော်ဝင်လာသူကို မတွေ့ရသဖြင့် စိတ်သက်သာရာ ရရှိသွားပြီး ပြန်လည် အိပ်စက်ရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်…

မသဲမကွဲစကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်လေ၏။

ယခုတစ်ကြိမ် ကျင်းအောင်လျှံသည် ပြန်အိပ်၍မရတော့ပေ။ အိပ်ရာပေါ်မှ အသာထကာ အပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။

ခကြိုလမ်းတစ်လျှောက် လူသူကင်းရှင်းနေ၏။

ကျင်းအောင်လျှံ၏စိတ်ထဲ၌ ထူးခြားသောခံစားချက်များ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာ၍ မားဆွဲကာ အခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။

သူမ အပြင်ဘက်သို့လှမ်းထွက်ပြီး မကြာမီမှာပင် သူမ၏ အခန်းနှင့်ကပ်လျက် အခန်းတစ်ခုမှ တံခါးတစ်ချပ်ပွင့်သွားသည်။

မားကိုင်ထားသော လူတစ်ယောက်ခြေဖော့နင်းကာ တိတ်တဆိတ်ထွက်လာသည်ကို တွေ့ရလေသည်။

ထိုလူကိုကြည့်လိုက်ရာ ချာယို့ဖုန်းဖြစ်နေသည်ကို တွေ့ရလေသည်။

"ကျင်းအော့လျှံ... အသံကြားတယ်မဟုတ်လား... "

"ဟုတ်ကဲ့ ဆရာ... "

ချာယို့ဖုန်းက လေသံတိုးတိုးဖြင့် ဆက်ပြောလိုက်သည်။

"အေး... တို့နှစ်ယောက်အသံရှင်ကိုလျှောက်ရှာကြည့်ကြမယ်... "

သူတို့နှစ်ယောက် ကိုယ်ဖော့ပညာအသုံးပြုကာ အိမ်ကြီးအတွင်းမှ စကားပြောသံထွက်ပေါ်လာရာသို့ လိုက်ရှာဖွေကြည့်လေသည်။

သို့သော်...

လုဝမ်းထင်း၏အဆောက်အအုံမှာ အလွန်ကြီးမားနေသောကြောင့် အတန်ကြာရှာဖွေလိုက်သော်လည်း မတွေ့ရချေ။

ကျင်းအော့လျှံမှာ အကြံတစ်ခုရလာကာ...

"ဆရာ... ကျွန်မတို့ ဒီအတိုင်းလိုက်ရှာနေလို့ မဖြစ်ဘူး... ခေါင်မိုးပေါ်တက်ကြည့်ရအောင်... "



သူတို့နှစ်ယောက် ခေါင်မိုးပေါ်တက်သွားကြ၏။

ခေါင်မိုးပေါ်သို့ရောက်လျှင် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသော်လည်း အဆောက်အအုံကြီး၏ အခန်းတစ်ခုမှာ မီးလင်းနေသည်ကို တွေ့ရ၏။

ထိုမီးလင်းနေသော အခန်းမှစကားသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရလေတော့သည်။ ကျင်းအော့လျှံ၏စိတ်ကူးကောင်းသွားသည်။

သူတို့ရှာဖွေသည့်အရာကို တွေ့လိုက်ရပြီမဟုတ်ပါလား။

❀ ❀ ❀

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

ထို့နောက်...

မီးလင်းနေသော အခန်းပေါ်တည့်တည့်သို့ လျှောက်သွားကြပြီး ခေါင်မိုးအုတ်ကြွပ်တစ်ချပ်လှန်ကာ အောက်ဘက်သို့ငုံ့ကြည့်လိုက်ကြ၏။

ထိုအခါ...

အခန်းတစ်ခုလုံး မီးရောင်များ ထိန်ထိန်လင်းနေသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင်...

လူစိမ်းနှစ်ယောက်နှင့် စကားပြောနေသော လုဝမ်းထင်းကို တွေ့မြင်လိုက်ကြရလေတော့သည်။

လုဝမ်းထင်းမှာ ကြီးမားသော ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေ၏။

သူ၏ခြေထောက်နှစ်ဖက်မှာ အကြောသေသွား၍ ချိုင်းထောက်အသုံးပြုမှ သွားလာလှုပ်ရှားနိုင်သူ တစ်ယောက်ဖြစ်သည်။

သူ၏သိုင်းပညာမှာလည်း သာမန်လူတစ်ယောက်ထက် အနည်းငယ်သာသော အဆင့်တွင်သာ ရှိတော့၏။

လုဝမ်းထင်း၏ရှေ့တွင် လူနှစ်ယောက်ရှိနေသည်။

ထိုလူများမှာ ကုလားထိုင်များရှိသော်လည်း မထိုင်ဘဲ မတ်တတ်ရပ်နေကြသည်။

လုဝမ်းထင်းက ထိုလူနှစ်ယောက်ကို လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး...

"မိတ်ဆွေတို့ ညကြီးအချိန်မတော် ကျုပ်ဆီကို ဘာကိစ္စနဲ့ လာခဲ့တာလဲဗျ... "

လူစိမ်းနှစ်ယောက်မှာ ဓားတစ်လက်စီကျောတွင် သိုင်းလွယ်ထားကြသည်။

တစ်ယောက်မှာ ခန္ဓာကိုယ်ပိန်ပိန်ပါးပါးရှိပြီး အစိမ်းရောင်ဝတ်စုံများ ဝတ်ဆင်ထားသည်။



သူ၏မျက်လုံးများ စူးရှတောက်ပြောင်နေကြပြီး မလှုပ်မယှက် [illegible] ရပ်နေပုံမှာ ကျွမ်းကျင်သော ဓားသမားဖြစ်ကြောင်း သက်သေပြသ [illegible] ဖြစ်နေသည်။

ကျန်တစ်ယောက်မှာမူ ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူ ဖြ [illegible] သည်။

မုတ်ဆိတ်မွေးထူလဗျစ်နှင့် မျက်နှာကြမ်းတမ်းအရုပ်ဆိုး [illegible] သည်။

ထိုလူနှစ်ယောက်မှာ လူကောင်းများမဖြစ်နိုင်ကြောင်း ချာ [illegible] ဖုန်းက အကဲခတ်မိသည်။

လုဝမ်းထင်း၏စကားကိုကြားရသောအခါ အစိမ်းရောင်ဝ [illegible] ဆင်ထားသော သူကမဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်နာမည် စီးကျင်းလို့ ခေါ်တယ်... ကျုပ်မိတ်ဆွေ [illegible] တော့ ဟန်မုလို့ ခေါ်တယ်... "

"မိတ်ဆွေတို့လာတဲ့ကိစ္စကကော... "

စီးကျင်းဆိုသူက ခက်ထန်သောမျက်နှာထားဖြင့်...

"လွန်ခဲ့တဲ့ငါးနှစ်လောက်က ကြိုလန်နယ်မှာ ခင်ဗျား ကွမ်းကျိ [illegible] စုဆိုတဲ့ လူတစ်ယောက်ကို သတ်ပစ်ခဲ့တယ်မဟုတ်လား... "

လုဝမ်းထင်း အံ့သြသွားသည်။

မှန်ပါသည်။

ကွမ်းကျိစုဆိုသူမှာ သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်ရာ၌ ရှုံးနိမ့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသွားခဲ့၏။

ထိုစဉ်က လုဝမ်းထင်း၏ခြေထောက်နှစ်ဖက်စလုံး အကောင်း ပကတိရှိနေခဲ့သေးသည်။

လုဝမ်းထင်းက သက်ပြင်းချရင်း...

"လက်စသတ်တော့ ခင်ဗျားတို့က ကွမ်းကျိစုအတွက် လက်စားချေဖို့ ရောက်လာကြတာကိုး... "

ဟန်မုက ခေါင်းညိတ်ပြီး...

"ဟုတ်တယ်... ခင်ဗျားက သူများကိုသတ်ရင် အသက်အစား ပြန်လျော်ပေးရမှာပဲ... "

လုဝမ်းထင်းမှာ စီးကျင်းနှင့် ဟန်မုတို့အား အေးအေးဆေးဆေး ဖြေရှင်း၍ရမည်မဟုတ်ကြောင်း နားလည်ထားသည်။

သို့သော်...

သူက ဒုက္ခိတဖြစ်နေပြီ မဟုတ်ပါလော။

လုဝမ်းထင်း၏မျက်နှာမည်းမှောင်သွားကာ...

"ကျုပ် ဒုက္ခိတဖြစ်နေပြီဆိုပြီး ခင်ဗျားတို့လာခဲ့ကြတာပေါ့ ဟုတ်လား... "

စီးကျင်းက ခေါင်းခါယမ်းလိုက်သည်။

"မဆိုင်ပါဘူးဗျာ... ကျုပ်တို့က ကွမ်းကျိစုအတွက် သွေးကြွေး ပြန်တောင်းဖို့လာတာ... သူ့အတွက် သွေးကြွေးပြန်ဆပ်နိုင်ရင် တော်ပါပြီ... ခင်ဗျား ဒုက္ခိတဖြစ်တာ ကျုပ်တို့နဲ့မဆိုင်ဘူး... "



လုဝမ်းထင်းက ဒေါသချောင်းချောင်း ထွက်လာသည်။

လက်နှစ်ဖက်က နံဘေးတွင်အသင့်ရှိနေသော ချိုင်းထောက် နှစ်ချောင်းကိုကိုင်ကာ...

"မင်းတို့စော်ကားချင်တိုင်း စော်ကားလို့ရမယ်ထင်သလား"

သူသည် ပြောရင်းတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

စီးကျင်းနှင့် ဟန်မုတို့က လုဝမ်းထင်းကိုကြည့်ကာ တဟားဟားရယ်မောလိုက်ကြသည်။

စီးကျင်းက ကျောပေါ်မှဓားကိုဆွဲထုတ်ရင်း...

"ကောင်းပြီလေ... ခင်ဗျားက အသာတကြည်လက်မခံဘူးဆိုရင်လည်း... ကျုပ်တို့က ရက်စက်နည်းနဲ့သွေးကြွေးတောင်းရမှာပေါ့... "

သူသည် လုဝမ်းထင်းကို ဓားနှင့်ခုတ်ရန် ဟန်ပြင်လိုက်လေ၏။

ထိုစဉ်...

"ဖေဖေ... "

အော်သံနှင့်အတူ လုကျွမ်းယုံနှင့် လုဝမ်းထင်း၏တပည့်သုံးလေးယောက် အခန်းတွင်းသို့ ပြေးဝင်လာကြသည်။

စီးကျင်းက လုဝမ်းထင်းအား တိုက်ခိုက်ရန် ဟန်ပြင်နေသည်ကိုတွေ့ရလျှင်...

"ဟော့... သူတို့တိုဆုံးမသိ ်ခဲစမ်း... "

လုကျွမ်းယုံ၏တပည့်များမှာ စီးကျင်းနှင့် ဟန်မုတို့အား

www.burmeseclassic.com

www.burmeseclassic.com



တဟုန်ထိုးဝင်၍ တိုက်ခိုက်လိုက်ကြလေတော့သည်။

စီးကျင်းနှင့် ဟန်မုတို့မှာ ခေသူများမဟုတ်ကြချေ။

လုဝမ်းထင်း၏တပည့်များကို ချက်ချင်းပြန်လည်တိုက်ခိုက်လိုက်ကြ၏။

သူတို့လှုပ်ရှားမှုမှာ မြန်ဆန်လှသည်။

"ဝုန်း... ဝုန်း..."

လုဝမ်းထင်း၏တပည့်များ လွင့်စဉ်သွားကြလေ၏။

လုဝမ်းထင်းနှင့် လုကျွမ်းယုံတို့ ထိတ်လန့်သွားကြသည်။

လုကျွမ်းယုံမှာ ဖခင်ဒုက္ခတကြီး အသက်ခံရမည်ကို စိုးရိမ်ပူပန်နေသည်။

သူက ဖခင်အတွက် အသက်စွန့်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ပြီး...

"ရပ်လိုက်..."

ကျယ်လောင်စွာ ဟန့်တားကာ ရှေ့သို့ခုန်ထွက်လိုက်လေသည်။

စီးကျင်းက လုကျွမ်းယုံကိုကြည့်ကာ...

"မင်းက လုဝမ်းထင်းရဲ့သား မဟုတ်လား..."

"ဟုတ်တယ်..."

ဟန်မုက ကြားဖြတ်ပြောလိုက်သည်။

"ကောင်းပြီလေ... မင်းကိုဆုံးမရရင်လည်း ကျေနပ်နိုင်ပါ



တယ်..."

ပြောပြီး ဓားဖြင့် လုကျွမ်းယုံ၏ရင်ဝသို့ ထိုးသွင်းလိုက်သည်။

သူက ဆုံးမမည်ဆိုသည်မှာ အသေသတ်ရန်ဖြစ်ကြောင်း ချာယို့ဖုန်းတို့ သိရှိကြသည်။

လုကျွမ်းယုံ၏နဖူးပေါ်မှ ချွေးများ စီးကျလာသည်။

သူသည် သိုင်းပညာသင်ကြားထားသော်လည်း ယခုစီးကျင်း၏တိုက်ကွက် လျင်မြန်လှသောကြောင့် မည်သို့ခုခံကာကွယ်ရမှန်း မသိဖြစ်နေလေသည်။

စီးကျင်း၏ဓားမှာ ကြောင်အမ်းအမ်းဖြစ်နေသော လုကျွမ်းယုံ၏ ရင်ဝသို့ တည့်မတ်စွာ ထိုးသွင်းလာ၏။

ထိုစဉ်မှာပင်...

"ချွင်..."

မြည်သံတစ်ချက်ထွက်ပေါ်လာပြီး ချိုင်းထောက်တစ်ဖက်က စီးကျင်း၏ဓားကို ပုတ်ထုတ်ပစ်လိုက်၏။

လုကျွမ်းယုံမှာ ဖခင်လုဝမ်းထင်းက သူ့အား အချိန်မီကယ်တင်လိုက်သည်ကိုတွေ့ရလျှင် စိတ်မကောင်းဖြစ်သွားသည်။

သူက ဖခင်အတွက် ရန်သူကိုရင်မဆိုင်နိုင်ဘဲ သူ့အတွက် ဖခင်ကပင် ကူညီနေရသေးသည် မဟုတ်ပါလော။

လုဝမ်းထင်းက တည်ကြည်သောမျက်နှာထားဖြင့်...

"သား... နောက်ဆုတ်လိုက်စမ်း..."

www.burmeseclassic.com

www.burmeseclassic.com



လုကျွမ်းယုံက နောက်ဆုတ်ရန် ဟန်ပြင်လိုက်သည်။

သို့သော်…

သူ၏မျက်နှာတွင် ထူးခြားသောအရိပ်အရောင်များ ထွက်ပေါ်လာပြီး…

"ယား… "

ကျယ်လောင်သောအသံပေးကာ စီးကျင်းနှင့် ဟန်မုထံသို့ ခုန်အုပ်တိုက်ခိုက်လိုက်သည်။

ဟန်မုက ရှောင်တိမ်းခြင်းမပြုပါချေ။

ခုန်အုပ်တိုက်ခိုက်လာသော လုကျွမ်းယုံထံသို့ လက်သီးတစ်လုံးတည့်မတ်စွာ ပစ်သွင်းလိုက်သည်။

"ခွပ်… "

"ဝုန်း… "

အသံတစ်ချက်ထွက်ပေါ်လာပြီး လုကျွမ်းယုံ လွင့်စဉ်သွား၏။

သူ၏ခန္ဓာကိုယ်ကြမ်းပြင်ပေါ်သို့အကျတွင် လက်သီးဒဏ်ကြောင့် သတိလစ်မေ့မျောသွားတော့သည်။

လုကျွမ်းယုံ ခံလိုက်ရသည်ကိုတွေ့ရသောအခါ လုဝမ်းထင်းက ဒေါသချောင်းချောင်း ထွက်သွားသည်။

"မင်းတို့က ကိုယ့်ထက်သိုင်းပညာနိမ့်တဲ့လူကို မစော်ကားရဘူးဆိုတာ မသိဘူးလား… မင်းတို့ တော်တော်ရက်စက်ပါလား… "

စီးကျင်းက မဲ့ပြုံးပြုံးကာ…



"ခင်ဗျားကော… ကွမ်းကျိုမှာ ခင်ဗျားထက် သိုင်းပညာနိမ့်မှန်းသိပေမယ့် သတ်ပစ်ခဲ့တယ်မဟုတ်လား… "

လုဝမ်းထင်းက ဒေါသထွက်သွားပြီး…

"ဟေ့… သူက လူဆိုးတစ်ယောက်ကွ… သူ့ကိုလွှတ်ထားရင် လူကောင်းတွေ ဒုက္ခရောက်မှာစိုးရိမ်လို့ ကျုပ် ရှင်းပစ်လိုက်တာ… "

ဟန်မုက မဲ့ပြုံးပြုံးကာ…

"ဘာပဲဖြစ်ဖြစ်… သူ့ကို ခင်ဗျားသတ်လိုက်တာ ကံဆိုးတာပဲဗျ… "

လုဝမ်းထင်းက ချိုင်းထောက်နှစ်ချောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း…

"စိတ်ချ… ကျုပ်ခြေနှစ်ဖက် မသန်ပေမယ့် မင်းတို့နှစ်ယောက်ကို သတ်နိုင်တယ်… "

ပြောပြီး… ချိုင်းထောက်ဖြင့် စတင်တိုက်ခိုက်လိုက်လေသည်။

စီးကျင်းနှင့်ဟန်မုတို့က တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြလိုက်ကြသည်။

ထို့နောက်…

လုဝမ်းထင်းအား ဝဲယာတစ်ဖက်တစ်ချက်မှ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်ကြလေတော့သည်။

သူတို့နှစ်ယောက်၏ဓားကွက်များမှာ ကြောက်မက်ဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းအောင် လျှင်မြန်နေပြီး ခြေထောက်ဘက်ပိုင်းသို့ ဦးတည်တိုက်ခိုက်လာသောကြောင့် လုဝမ်းထင်းသည် မျက်နှာပျက်သွားလေတော့၏။

မကြာမီ...

သူ ရှုံးနိမ့်တော့မည်ဖြစ်ကြောင်း သဘောပေါက်လာလေတော့သည်။

❀ ❀ ❀

## အခန်း (၁၇)

## ကာယိတာင်ခြင်းခရီးတစ်ထောက်

လုကျွမ်းယုံနှင့် လုဝမ်းထင်း၏တပည့်သုံးယောက်ကြမ်းပြင်ပေါ်တွင် လဲကျနေသည်။

သူတို့မှာ စီးကျင်းနှင့်ဟန်မုတို့၏ လက်ချက်ကြောင့် သတိလစ်မေ့မြောနေကြခြင်းဖြစ်သည်။ လုဝမ်းထင်မှာ စီးကျင်းနှင့် ဟန်မုတို့အား ပြင်းပြင်းထန်ထန် ပြန်လည်ခုခံတိုက်ခိုက်နေဆဲ ဖြစ်သည်။

သို့သော်...

တဖြည်းဖြည်း သူရှုံးနိမ့်စပြုလာသည်။ သူသည် ခြေထောက်မသန်စွမ်းသူဖြစ်နေသည် မဟုတ်ပါလား။

ထိုစဉ် စီးကျင်းက...

"သတိထား..."

ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီးလျှင် အပေါ်သို့ခုန်တက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

လက်ထဲမှဓားဖြင့် လုဝမ်းထင်း၏ဦးခေါင်းကို ထိုးစိုက်လိုက်သည်။

တစ်ချိန်တည်းမှာပင်...

ဟန်မုကလည်း လုဝမ်းထင်း၏ခြေထောက်ကို ပိုင်းချလိုက်သည်။

လုဝမ်းထင်း ထိတ်လန့်တုန်လှုပ်သွားသည်။

ရှောင်တိမ်းရန် မတတ်နိုင်သည့်အဆုံး လက်ထဲမှချိုင်းထောက်များ ပစ်လွှင့်စွန့်ကာ ခန္ဓာကိုယ်နောက်သို့ လှန်ချလိုက်ရ၏။

သူက စွန့်စွန့်စားစား ရှောင်တိမ်းလိုက်သဖြင့် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်သွားသည်။

သို့သော်...

ချိုင်းထောက်က လက်လွှတ်သွားသဖြင့် မတ်မတ်မရပ်နိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွားတော့သည်။

ဟန်မုနှင့် စီးကျင်းတို့က တဟားဟားရယ်မောကာ...

"လုဝမ်းထင်း... ခင်ဗျား ဘာတတ်နိုင်သေးလဲ... သေပေတော့..."

စီးကျင်းက သူ၏လက်ထဲမှဓားဖြင့် လုဝမ်းထင်း၏ရင်ဝသို့ ထိုးသွင်းလိုက်သည်။

ထိုစဉ်...

"ရပ်လိုက်စမ်း..."



အလင်းတန်းကလေးတစ်ခု လင်းလက်သွားသည်။

ကျယ်လောင်သောဟန့်တားသံနှင့်အတူ အခန်းတွင်းသို့ လူရိပ်နှစ်ခု ခုန်ဝင်လာသည်ကို တွေ့ရ၏။

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ပင် ဖြစ်သည်။

ကျင်းအော့လျှံသည် လက်နက်ပုန်းဖြင့် စီးကျင်းထံသို့ ပစ်လွှင့်လိုက်ခြင်း ဖြစ်၏။

စီးကျင်း ကိုင်ဆောင်ထားသော ဓားပေါ်သို့ တည့်မတ်စွာ ထိမှန်သွားရာ စီးကျင်း၏ဓားမှာ လုဝမ်းထင်းအား ထိုးသွင်းမိခြင်း မရှိတော့ချေ။

စီးကျင်းနှင့် ဟန်မုက ထိတ်လန့်ကာ နောက်ဆုတ်သွားကြ၏။

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့ရောက်လာသည်ကိုတွေ့ရလျှင် လုဝမ်းထင်းသည် ဝမ်းသာသွားသည်။

"ချာယို့ဖုန်းနဲ့ ကျင်းအော့လျှံ..."

ကျင်းအော့လျှံက လုဝမ်းထင်းကိုဖေးမရင်း...

"ဦး... ဘာမှမစိုးရိမ်ပါနဲ့... သူတို့ ဦးကိုမစော်ကားစေရဘူး... ဆရာ ဦးဆောင်ပြီး ကျွန်မ ခုခံကာကွယ်ပါ့မယ်..."

ကျင်းအော့လျှံ၏စကားကြားရသောအခါ စီးကျင်းသည် ဒေါသထွက်သွားကာ...

"မင်း တော်တော်ကြီးကျယ်ပါလား... သေချင်ပြီထင်တယ်"

ကျင်းအော့လျှံက မှုံပြုံးပြုံးရင်း...

"ဦးက ခြေထောက်မကောင်းလို့ ရှင်တို့သက်သာတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားပါ... နို့မို့ရင် ရှင်တို့သေနေပြီ... ”

လုဝမ်းထင်းက စိုးရိမ်သွားပြီး ကျင်းအော့လျှံကို သတိပေးလိုက်၏။

“တူမကြီး သတိထား... သူတို့ဟာ အင်မတန်ရက်စက်ကြမ်းကြုတ်တဲ့လူတွေကွဲ... ”

“ကိစ္စမရှိပါဘူး ဦး... သူတို့ကို ဦး ကိုယ်စား ကျွန်မ ဆုံးမလိုက်ပါ့မယ်... ”

ယဲ်ရွယ်နုနယ်သော ကျင်းအော့လျှံက မထီမဲ့မြင်ပြောဆိုနေသောကြောင့် စီးကျင်းနှင့် ဟန်မုတို့ ဒေါသမထိန်းနိုင်တော့ဘဲ ဖြစ်သွားကြသည်။

“သေပေတော့... ”

ကျယ်လောင်စွာ အော်ငေါက်ရင်း ဓားကိုယ်စီဖြင့် တရကြမ်းတိုက်ခိုက်လိုက်ကြလေတော့သည်။

တိုက်ပွဲသည် ရုတ်ချည်းဖြစ်ပွားသွားသည်။

ကျင်းအော့လျှံကလည်း ပြန်လည်တိုက်ခိုက်ခုခံရသည်။

လုဝမ်းထင်းမှာ တိုက်ပွဲကို စိုးရိမ်ထိတ်လန့်စွာ ကြည့်နေသည်။

ချာယို့ဖုန်းက ကျင်းအော့လျှံအား ကူညီတိုက်ခိုက်ခြင်း မရှိပါ။ ကျင်းအော့လျှံ၏တိုက်ခိုက်ခြင်းစွမ်းအားကို သူအကဲခတ်နေခြင်း ဖြစ်ပါသည်။ သူက စီးကျင်းကိုကြည့်ပြီး ပြောလိုက်သည်။

“မိန်းကလေးတစ်ယောက်ကို လူကြီးနှစ်ယောက်ဝိုင်းပြီး



တိုက်နေတာ မရှက်ဘူးလား... ”

ထိုစကားကြားရလျှင် စီးကျင်းက ချက်ချင်းနောက်ဆုတ်သွားပြီး ချာယို့ဖုန်းကို မကျေမနပ်ဖြင့်ကြည့်ကာ...

“ကျုပ်မိတ်ဆွေက ခင်ဗျားမိတ်ဆွေကို တစ်ယောက်တည်း ဆုံးမနိုင်ပါတယ်... ”

သူသည် ချာယို့ဖုန်းနှင့်ကျင်းအော့လျှံအား ကျိန်းသေအနိုင်ရလိမ့်မည်ဟု ယုံကြည်ထားပါသည်။

ထို့ကြောင့်...

ဘေးဖယ်ကာ ခပ်အေးအေးပင် ရပ်ကြည့်နေလေသည်။

ဟန်မုကလည်း ခေသူတစ်ယောက်မဟုတ်ချေ။

တိုက်ပွဲစလျှင်စချင်း ကျင်းအော့လျှံအား အပေါ်စီးမှဖိကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

ဟန်မုမှာ အတွင်းအားကောင်းမွန်သူဖြစ်ကြောင်း ကျင်းအော့လျှံက အကဲခတ်မိသဖြင့် ရင်ဆိုင်တိုက်ခိုက်ရန် မဝံ့ရဲတော့ချေ။

သူမ၏ထူးချွန်လှသော ကိုယ်ဖော့ပညာကိုအသုံးပြုကာ ပွတ်ကာသီကာ ရှောင်တိမ်းနေရသည်။

တစ်ချက်တစ်ချက် အခွင့်အရေးရမှ ပြန်လည်တိုက်ခိုက်လေသည်။

ဟန်မုက မည်သို့ပင် ကြိုးစားတိုက်ခိုက်သော်လည်း ကျင်းအော့လျှံအား အနိုင်မရသဖြင့် ဒေါသထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျော့ပေါ်မှ ဓားကိုဆွဲထုတ်ရင်း...

"မင်း ဒီတစ်ခါ ရှောင်နိုင်ရင် ရှောင်တော့..."

ပြောပြီးသည်နှင့် လျှင်မြန်စွာ ထိုးခုတ်တိုက်ခိုက်လေတော့၏။

ဟန်မုက ဓားဖြင့်တိုက်ခိုက်လာသောကြောင့် ကျင်းအောလျှံက ဆက်လက်ရှောင်တိမ်းရန် မလွယ်တော့ချေ။

မတတ်သာသည့်အဆုံး ဓားကိုဆွဲထုတ်ကာ...

"ရှင်လည်း သတိထားပါ... နောက်မှ ကျွန်မ အဆိုးမဆိုနဲ့..."

ပြောပြီး ပြန်လည်ခုခံတိုက်ခိုက်လေတော့သည်။

အမှန်ဆိုလျှင် ရန်သူနှင့်တိုက်ခိုက်ရာတွင် ဓားချင်းယှဉ်ပြိုင်ရသည်မှာ အန္တရာယ်များလှပေသည်။

လက်နက်မဲ့ယှဉ်ပြိုင်ခြင်းထက် ပို၍ကြောက်မက်ဖွယ်ကောင်းနေသည်။

အမှားပြုလုပ်မိလျှင် အသက်သေဆုံးရမည် မဟုတ်ပါလား။

ကျင်းအောလျှံမှာ တိုက်ခိုက်ရင်း တာလုကျေးရွာပိုင်ရှင် ကျန်းဟိုဟောက် သင်ကြားပေးလိုက်သော ဓားကွက်များကို သတိရလာ၏။

သူမသည် စိတ်ဓာတ်တက်ကြွလာပြီးလျှင် ချက်ချင်း အသုံးပြုတိုက်ချက်လိုက်လေတော့သည်။

ကျန်းဟိုဟောက် သင်ကြားပေးလိုက်သောဓားကွက်များ ထုတ်ဖော်အသုံးပြုလိုက်သည်နှင့်...

"ရွှမ်း..."



အသံတစ်ချက်ထွက်ပေါ်လာပြီး ဟန်မု၏လက်ထဲမှဓားလွတ်ကျသွားလေ၏။

ဟန်မု၏လက်ခေါင်းတွင် ဓားအဏာရာတစ်ချက်ရရှိသွားပြီး သွေးများစီးဆင်းကျလာနေသည်ကို တွေ့ရ၏။

ဟန်မု၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

ကျင်းအောလျှံအား မယုံကြည်နိုင်စွာကြည့်ရင်း...

"မင်း... မင်း..."

ကျင်းအောလျှံက မဲ့ပြုံးပြုံးကာ...

"ဘယ်လိုလဲ... ရှင် ရှုံးသွားပြီမဟုတ်လား..."

ဟန်မုမှာ ခံပြင်းလာသဖြင့် ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင်...

"ရပ်လိုက်..."

စီးကျင်းက ဟန့်တားရင်း ရှေ့သို့ခုန်ထွက်လာသည်။

သူ၏လက်တွင်း၌ ဓားတစ်လက်ကိုင်ဆောင်ထားပြီး ကျင်းအောလျှံအား ရင်ဆိုင်ရန် အသင့်ပြင်လိုက်တော့သည်။

ကျင်းအောလျှံမှာ ဟန်မုကို အနိုင်ရလိုက်သော်လည်း အတွင်းအားနုနယ်သေး၍ အလွန်မောဟိုက်နေပြီဖြစ်သည်။

ထို့ကြောင့်...

စီးကျင်းနှင့်ဆက်၍ ယှဉ်ပြိုင်ရလျှင် အနိုင်ရရန် မလွယ်တော့

www.burmeseclassic.com

www.burmeseclassic.com



ပါချေ။

အခြေအနေကို သဘောပေါက်နားလည်ထားသော ချာယို့ဖုန်းက ခပ်အေးအေးဝင်ပြောလိုက်လေ၏။

"မင်းတို့က တစ်ယောက်မနိုင်ရင် တစ်ယောက်ဝင်တိုက်ကြမယ် ဟုတ်လား… မနိုင်မချင်း လူလဲပြီးတိုက်ကြမယ်ဆိုတော့ ဘယ်တရားပါ့မလဲကွ… မင်း မနိုင်ရင် နောက်ထပ်လူဘယ်နှစ်ယောက်ထပ်ခေါ်ဦးမလဲ… "

စီးကျင်းက မကျေမနပ်ဖြစ်သွားကာ…

"ခင်ဗျားနဲ့ဘာဆိုင်လို့လဲ… ကျုပ်တို့က သိုင်းပညာဖလှယ်နေကြတာ မဟုတ်ဘူး… တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်နေကြတာ… ဘာပဲဖြစ်ဖြစ် အနိုင်ရဖို့က အဓိကပဲ… "

ချာယို့ဖုန်းက မဲ့ပြုံးပြုံးလိုက်ပြီး…

"ဘာဆိုင်ရမှာလဲ… သူက ကျုပ်တပည့်… "

စီးကျင်းသည် မျက်နှာငျက်သွားသည်။

ကျင်းအော့လျှံ မခေလျှင် ဆရာဖြစ်သူက ပို၍ကြောက်စရာကောင်းမည်ဖြစ်ကြောင်း အတတ်သိထား၏။

ထို့ကြောင့်…

ချာယို့ဖုန်းကိုကြည့်ကာ…

"ခင်ဗျား ဒီကိစ္စထဲဝင်မပါဘဲ… အေးအေးဆေးဆေးနေရင်ကောင်းမယ်… "



ချာယို့ဖုန်းက သူ့အား လုံးဝဂရုမစိုက်ချေ။

'ကျင်းအော့လျှံကိုကြည့်ကာ…

"မင်း နောက်ဆုတ်လိုက်စမ်း… "

ကျင်းအော့လျှံက ဓားကိုရုပ်သိမ်းပြီး နောက်ဆုတ်သွားလေသည်။

*

ထိုအခါမှ ချာယို့ဖုန်းက စီးကျင်းဘက်သို့ လှည့်လိုက်သည်။ စီးကျင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး…

"တစ်ယောက်နဲ့တစ်ယောက် မပြေလည်တဲ့ကိစ္စရှိရင် ဆွေးနွေးညှိနှိုင်းကြပါ… သူသေကိုယ်သေ တိုက်ခိုက်တယ်ဆိုတာ မကောင်းပါဘူး… "

ချာယို့ဖုန်း၏မျက်နှာမှာ တည်ကြည်ခန့်ညားလှပေသည်။

သူက လေသံအေးအေးဖြင့် ပြောလိုက်သဖြင့် စီးကျင်းမျက်မှောင်ကုတ်သွားသည်။ ရွှေပြည်အေးတရားဟောနေသော ချာယို့ဖုန်းအား ထိတ်လန့်ကြောက်ရွံ့စိတ်များ လျော့ကျသွားသည့်အပြင် အထင်သေးသည့်စိတ်များ ဝင်လာ၏။

သူသည် ချာယို့ဖုန်းကို မကျေမနပ်ကြည့်ကာ…

"ခင်ဗျား အေးအေးဆေးဆေးဘောဖယ်နေရင်ကောင်းမယ်… ကျုပ်တို့ကိစ္စထဲ ဝင်ရှုပ်ရင် ရန်သူလို့သတ်မှတ်ရမှာပဲ… "

ချာယို့ဖုန်းက သက်ပြင်းချလိုက်ပြီး…

"မင်း မှားနေပြီ… ကျုပ်က မင်းအတွက် စေတနာနဲ့ပြောတာ

www.burmeseclassic.com

www.burmeseclassic.com



ပါ… အခုအချိန်မှာ တိုက်ကြနိုက်ကြမယ်ဆိုရင် မင်းတို့ရှုံးမှာ သေချာတယ်… ”

စီးကျင်းက တဟားဟားရယ်မောလိုက်လေသည်။

အတန်ကြာရယ်မောပြီးမှ…

“ကျုပ် ရှုံးမယ်ဟုတ်လား… ကောင်းပြီ… ဘယ်သူရှုံးမလဲ ကြည့်ကြသေးတာပေါ့… ”

သူသည် ပြောပြီးသည်နှင့် ချာယို့ဖုန်းအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေတော့သည်။

စီးကျင်းမှာ ဆယ်နှစ်တာကာလအတွင်း ကိုက်ပွဲများ၌ တစ်ကြိမ်တစ်ခါမှ ရှုံးနိမ့်ဖူးခြင်း မရှိချေ။

ထို့ကြောင့်…

မာန်တက်နေသော စီးကျင်းသည် ချာယို့ဖုန်းအား အနိုင်ရမည် ထင်မှတ်ကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ချာယို့ဖုန်းက စီးကျင်း၏တိုက်ကွက်များကို အေးအေးဆေးဆေးပင် ရှောင်တိမ်းပေးလိုက်သည်။

သိုင်းကွက်သုံးကွက်မျှ ရှောင်တိမ်းပြီးလျှင်…

“မင်းတိုက်ခိုက်တာကို ရပ်လိုက်ဖို့ကောင်းပြီ… ”

စီးကျင်းမှာ ချာယို့ဖုန်း၏သိုင်းပညာ မခေမှန်းသိလျှင် တိုက်ခိုက်မှုကိုရပ်ကာ နောက်ဆုတ်သွား၏။

ချာယို့ဖုန်းအား အံ့ဩစွာကြည့်ကာ…



“သတ္တိရှိရင် ခင်ဗျားနာမည်ပြောပါ… ”

ချာယို့ဖုန်းက သက်ပြင်းချရင်း…

“ကျုပ်နာမည် ချာယို့ဖုန်းပါ… ”

ချာယို့ဖုန်း ဟူသောအမည်ကိုကြားရလျှင် စီးကျင်း၏ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ယင်းအမည်ကို သူ လုံးဝမကြားဘူးချေ။

သိုင်းလောကတွင် ကျော်ကြားသူမဟုတ်ဟုတွေးမိကာ…

“ခင်ဗျား သိုင်းပညာမဆိုးပါဘူး… ဒါပေမယ့် ကျုပ်မှာလည်း ပညာကျန်ပါသေးတယ်… စမ်းကြည့်ပါဦး… ”

စကားဆုံးသွားသည်နှင့် ချာယို့ဖုန်းထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

ယခုတစ်ကြိမ် သူက ချာယို့ဖုန်းရှောင်တိမ်းနိုင်ခြင်းမရှိစေရန် ပြင်းထန်စွာ တိုက်ခိုက်ခြင်း ဖြစ်သည်။

သို့သော်…

ချာယို့ဖုန်းက အသာအရာရှောင်တိမ်းနိုင်ခဲ့သည်။

တစ်ဆက်တည်းမှာပင်…

စီးကျင်း၏ပခုံးကို ဖမ်းဆုပ်ကိုင်ကာ နောက်ဘက်သို့ လွှင့်စင်သွားစေခဲ့သည်။

“ဝုန်း… ”

အသံတစ်ချက်ထွက်ပေါ်လာပြီး စီးကျင်းမှာ မြေပြင်ပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ဖင်ထိုင်ကျသွား၏။

သူ၏မျက်လုံးများ မယုံကြည်နိုင်လွန်း၍ ပြူးကျယ်သွားသည်။

ခံပြင်းသည့်စိတ်များ တဖွားဖွားပေါ်လာပြီးလျှင်...

"မဆိုင်တဲ့ကိစ္စ ဝင်ရှုပ်ချင်တဲ့လူ... သေပေတော့..."

ကျယ်လောင်စွာ အော်ငေါက်ရင်း ကြမ်းပြင်ပေါ်မှ ခုန်ထလာကာ ဓာရှူးထိုး ခုန်ဝင်တိုက်ခိုက်လိုက်လေတော့၏။

ယခုတစ်ကြိမ် ချာယို့ဖုန်းကို အသေသတ်ရန် ဓားဖြင့်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ချာယို့ဖုန်းက ပေါ့ပါးဖျတ်လတ်စွာ ရှောင်တိမ်းလိုက်၏။

ဓားကွက်သုံးလေးကွက်မျှ ရှောင်တိမ်းပြီးလျှင်...

"မင်းကို သိုင်းကွက်ငါးကွက်အကျောပေးပြီးပြီ... ကျုပ် အဆိုးမဆိုနဲ့တော့..."

စကားဆုံးသွားလျှင် သူ၏လက်တစ်ဖက်က ဓားကိုင်ထားသော စီးကျင်း၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်၏။

"အား..."

စီးကျင်းမှာ နာကျင်လွန်းသဖြင့် မျက်နှာရှုံ့မဲ့သွားပြီး ဓားလွှတ်ချလိုက်ရလေသည်။

ချာယို့ဖုန်းက စီးကျင်း၏လက်ကိုဆွဲကိုင်၍ အပေါ်သို့မြှောက်ကာ တွန်းထုတ်ပစ်လိုက်သည်။

"ဝုန်း..."



စီးကျင်းမှာ အနောက်ဘက်သို့ လွင့်စဉ်ကျသွားပြန်လေသည်။

ယခုတစ်ကြိမ် တော်တော်နှင့်ပြန်ထမလာနိုင်တော့ပါ။

အတန်ကြာမှ စီးကျင်းက မတ်တတ်ရပ်လာနိုင်သည်။

"ကဲ... ကဲ... မင်းတို့ သွားမယ်ဆိုရင် သွားကြပေတော့..."

ချာယို့ဖုန်းက လွှတ်ပေးလျှင် စီးကျင်း အံ့သြသွားလေသည်။

အံကိုတင်းတင်းကြိတ်ကာ...

"ခင်ဗျား ကျုပ်ကိုသတ်မယ်ဆိုရင် အခုသတ်လိုက်ပါ... ကျုပ်ကို မသတ်ရင်တော့ တစ်နေ့ ခင်ဗျားကို ကျုပ်လာသတ်မှာပဲ..."

ချာယို့ဖုန်းက တည်ကြည်သောမျက်နှာထားဖြင့်...

"မင်းသဘောပဲ...ကျုပ်ကတော့ မင်းကို မသတ်ဘဲလွှတ်လိုက်ပါ့မယ်... ဒါပေမယ့် မင်းဆီက ကတိတစ်ခု တောင်းချင်တယ်..."

စီးကျင်းက စိတ်မရှည်စွာဖြင့်...

"ဘာကတိလဲ..."

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

"ကျုပ်တပည့်နဲ့ လုဝမ်းထင်းတို့ကို ဒုက္ခမပေးရဘူး..."

စီးကျင်းမှာ ချာယို့ဖုန်းမှလွဲ၍ ကျင်းအော့လျှံနှင့် လုဝမ်းထင်းတို့ကို အမှုမထားတော့ချေ။

သူက မည်သည့်အချိန်ပင်မဆို အနိုင်ယူနိုင်သည်ဟု ယူဆထားသဖြင့် စိတ်မဝင်စားတော့ခြင်း ဖြစ်သည်။

"ကောင်းပြီ... ခင်ဗျားတပည့်နဲ့ လုဝမ်းထင်း... ကျုပ်ကိုရန်မစ

www.burmeseclassic.com

www.burmeseclassic.com



သမျှ ကျုပ် သူတို့ကို ဒုက္ခမပေးဘူး…”

“မင်းရဲ့ အတိုင်သာ တည်ပါစေ…”

စီးကျင်းကလည်း မပြောတော့ပါ။

ဟန့်မှုကို ပေးမပြီး အခန်းတွင်းမှ ထွက်သွားလေတော့သည်။

စီးကျင်း ထွက်သွားလျှင် ချာယို့ဖုန်းက သက်ပြင်းကိုလေးလေးပင်ပင်ချကာ…

“ဒီလူနဲ့ ရန်စမိတာ မလွယ်ဘူး… သူဟာ တစ်ချိန်ချိန်မှာ ဒုက္ခပေးမှာ သေချာတယ်… သူ့ကို ရန်စမိတဲ့လူဟာ ကျားမြီးဆွဲမိပြီလို့သာ အောက်မေ့ပေတော့…”

ကျင်းအောင်လျှံက အံ့သြသွားပြီး…

“ဒီလူတွေဟာ… တော်တော်ကြောက်စရာကောင်းသလား ဆရာ…”

ချာယို့ဖုန်းက သက်ပြင်းချလိုက်ပြီး…

“အင်း… သူက ဒီလောက်ကြောက်စရာကောင်းတာ မဟုတ်ပါဘူး… ဒါပေမယ့် သူ့နောက်ကွယ်မှာရှိနေတဲ့လူတွေဟာ ကြောက်စရာကောင်းလွန်းတယ်ကွဲ…”

ထိုစကားကြားရလျှင် ကျင်းအောင်လျှံ၏ရင်ထဲ၌ လေးလံလာ၏။

စီးကျင်း၏နောက်ကွယ်တွင် ရှိနေသူများမှာ မည်သူများဖြစ်ကြပါသနည်း။



ချာယို့ဖုန်းက အလေးအနက်ထားကာ ပြောနေသဖြင့် အမှန်ပင်ကြောက်စရာကောင်းသူများ ဖြစ်ပေလိမ့်မည်။ ချာယို့ဖုန်းသည် သိုင်းလောက၌ ကြာမြင့်စွာ ကျင်လည်ခဲ့သူဖြစ်၍ ထိုသူများအကြောင်းကောင်းကောင်းသိရှိပေလိမ့်မည်။

ထိုလူများအား ချာယို့ဖုန်းက ယှဉ်ပြိုင်နိုင်ပါမည်လော။

စီးကျင်းက အခွင့်အရေးရလျှင် ချာယို့ဖုန်းအား ရှင်းပစ်မည်သာ ဖြစ်လေသည်။

ကျင်းအောင်လျှံမှာ ချာယို့ဖုန်း၏ရိုးသားဖြူစင်သောမျက်နှာကို လှမ်းကြည့်လိုက်သည်။

သူ့မှာ၏ဘဝပေးတာဝန်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိမီ ရှုပ်ထွေးလှသော သိုင်းလောကရန်ကြွေး ကွန်ချာအတွင်းသို့ ဆရာတပည့်နှစ်ယောက် ဝင်မိကြပြီ မဟုတ်ပါလား။

ကျင်းအောင်လျှံမှာ မလွဲမရှောင်သာ ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်၍ စီးကျင်းတို့နှင့်ပတ်သက်သည့်အကြောင်းအရာများကို သိချင်လာ၏။

“ဆရာ… သူတို့…”

ချာယို့ဖုန်းက သက်ပြင်းချလိုက်ပြီး ထိုအကြောင်းများကို ပြောကြားလေတော့၏။

“အင်း… သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့သိုင်းသမားငါးယောက်ရှိတယ်… နယ်ခြားလှံရှည်တင်းစန်းဆိုတဲ့လူဟာ မြို့ပိန်နှံတုန်အောင် ကျော်ကြားတယ်… ကျင့်ပေးနယ်မှာ ဝမ်းကြီးဆိုတဲ့လူဟာ

www.burmeseclassic.com



အကျော်ကြားဆုံးပဲ... သူက ကိုယ်ဖျော်ပညာတော်တယ်... မြောက်ပိုင်းမှာ ပင့်ကူချန်းတုက ကျော်ကြားတယ်... နှင်းတောင်အဘိုးအို ကျူးရဲ့နဲ့ ကျန်းလုရယ်လည်း အလွန်ကျော်ကြားတယ်ကွဲ... "

ကျင်းအော့လျှံသည် အလွန်စိတ်ဝင်စားလာ၏။

"ဆရာ... ဒီလူငါးယောက်က ဘယ်မှာရှိကြသလဲဟင်... "

ချာယို့ဖုန်းက ခေါင်းခါယမ်းလိုက်ပြီး...

"သူတို့ ဘယ်မှာရှိတယ်ဆိုတာ အတတ်ပြောလို့မရဘူး... ရှာလည်း မလွယ်ဘူး... သူတို့ဟာ လေလိုပဲ... တရုတ်ပြည်အနှံ့အပြားလျှောက်သွားနေကြတာပဲ... "

ကျင်းအော့လျှံက ဆက်မေးလိုက်သည်။

"သူတို့ရဲ့သတင်းကိုကော မကြားရဘူးလား... "

"နှင်းတောင်အဘိုးအိုကျူးရဲ့ကလွဲလို့... ကျန်တဲ့လူတွေရဲ့သတင်းကိုကြားရပါတယ်... ဒါပေမယ့် ပင့်ကူချန်းတုကလွဲရင် ထူးခြားမှုမရှိပါဘူး... "

ကျင်းအော့လျှံက မျက်မှောင်ကုတ်သွားကာ...

"ပင့်ကူချန်းတုက ဘာဖြစ်လို့လဲ... "

"ပင့်ကူချန်းတုဟာ ရက်စက်ကြမ်းကြုတ်တယ်... အောက်ကျစ်စဉ်းလဲတယ်... ဒါကြောင့် သူကို ဝေးဝေးရှောင်ကြတာများတယ်... အခုမမျှော်လင့်ဘဲ သူ့တပည့်စီးကျင်းကို လာတွေ့ရတယ်... "

ကျင်းအော့လျှံမှာ လုဝမ်းထင်းဘက်လှည့်ကာ...



"ဦး... ဒီလူငါးယောက်ထဲမှာ ဘယ်သူက သိုင်းပညာအတော်ဆုံးလဲ... "

လုဝမ်းထင်းက အနည်းငယ်စဉ်းစားလိုက်ပြီး...

"ဘယ်သူသာတယ်ဆိုတာ မသိနိုင်ဘူး... ဒါပေမယ့် သူတို့ကတော့ ပင့်ကူချန်းတုက အတော်ဆုံးလို့ ဆိုကြတယ်... "

ထိုစဉ် ချာယို့ဖုန်းက...

"ကျင်းအော့လျှံ... "

"ပြောပါ ဆရာ... "

ချာယို့ဖုန်းက ဆက်ပြောလိုက်သည်။

"တို့တွေ ပင့်ကူချန်းတုရဲ့ တပည့်စီးကျင်းနဲ့ ဒီနေ့တွေ့ဆုံပြီးနောက်... သူ့ကို အမြဲတမ်းသတိထားနေရတော့မယ်... "

ကျင်းအော့လျှံက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဟုတ်ကဲ့ ဆရာ... "

လုဝမ်းထင်းက ကြားဖြတ်ပြောလိုက်သည်။

"အမှန်ဆိုရင်... ကျုပ်အတွက်နဲ့ ခင်ဗျားတို့ကို ရန်ငြိုးဖွဲ့ခြင်းခံရတာပါ... ကျုပ်ကြောင့်... "

သူ၏စကားမဆုံးမီ ချာယို့ဖုန်းက လက်ကာပြလိုက်လေသည်။

"ခင်ဗျားမှာ အပြစ်မရှိပါဘူး... ကျုပ်တို့က မတရားတာတွေ့ရင် ဘယ်တော့မှ လက်ပိုက်ကြည့်မနေဘူး... ခင်ဗျား မဟုတ်ဘဲ ဒီပြင်လူဖြစ်နေရင်လည်း ကယ်တင်ရမှာပဲ... "

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်…

ကျင်းအောင့်လျှံက သတိလစ်မေ့မြောနေသော လုဝမ်းထင်း၏ အား လုကျွမ်းယုံနှင့် သိုင်းသမားများကို ပြုစုပေးလေရာ အနည်းငယ် လှုးလွန့်ပြီး လုကျွမ်းယုံ အရင်ဆုံး သတိရလာ၏။

သတိရလျှင်ရခြင်း ကြမ်းပြင်ပေါ်မှ လူးလိမ့်ထ၍…

"မေမေ… "

လုဝမ်းထင်းက ပြုံးရင်း…

"သား… သတိရလာပြီနော်… "

လုကျွမ်းယုံမှာ လုဝမ်းထင်း တစ်စုံတစ်ရာထိခိုက်ခြင်းမရှိသည်ကို တွေ့ရလျှင် အံ့ဩဝမ်းသာသွားသည်။

ချက်ချင်းပင် လုဝမ်းထင်း ရှေ့သို့ပြေးသွားကာ…

"မေမေ ဘာမှမဖြစ်ဘူးနော်… "

လုဝမ်းထင်းက ခေါင်းခါယမ်းလျက်…

"ဘာမှမဖြစ်ပါဘူးကွယ်… ဘာဆိုဘာမှ မဖြစ်ခဲ့ပါဘူးကွယ်"

လုကျွမ်းယုံသည် ချာယို့ဖုန်းနှင့် ကျင်းအောင့်လျှံတို့ကို တွေ့ မြင်သွားသည်။

ထို့ကြောင့် သူက လက်ညှိုးထိုးပြီး မေးလိုက်၏။

"မေမေ… သူတို့… "

"သူတို့က မေမေ့အသက်ကို ကယ်ခဲ့တာလေ… "

သူသည် စီးကျင်းနှင့် ဟန်မုတို့ကို ချာယို့ဖုန်းနှင့် ကျင်းအောင့်



လျှံတို့က မောင်းထုတ်ပစ်လိုက်သည့်အကြောင်းများ ရှင်းလင်းပြောပြ လိုက်သည်။

လုဝမ်းထင်း၏စကားကြားရလျှင် လုကျွမ်းယုံ မျက်လုံးပြူး ကျယ်သွား၏။

ကျင်းအောင့်လျှံကိုလည်း မယုံကြည်နိုင်စွာဖြင့် စိုက်ကြည့်လိုက် မိသည်။

ကျင်းအောင့်လျှံမှာ သူတို့သားအဖအသက်ကို အချိန်မီဝင်ကယ် ခဲ့သည်။

ထို့ကြောင့်…

ချာယို့ဖုန်းနှင့် ကျင်းအောင့်လျှံအား ဦးညွှတ်ဂါရဝပြုရင်း…

"ကျုပ်တို့သားအဖနှစ်ယောက်ရဲ့အသက်ကို ကယ်လိုက်တာ ကျေးဇူးတင်ပါတယ်… ခင်ဗျားတို့ကို ကျုပ်တို့ရဲ့အသက်သခင်ကျေးဇူး ရှင်အဖြစ် တစ်သက်လုံး အသိအမှတ်ပြုသွားပါမယ်… "

လုဝမ်းထင်းနှင့် လုကျွမ်းယုံတို့မှာ ချာယို့ဖုန်းနှင့် ကျင်းအောင့် လျှံတို့ကို ချက်ချင်းထွက်ခွာသွားခွင့်မပြုဘဲ ဆက်၍နေထိုင်ရန် တောင်း ဆိုကြသည်။

ထို့ကြောင့်…

ချာယို့ဖုန်းတို့သည် လုဝမ်းထင်း၏အိမ်တွင် ဆက်၍အနားယူ တည်းခိုနေခဲ့ကြလေတော့သည်။

ငါးရက်ပြည့်မြောက်ပြီးသောအခါ ချာယို့ဖုန်းမှာ ရှေ့ဆက်ရန် လိုအပ်ရှိသေး၍ လုဝမ်းထင်းထံတွင် ခွင့်တောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



လုဝမ်းထင်းက ချာယို့ဖုန်းအား ထွက်ခွာမသွားစေလိုပါချေ။

သို့သော်...

ချာယို့ဖုန်းတွင် ကိစ္စရှိနေသေးသဖြင့် ဆွဲထား၍မဖြစ်မှန်း သဘောပေါက်ကာ ခွင့်ပြုလိုက်ရလေသည်။

ချာယို့ဖုန်းနှင့် ကျင်းအော့လျှံမှာ မြင်းကိုယ်စီဖြင့် လုဝမ်းထင်း၏ အိမ်ဂေဟာမှ ထွက်လာခဲ့ကြသည်။

လုဝမ်းထင်းနှင့် လုကျွမ်းယုံသည် ချာယို့ဖုန်းနှင့် ကျင်းအော့လျှံတို့အား လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

**ပထမပိုင်းပြီး၏။**

BURMESE CLASSIC

www.burmeseclassic.com